
www.burmeseclassic.com



www.burmeseclassic.com

ထုတ်ဝေသူ
ဦးဘုန်းဇော်
အရှေ့ဘက်ကောင်းကင်
စာပေထုတ်လုပ်ဖြန့်ချိရေး
(မြ-၀၀၂၃၉)

ပုံနှိပ်သူ
ဦးသိန်းဦး
မြတ်ရတနာပုံနှိပ်တိုက်
(မြ-၀၉၁၃၁)

အုပ်ရေ - ၁၀၀၀ အုပ်
တန်ဖိုး - ၁၃၀၀ ကျပ်

မျက်နှာဖုံးဒီဇိုင်း
ယမုံစိုး

အတွင်းပန်းချီ
ကေလတ်

ကွန်ပြူတာစာစီ
ဇာနည်ခမ်

မျက်နှာဖုံးဖလင်
EAGLE

အတွင်းဖလင်
ရာဇာမျိုးဝင်း

စာအုပ်ချုပ်
ဇာနည်

ဖြန့်ချိရေး
အရှေ့ဘက်ကောင်းကင်
အမှတ်(၂၈၂)၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၉၇၃၁၇၁၃၈၃၊ ၀၉၄၂၁၀၅၆၃၅၄

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


တာတေ

တစ္ဆေတစ်ရာ မှော်ဝင်မြား ........................ ၅

မင်းဘုန်းသိခ်သူ

ညောင်ပင်တစ္ဆေ ဝေလေလေ .................... ၃၇

နန်းကြော့သျှင်

အစိမ်းနုရောင်ပိုးပဝါ ........................ ၈၂

ကျော်မင်းနိုင်

ကာလီမကျိန်စာ ............................ ၁၀၂


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com





## တစ္ဆေတစ်ရာ မှော်ဝင်ဓား

ဒီတုံးက ကျုပ်ဆရာစိုင်းနွံဖဆီက မျက်ကွင်းဆေးရပြီး ကာစပဲရှိသေးတာဗျ။ ကျုပ်မျက်ကွင်းဆေးစပြီး သုံးတာကိုတော့ ပထမဆုံးစာအုပ်မှာ ရေးခဲ့ပြီးပြီလေဗျာ. . . "ကိုယ်တွေ့မဖဲဝါ" စာအုပ်လေ။

ဆရာစိုင်းနွံဖက သစ်စုန်းပင်နှုတ်ခိုင်းဖို့ ကျုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



မျက်ကွင်းဆေးကွင်းပေးတယ်။ သစ်စုန်းပင်ရလို့အောင်သွားတော့ ကျုပ်ကို အဲ့ဒီမျက်ကွင်းဆေးနဲ့ "ဝ" ကွင်းတဲ့ ဆန္ဒွင်းဖြူဥပေးခဲ့ တယ်။ ဆန္ဒွင်းဖြူဥတော့ ပြန်ဖျက်တာလေဗျာ။ ဒီအကြောင်းတွေ ခင်ဗျားသိပြီးရောပေါ့။

ဒီတုံးက သစ်စုန်းအစီရင်ပြီးလို့ ဆရာစိုင်းနွံဖ ပြန်သွား ကာစပဲရှိသေးတာဗျ။ ကျုပ်မှတ်မိသေးတယ်။ နွေဘက်ကြီးဗျို့။ ဖိနပ်မပါပဲများ သဲပေါ်နင်းလိုက်မိရင် ဆွေ့ဆွေ့ခုန်ရလောက် အောင် ပူတဲ့ရာသီပေါ့ဗျာ။ တမာရိပ်၊ မန်းကျည်းပင်ရိပ်တွေကို ခိုနေရတဲ့ အချိန်ပေါ့ဗျာ။

အဲ့ဒီနေ့က အမေချက်တဲ့ ဝက်သားနဲ့ပုန်းရည်ကြီးဟင်း ကို ထမင်းသုံးပန်းကန်လောက်စားပြီး နဂါးဆေးပေါ့လိပ်ကလေး ဖွာလို့ပေါ့ဗျာ။ ဒီလိုအချိန်များဆိုရင် ဝိုင်းထဲက လူတဖက်သာသာ ရှိတဲ့ မန်းကျည်းပင်ကြီးအောက်က ကွက်ပျစ်ဟာ ကျုပ်အတွက် တော့ လောကစည်းစိမ်ပဲ့ပေါ့ဗျာ။ နဂါးဆေးပေါ့လိပ်ကလေး သုံး၊ လေးဖွာ ဖွာရင်း ကျုပ်သစ်စုန်းပင်နှုတ်ခဲ့တာတွေ၊ မဖဲဝါကြီး လက်ကနေအံ့သက်လုပြီး ပြေးခဲ့ရတာတွေ၊ သစ်စုန်းပင် ဝင်နှုတ် တဲ့ ကျုပ်နောက်ကို ထိုးလိုက်လာတဲ့ မဖဲဝါကြီးကို ဆရာနွံဖက လမ်းကတားထားတာတွေကို ကျုပ်ပြန်တွေးနေတာပေါ့ဗျာ။

ခဏနေတော့ ကျုပ်မျက်လုံးစဉ်းလာပြီဗျ။ အမေချက် ကျွေးတဲ့ ဝက်သားနဲ့ပုန်းရည်ကြီးက အစွမ်းပြလာပြီလေဗျာ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဝါးဘိုးချမ်းလေးပေါ်မှာ ပုဆိုးဟောင်းလေးခေါက်ပြီး ခင်းလိုက်တယ်။ ပြီးတော့ ကျုပ်ကွက်ပျစ်ပေါ်ကို လှဲချလိုက်တယ်။

ဝါးဘိုးချမ်းနဲ့ ခေါင်းနဲ့ ထိရုံရှိသေး၊ ကျုပ်မျက်လုံးတွေက ဖွင့်လို့မရတော့ဘဲ၊ အိပ်ပျော်သွားရောဗျို့။ နေ့ခင်းကြောင်တောင် ပူပူလောင်လောင်ကြီးမှာကို ကျုပ်အိပ်မက် မက်တော့တာဗျို့။ သချိုင်းကုန်းကြီးတစ်ခုထဲကို ကျုပ်ရောက်နေတာဗျ။ ကျုပ်ဆရာနှံ့ဖလည်းပါတယ်။

"တာတေပြေး. . . . ပြေး. . . မဖဲဝါကြီးလိုက်လာပြီ"

"ဗျာ"

ကျုပ်က နောက်ကိုတစ်ချက်လှည့်ကြည့်တယ်။ ဟာ ဟုတ်ပဗျာ အရပ်ကြီးက ဆယ်ပေလောက်ကိုရှိတာဗျို့။ ဆံပင်ဖားလျားကြီးချလို့။ မျက်လုံးကြီး တစ်လုံး၊ တစ်လုံးကလည်း လက်ဘက်ရည်ပန်းကန်လုံးလောက်ရှိတာ နီရဲနေတာပဲဗျာ။ ကျုပ်နောက်ကို ပြေးလိုက်လာတာ။

ကျုပ်လည်း သုတ်ကနဲပြေးတော့တာဗျို့။ နောက်ကို တစ်ချက်မှကို လှည့်မကြည့်တော့ဘူး။ သချိုင်းထွက်ပေါက် ဘက်ကို ကျုပ်ပြေးတော့. . .

"ဟာ"

သချိုင်းထွက်ပေါက်နေရာမှာ ဘာအပေါက်မှမရှိဘူးဗျ။ အပိတ်ကြီးဖြစ်နေတယ်။ ကျုပ် ဂူတွေကြားက ဆက်ပြေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ပြေးနေတဲ့ သချိုင်းကြီးကလည်း အကြီးကြီးဗျာ။ ရှေ့ကို လှမ်းကြည့်လိုက်ရင် မျက်စေ့တဆုံး ဂူဖြူဖြူတွေချည်းပဲဗျ။ ဒီလောက်ကျယ်တဲ့ သချိုင်းကြီးမျိုး ကျုပ်တစ်သက်မှာ တစ်ခါမှကို မတွေ့ဘူးပါဘူးဗျာ။ ကျုပ် ဂူတွေကြားထဲပြေးတာ သချိုင်းကြီးကလည်း မဆုံးနိုင်အောင်ကို ကျယ်နေတော့တာဆိုတော့ ကျုပ်မှာ ပြေးရင်းဟောဟဲလိုက်နေတော့တာပေါ့ဗျာ။ ကျုပ်ခြေထောက်တွေဆိုတာ ကြွလို့တောင်မရချင်တော့ဘူးဗျ။ ဆရာနွံဖကိုလည်း မတွေ့တော့ဘူး။

ဒီတုံးမှာပဲ ကျုပ်ပုခုံးကို မဖဲဝါရဲ့ အေးစက်နေတဲ့ လက်ကြီးက ဖမ်းဆုပ်လိုက်တယ်။

"အောင်မလေးဗျ"

ကျုပ်အသံကုန်ကြီးအော်လိုက်တယ်။ တကိုယ်လုံးလည်း ချွေးတွေရွှဲနေပြီပေါ့။

"ဟော့ကောင်တာတေ၊ ဘာတွေဖြစ်နေတာတုံး"

ကျုပ်လန့်ပြီး မျက်စေ့ဖွင့်ကြည့်လိုက်တယ်။ ကျုပ်ပုခုံးကို ကိုင်ထားတာ မဖဲဝါရဲ့ လက်ကြီးမဟုတ်ဘူးဗျ။ ကိုအောင်သိန်းကြီး။ ဘန့်ဘွေးကုန်းက ကိုအောင်သိမ်းကြီးဗျ။ ဒီလူကလည်း ထွားထွားကြိုင်းကြိုင်းကြီးလေဗျာ။ ကျုပ်ပုခုံးကို ကိုင်ပြီးလှုပ်နိုးနေတဲ့ သူ့လက်ဝါးကြီးကလည်း အကြီးကြီးပဲဗျ။

"ဟင်. . . ကိုကြီးအောင်သိန်း"



www.burmeseclassic.com

www.burmeseclassic.com



"အေး ငါပါကွ တာတေရ။ မင်းဘာဖြစ်နေတာတုံး"

ကျုပ်လည်း ငုတ်တုတ်ထထိုင်လိုက်ပြီး ကြောင်တောင်တောင်ဖြစ်နေတဲ့ ကျုပ်စိတ်ကို ငြိမ်အောင်ထိမ်းလိုက်ရတယ်။

"ကျုပ်အိပ်မက်မက်နေတာဗျ ကိုကြီးအောင်သိန်းရဲ့"

"ဟား၊ ဟား၊ ဟား၊ ဟား နေ့ခင်းကြောင်တောင်ကြီးကွာ တာတေရာ"

ကျုပ်လည်း ကိုကြီးအောင်သိန်းကို ဘာမှပြန်မပြောတော့ဘဲ ရှိုးရှိုးရှိနေလိုက်ရတော့တာပေါ့ဗျာ။ သစ်သားကွက်ပျစ်မှာ ဝင်ထိုင်ချလိုက်တဲ့ ကိုအောင်သိန်းကြီးကို ကျုပ်က နဂါးဆေးလိပ်တစ်လိပ်မီးညှိပြီး ကမ်းပေးလိုက်တယ်။

နေပူကျဲကျဲကြီးထဲက ရောက်လာတဲ့ ကိုအောင်သိန်းကြီးလည်း ကျုပ်ထည့်တဲ့ နဂါးဆေးပေ့ါလိပ်ကလေးကိုဖွာပြီး အမောဖြေတယ်ဗျာ။ ပြီးတော့မှ သူ့ခေါင်းက ဝါးဖတ်ခမောက်ကို ချွတ်ပြီး စီးကျလာတဲ့ ချွေးတွေကို သူ့ပုခုံးပေါ်မှာ တင်ထားတဲ့ ပုဆိုးကြမ်းကလေးနဲ့ ခပ်ကြမ်းကြမ်းသုတ်နေတယ်ဗျ။

"ကိုကြီးအောင်သိန်း၊ နေပူကြီးထဲဘယ်သွားမှာတုံး"

ကျုပ်က ဆေးလိပ်ကလေးဖွာရင်း ကိုအောင်သိန်းကို မေးလိုက်တယ်။ ကိုအောင်သိန်းက ဘန္ဓုဘွေးကုန်းက၊ ဘိုးမင်းဒင်ရဲ့သားဗျ။ ဘိုးမင်းဒင်ဆိုတာ လူထွားကြီးဗျ။ လွှတ်အလုပ်လုပ်ပြီး လွှတ်ရိုးသားတဲ့ လူပေါ့ဗျာ။ ဘိုးမင်းဒင်ရဲ့ မိန်းမကတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်သိန်းကို မွေးပြီး၊ မီးတွင်းမှာတင် ဆုံးသွားတာတဲ့ဗျ။ ကိုအောင်သိန်းက တစ်ဦးတည်းသောသားပေါ့ဗျာ။ ဘိုးမင်းဒင်က နောက်အိမ်ထောင်မပြုတော့၊ အဖေတစ်ခု၊ သားတစ်ခု တွေပေါ့ဗျာ။ ကိုအောင်သိန်းကလည်း သူ့အဖေဘိုးမင်းဒင်ကြီးလိုပဲ ထွားထွားကြိုင်းကြိုင်းကြီးဗျ။ ပြီးတော့ သူ့အဖေလိုပဲ လွတ်ရိုးတဲ့လူကြီးဗျို့။ အိမ်ထောင်ရက်သားလည်း ပြုဘို့တစ်ခါမှကိုတွေးတာမဟုတ်ဘူး။

သားဖနှစ်ယောက်စလုံး အလုပ်ပဲ ကြိုးစားပမ်းစားလုပ်ကြတာ။ ဘန့်ဘွေးကုန်းမှာ သာရေးနာရေးရှိလို့ကတော့ ဘိုးမင်းဒင်တို့သားအဖက ရှေ့ဆုံးကပေါ့ဗျာ၊ လူချစ်၊ လူခင်၊ လွတ်ပေါ်တဲ့သားအဖပါဗျာ။

"ဟကောင်တာတေရ ငါက ဘယ်မှသွားစရာမရှိဘူးကွ။ မင်းဆီကိုလာတာ"

"ကိုကြီးအောင်သိန်းကလည်းဗျာ၊ ညနေ၊ နေစောင်းတော့မှလာရောပေါ့။ ပူလိုက်တဲ့ နေဆိုတာ ဟိန်း၊ ဟိန်းထနေတာဗျ"

"အေးကွတာတေရ။ မင်းပြောတာလည်းဟုတ်တာပဲ။ ဒါပေမဲ့ ကိစ္စကအရေးကြီးနေလို့ နေပူကြီးထဲပဲ ထွက်ခဲ့ရတာကွ"

"ဘယ်လိုဗျ ကိုကြီးအောင်သိန်းရဲ့၊ ဘာတွေအရေးကြီးလို့တုံး"



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်သိန်းကြီးက နဂါးဆေးပေါ့လိပ်ကို ဆက်တိုက် ဖွာနေသေးတာဗျ။ ပြီးတော့မှ. . .

"ဒီလိုကွ တာတေရ၊ ငါ့အဘငယ်ငယ်က မြို့ကျောင်း သွားတက်ဖူးတယ်။ အဲ့ဒီမှာ အဘနဲ့တော်တော်ခင်တဲ့ သူငယ်ချင်း တစ်ယောက်ရှိခဲ့ဖူးတယ်ကွ။ အဘကတော့ သူ့ကို ကိုညိုလို့ခေါ် တာပဲ။ အသက်ခြောက်ဆယ်လောက်ရှိပြီကွ။ အဲ့ဒီ ကိုညိုဆိုတဲ့ ဘိုးတော် အခုငါတို့အိမ်ကိုရောက်နေတယ်ကွ"

"ဗျာ အဲ့ဒီဘိုးတော်ကို ကျုပ်က လိုက်ပြီးညွှန်ပေးရမှာ လား ကိုကြီးအောင်သိန်းရဲ့"

"ဟာ-မဟုတ်တာကွာ။ အဲ့ဒီဘိုးတော်ဟ အဘ သူငယ် ချင်းပဲ၊ အဘညွှန်ခံမှာပေါ့ကွ"

"နို့ ကိုကြီးအောင်သိန်း ကျုပ်ဆီလာတာ ဒီအကြောင်း လာပြောတာလား"

"အေး ဟုတ်တယ်တာတေ"

"ဟာဗျာ ကိုကြီးအောင်သိန်းကလည်း ခင်ဗျားတို့အိမ်ကို ညွှန်သည်လာတာပဲဟာ၊ နေပူကြီးထဲလာပြောစရာလိုလို့လားဗျာ"

"ဟကောင်တာတေရ ညွှန်သည်လာတာကို ငါက နေပူ ကြီးထဲလာပြောမလားကွ။ ကိစ္စရှိလို့လာတာပေါ့ကွာ"

"ဟင် ဘာကိစ္စတုံးဗျ ကိုကြီးအောင်သိန်းရဲ့"

"အဲ့ဒီဘိုးတော် ဦးညိုဆိုတာက ငါ့အဘနဲ့မတွေ့တာ



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကိုကြာနေကြပြီကွ။ အခု ငါတို့ရွာကို မေးစမ်းပြီး ရောက်လာတော့ ငါ့အဘမှာ မနည်းကိုရုပ်ဖမ်းယူရတာ ဦးညိုကလည်း ငါ့အဘကို ဒီလိုပဲကွ။ မနည်းရုပ်ဖမ်းယူရတာ။ နောက်တော့ သူတို့သူငယ်ချင်းနှစ်ယောက်၊ တစ်ယောက်နဲ့တစ်ယောက် မှတ်မိသွားပြီး ဝမ်းသာလိုက်ကြတာကွာ ငါတောင်သူတို့အစား တော်တော်ပျော်သွားတယ်ကွ"

ကိုကြီးအောင်သိန်းပြောနေတာတွေကို ကျုပ်ဖြင့်အခုထိကို နားမရှင်းသေးဘူးဗျ။ အခုထိသူ ကျုပ်ဆီကိုလာတဲ့ ကိစ္စက ပါမလာသေးဘူးလေ။ ကျုပ်လည်း သူပြောတာကို ဆက်ပြီးနားထောင်ရတော့တာပေါ့ဗျာ။

"အေး၊ အခုလို ပြန်တွေ့တော့မှ အဘရဲ့သူငယ်ချင်း ဦးညိုက ဆရာတစ်ယောက်ဖြစ်နေတာကို အဘက သိတာကွ"

"ဟင် ဟုတ်လား၊ ဘာဆရာတုံးဗျ"

"အထက်လမ်းဆရာကြီးကွ တာတေရ။ တောတွေတောင်တွေထဲမှာ လှည့်လည်သွားပြီး အထက်လမ်းကျင့်စဉ်တွေကို အားထုတ်နေတာဆိုပဲကွ"

"နို့ ဒီဆရာမှာ အိမ်ထောင်တွေ၊ ဘာတွေ မရှိဘူးလားဗျ ကိုကြီးအောင်သိန်းရ"

"ဟာ မရှိဘူးကွ။ အိမ်ထောင်တစ်ခါမှ မပြုဘူးဖူးတဲ့ကွ။ အသက်နှစ်ဆယ်လောက်ကတည်းက အထက်လမ်းကိုလိုက်စား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာတဲ့ကွ။"

"လူပုံပန်းကရော ဘယ်လိုနေတုံးဗျ"

"ဟာ တာတေရဲ့ ဦးညိုသာဆိုတယ်။ အသားတွေက ဖြူပြီးနုနေတာကွ။ မျက်လုံးတွေကလည်း ကြည်ပြီးတောက်နေတာကွ။ စားတော့လည်း သတ်သတ်လွတ်ပဲစားတာကွ။ ထိုင်နေလည်း အလကားနေတာမဟုတ်ဘူးကွ။ ပုတီးတစ်ကုံးကို လက်ကကိုင်ပြီး ပုတီးအမြဲစိတ်နေတာကွ"

"ဒီ့ ဒီဆရာလား၊ ဘိုးမင်းခင်ဆီကို အလည်လာတာလားဗျ"

"ဟာ မဟုတ်ဘူးကွ။ သူ့ကိစ္စနဲ့သူလာတာ"

"ဟင် ဘာကိစ္စများတုံး ကိုကြီးအောင်သိန်းရဲ့"

"ဒီလိုတဲ့ကွ တာတေရ၊ ဆရာညိုက အင်မတန်မှကို လျှို့ဝှက်နက်နဲတဲ့ အစီအရင်တစ်ခုကို စီရင်နေတာတဲ့ဟေ့"

"ဟင် ဟုတ်လား ဘာအစီအရင်တုံးဗျ။ ကိုကြီးအောင်သိန်းရ"

"ဆရာညိုရဲ့ အစီအရင်က 'တစ္ဆေတစ်ရာမှော်ဝင်မား' တဲ့ကွ တာတေရ"

"ဗျာ၊ တစ္ဆေတစ်ရာ မှော်ဝင်မား ဟုတ်လားဗျ။ ကျုပ်ဖြင့်ကြားတောင်မကြားဖူးပါဘူးဗျာ"

"အေး ဟုတ်တယ်ကွ။ ဆရာညိုစီရင်တဲ့ အဲ့ဒီအစီအရင်



www.burmeseclassic.com

www.burmeseclassic.com



က အားလုံးအောင်လာခဲ့ပြီတဲ့ကွ။ အခုနောက်ဆုံးစီရင်ရမဲ့ အဆင့်ကိုရောက်ပြီတဲ့ တာတေရ"

"ဟာ ဟုတ်လားဗျ။ နို့နေပါဦး ကိုကြီးအောင်သိန်းရဲ့ မားက ဘယ်လိုမားမျိုးတုံး"

"အေး၊ ဟိုတစ်နေ့က အဘကို ထုတ်ပြလို့ ငါလည်း တွေ့လိုက်တယ်ကွ။ မားကတော့ ငှက်ကြီးတောင်ပုံပဲကွ။ ဒါပေမဲ့ အရှည်ကတော့ နှစ်ပေလောက်ပဲ ရှိတယ်ကွ။ ဖျက်က တစ်လက်မလောက်ပဲရှိတယ်။ မားရိုးကတော့ အကျအနကို လုပ်ထားတာပဲ။ ကနုတ်တွေသွင်းပြီး၊ ကျောက်နီတွေမြှုတ်လို့ကွ တာတေရ။ မားအိမ်ကလည်း ကနုတ်တွေနဲ့ ကျောက်နီတွေမြှုတ်လို့ပဲ။ မားအိမ်ရော၊ မားရိုးရော၊ ရွှေပိန်းချထားတာ မောင်ရေ"

"ဟာ တယ်ဟုတ်ပါလားဗျ။ နို့ ဒီမားက ဘာသုံးဖို့လဲ ကိုကြီးအောင်သိန်းရဲ့"

"ဆရာညိုအပြောအရတော့ ဒီမားက စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေ၊ သရဲ၊ မြေဘုတ်ဘီလူး၊ ပူးချင်ရာပူး၊ ကပ်ချင်ရာကပ်၊ မားအိမ်ထဲကနေ မားကိုတစ်ထွာ၊ တစ်မိုက်၊ ဆွဲထုတ်လိုက်တာနဲ့ကို အားလုံးပြေးပြေးဝပ်ကြရတယ်ဆိုပဲကွ"

"ဟာ- တယ်စွမ်းတဲ့ အစီအရင်ပါလားဗျ"

"အေး၊ အဲ့ဒါ မနက်ဖြန်ညမှာ နက္ခတ်ကောင်းလို့ စီရင်ဖို့ရောက်လာတာတဲ့ကွ။ စီရင်မှာကတော့ ငါတို့ ဘန့်ဘွေးကုန်း



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းထဲမှာကွ။ နေရာတွေ ဘာတွေ အားလုံးရွေးပြီးပြီ။ ကန်တော့ပွဲက တစ်ရာတိတိပြင်ရမှာတဲ့ဟေ့"

"ဟာ- ပွဲတစ်ရာဟုတ်လား။ များလှချေလားဗျ"

"ဟ တာတေရဲ့ သူ့အစီအရင်က တစ္ဆေတစ်ရာမှော်လေကွာ။ ကန်တော့ပွဲတစ်ရာ ပြင်ရတာပေါ့"

"ပွဲပြင်တာတော့ ဟုတ်ပါပြီဗျာ။ ပွဲထိုးဘို့ ဇလုံတွေဘာတွေက အလုံးတစ်ရာပြည့်အောင်ရပ့ါမလား ကိုကြီးအောင်သိန်းရဲ့"

"ဟာ တာတေ့နှယ်၊ ဘယ်လာပြီး ဇလုံတစ်ရာရှာလို့ရမတုံးကွ။ ဝါးတောင်းလေးတွေဝယ်ရတာပေါ့ကွ။ အားလုံးစုံနေပြီတာတေရေ။ ဝါးတောင်း တစ်ရာ၊ ငှက်ပျောဖီးနှစ်ရာ အုန်းသီးအလုံးတစ်ရာ၊ အားလုံး ငါတို့ဝိုင်းထဲမှာ ပုံလို့ဗျာ"

"ဟာ ဒါတွေဘယ်လိုလုပ်ရှာလိုက်တာတုံးဗျ"

"ဆရာညိုရဲ့ တပည့်တွေလှည်းတွေနဲ့ရောက်လာပြီး ပို့သွားတာပဲကွ။ ဘယ်လိုရှာလာတာလဲတော့ ငါလည်းမသိဘူးကွ"

"အော် ဒီလိုကိုး။ နို့နေပါဦး ကိုကြီးအောင်သိန်းရဲ့ အခုကျုပ်ဆီကို လာတာက ဘာကိစ္စများတုံးဗျ"

"ဒီလိုတာတေရေ ဒီအစီအရင်အောင်ဖို့ သတ္တိကောင်းတဲ့ စနေသားတစ်ယောက် ကူညီမှဖြစ်မှာတဲ့ကွ။ ဒါကြောင့်အခုနဲ့ငါနဲ့က မင်းကိုပဲ ချက်ချင်းသတိရတာပေါ့ကွာ။ မင်းက ဆရာ



www.burmeseclassic.com

www.burmeseclassic.com



သမားတွေနဲ့လည်း လိုက်ဖူးသွားဖူးတဲ့အတွေ့အကြုံရှိတာမို့လား။ ဒီကိစ္စမင်းပဲ ကူညီနိုင်မှာပေါ့ကွာ။ ပြီးတော့ အဲ့ဒီစနေသားက သတ္တိတော်တော်ရှိဖို့လိုတယ်လို့ ဆရာညိုက ပြောတယ်ကွ"

"အော်- ဒါကြောင့်၊ ကျုပ်ဆီကို ကိုကြီးအောင်သိန်း ရောက်လာတာပေါ့ ဟုတ်လား"

"အေးလေကွာ၊ တာတေရာ"

"ဒီအစီအရင်ကို ကျုပ်လည်း တော်တော်တော့ စိတ်ဝင်စားသားဗျ"

ပြောရင်းနဲ့ ကျုပ်ကစဉ်းစားတယ်။

ဆရာနွံဖနဲ့ သစ်စုန်းပင်လိုက်နှုတ်ပြီးကတည်းက ကျုပ်လည်း ငြိမ်နေတာဆိုတော့ အခုပေါ်လာတဲ့ကိစ္စကို ကျုပ်တော်တော်ကို စိတ်ဝင်စားသွားတာဗျ။

"ကဲ- ကိုကြီးအောင်သိန်း၊ စိတ်ချပြီးပြန်ဗျာ။ မနက်ဖြန်မနက်စာစားပြီးတာနဲ့ ကျုပ်လာခဲ့မယ်"

"ဟာ တာတေကလည်းကွာ။ ဘယ်နှယ့် ထမင်းစားပြီးလာမှာတုံးကွ။ ဟိုရောက်မှ ထမင်းစားလေ။ ငါတို့အိမ်က အားနာရမဲ့ အိမ်မို့လို့လား မင်းထမင်းစားလာရင် မင်းဘိုးမင်းဒင်ကြီးက မင်းကို ငေါက်လိမ့်မပေါ့တာတေရ"

ဟုတ်တော့ ဟုတ်တယ်ဗျ။ ကိုကြီးအောင်သိန်းရဲ့ အဘဘိုးမင်းဒင်ကြီးက ကျုပ်ဆိုရင် လွှတ်ခင်တာဗျ။ ကျုပ်အဘနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘိုးမင်းဒင်ကလည်း ငယ်ပေါင်းတွေလေဗျာ။

"ကဲဗျာ၊ ကျုပ် ကိုကြီးအောင်သိန်းတို့ အိမ်ရောက်မှပဲ မနက်စာ စားမယ်ဗျာ"

"အေး- အဲ့ဒီလိုလုပ်စမ်းပါတာတေရာ"

ကျုပ်လာမယ်ဆိုတော့ ကိုကြီးအောင်သိန်းက စိတ်အေးသွားရောဗျ။ ကျုပ်နဲ့ထိုင်ပြီးထွေရာလေးပါး ပြောကြဆိုကြတာပေါ့ဗျ။

အိမ်ပေါ်ကဆင်းလာတဲ့ ကျုပ်အဘက ဝိုင်းထဲက ကျုပ်တို့စကားပြောတဲ့ အသံတွေကြားလို့လာကြည့်တယ်ဗျ။ မျက်စေ့မှုန်နေတဲ့ အဘက မျက်စေ့အပေါ်ကနေ လက်ဝါးလေးကာပြီး ကိုကြီးအောင်သိန်းကို ကြည့်သဗျ။

"ဘိုးညက် ကျုပ်ကို မမှတ်မိဘူးထင်တယ်။ ကျုပ် ဘန့်ဘွေးကုန်းက အောင်သိန်းလေဘိုးရဲ့။ ဦးမင်းဒင်သားလေ"

"ဟာ အောင်သိန်းလား။ မင်းအဘမင်းဒင်ရော နေကောင်းရဲ့လားကွ"

"ကောင်းတယ်၊ ဘိုးညက်၊ ကောင်းတယ်။ အဘကမှာလိုက်တယ် ဘိုးညက်တို့ အရီးတို့ကို သတိရကြောင်းပြောလိုက်ပါတဲ့ဗျ"

"အေး၊ အေး၊ ငါလည်း ခုတလော မင်းဒင်ကြီးကို သတိရနေတာကွ။ နေကပြင်းလွန်းလို့ကွအောင်သိန်းရဲ။ ဘိုးက ဘန့်ဘွေး



www.burmeseclassic.com

www.burmeseclassic.com



ကုန်းကိုလာပြီး လည်ချင်နေတာ ပြောလိုက်ပါကွာ။ ဘိုးလာလည်ဦးမယ်လို့ မင်းအဘပြောလိုက်ကြားလား"

"ဟုတ်ကဲ့၊ ဘိုး၊ ကျုပ်ပြောလိုက်ပါ့မယ်"

"အေး၊ အေး၊ ကဲ မင်းတို့စကားပြောကြဦး ဘိုး ဝိုင်းနောက်ဘက် ခဏသွားလိုက်ဦးမယ်"

အဲ့ဒီနေ့က ကိုအောင်သိန်းကြီး ညနေစောင်းမှပြန်သွားတာဗျ။ နောက်နေ့ရောက်တော့၊ ကျုပ်လည်းဆရာနွံ့ဖပေးခဲ့တဲ့ မျက်ကွင်းဆေးလေးကို ကတ္တီပါအိတ်ရှူလေးနဲ့ထည့်ပြီး ဘန့်ဘွေးကုန်းကို ထွက်လာခဲ့တယ်။

ဘိုးမင်းဒင်တို့ ဝိုင်းရောက်တော့ ကိုရင်တွေ ဆွမ်းခံတုံးရှိသေးတာဗျ။

"ဟာ တာတေ၊ လာကွာ။ မင်းလာမှလာပါ့မလားလို့ ဘိုးက စိတ်ပူနေတာ။ လာ၊ လာ၊ တာတေ အိမ်ပေါ်တန်းတက်ခဲ့"

ကျုပ်ကား လှေကားကြီးကနေ အိမ်ပေါ်ကို တန်းတက်ခဲ့ရောဗျ။ ဘိုးမင်းဒင်တို့ ဝိုင်းထဲမှာတော့ ငှက်ပျောသီးတွေ၊ အုန်းသီးတွေကို ရေဆေးတဲ့သူကဆေး၊ ကွမ်းယာ ယာတဲ့သူကယာ၊ ဝါးတောင်းလေးတွေအဆင်သင့်လုပ်တဲ့သူကလုပ်လို့ဗျ။ ရွာထဲက လူတစ်ချို့လာပြီး လုပ်ကိုင်ပေးနေကြတာဗျ။ အလှူတစ်ခုလုပ်ဖို့ ပြင်နေသလား မှတ်ရတယ်။

ကျုပ် အိမ်ပေါ်ရောက်တော့ ဘိုးမင်းဒင်က ခါးပြော



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဗျ။

"မင်းကိုကြီးအောင်သိန်း ခုဏလေးတင် ရွာနောက်ပိုင်း သွားတယ်ကွ။ တင်အောင်တို့ ကာလသားတွေထဲက သုံးလေးယောက်သွားခေါ်တယ်။ သချိုင်းထဲမှာ လိုတာတွေပြင်ဆင်ဖို့လေ အခုပဲပြန်လာမှာပါ။ မင်းရောက်လာရင် သေသေချာချာညှော်ခံဖို့ မှာသွားသေးဗျာ"

"ဟာ ဘိုးရာ၊ ကျုပ်ကညှော်သည်မှမဟုတ်တာဗျာ။ ညှော်မခံရပါဘူး"

ကျုပ်က အိမ်ကြီးထဲကို မသိမသာ အကဲခတ်လိုက်တယ်။ ဘုရားစင်ရှေ့မှာ တင်ပလ္လင်ခွေပြီး ထိုင်နေတဲ့ အပေါ်အညို အောက်အညိုဝတ်ထားတဲ့ လူတစ်ယောက်က ကျုပ်ကို စိုက်ကြည့်ပြီး ပြုံးနေတယ်ဗျ။ ပြီးတော့ ကျုပ်ကိုခြေဆုံးခေါင်းဆုံးကြည့်တယ်။ ကျုပ်ကလည်း သူ့ကို မသိမသာအကဲခတ်တာပါပဲဗျာ။

အသားဖြူဖြူ လူရည်သန့်သန့် ခပ်ပိန်ပိန်ပါးပါးပါပဲ။ မျက်လုံးတွေကတော့ ကြည်လင်ပြီး၊ တောက်နေတာဗျို့၊ ခေါင်းမှာတော့ သျှောင်တစ်စောင်းထုံးထားတယ်။

ဆရာညိုဆိုတာ ဒီပုဂ္ဂိုလ်ပဲပေါ့ဗျာ။ ဆရာညိုကပြုံးပြီး ကျုပ်ကိုကြည့်တယ်။

"မောင်တာတေဆိုတော့ ကျုပ်စိတ်ကထင်တာ အသက်အစိတ်၊ သုံးဆယ်လောက်ရှိမယ်ထင်တာ ကိုမင်းဒင်ရဲ့ လင်္ခြင်း



www.burmeseclassic.com

www.burmeseclassic.com



သတ်တော့ အသက်ဆယ့်သုံးလေးနှစ် သားလေးပါလား။ အင်း လူသာငယ်တာဗျ။ သတ္တိကတော့ မငယ်လှဘူးထင်တယ်။ ပြီး တော့ ဒီသူငယ်ဟာ ပါရမီအလွန်ကောင်းပေတာပဲ ကိုမင်းဒင်ရေ"

ကျုပ်က ဘုရားကိုဦးတိုက်တယ်။ ပြီးတော့ ဆရာညိုကို ဦးတိုက်လိုက်တယ်။

"သာဓု၊ သာဓု၊ သာဓု မောင်တာတေ။ အခုလို လာပြီး ဆရာ့ကို ကူညီတာ ဝမ်းသာလှသကွယ်။ ဒါပေမဲ့ ဒီညဲ့လုပ်မဲ့ အစီ အရင်က တော်ရုံသတ္တိနဲ့ မရဘူးကွဲ့မောင်တာတေရဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အေး၊ အေး ဒီအစီအရင်ကို တစ္ဆေတစ်ရာအစီအရင် လို့ခေါ်သကွဲ့။ တစ္ဆေအကောင်တစ်ရာကို ကျုပ်ကကန်တော့ပွဲ ပေးပြီး ခေါ်လိုက်မှာ တစ္ဆေတွေအားလုံးရောက်လာမှာကွဲ့။ ရောက်လာတဲ့ တစ္ဆေတွေထဲမှာ ခပ်ဆိုးဆိုးအကောင်ကြီးတွေ လည်းပါလာလိမ့်မယ်။ ဒီအချိန်မှာ မောင်တာတေက မြေကျင်းထဲ မှာ ရောက်နေလိမ့်မယ်"

"ဗျာ၊ ကျုပ်က မြေကျင်းထဲမှာ ဟုတ်လားဆရာကြီး"

"ဟုတ်တယ် မောင်တာတေ။ မြေကျင်းကို မောင်တာတေ ရဲ့ အရပ်နဲ့တိုင်းပြီးတူးရမှာ မောင်တာတေရဲ့ တကိုယ်လုံးက ကျင်း ထဲမှာ မက်တပ်ရပ်ပြီး မြေမြှုပ်ခံထားရမှာ ခေါင်းလေးပဲ မြေပေါ် မှာ ပေါ်နေမှာ ဟောဒီဓားကို မောင်တာတေက ပါးစပ်နဲ့ ကိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘားရမယ်။ အသွားက အပြင်ဘက်မှာပေါ့"

ပြောပြောဆိုဆို ဘုရားစင်အောက်မှာ ထောင်ထားတဲ့ မားကို ဆရာညိုက လက်ညှိုးထိုးပြတယ်။ မနေ့က ကိုအောင်သိန်း ပြောသွားတဲ့မားပဲလို့ ကျုပ်စိတ်ထဲက တွေးလိုက်တယ်။

"ရောက်လာတဲ့ တစ္ဆေတွေက မောင်တာတေရဲ့ ပါးစပ်ထဲက ဒီမားကို ဝင်လုဘို့ကြိုးစားကြလိမ့်မယ်။ ဒါပေမဲ့ မပူနဲ့ကွဲ့။ သူတို့ ခြောက်ရုံပဲ ခြောက်နိုင်တာ။ တကယ်မလုနိုင်ဘူး။ အေး ဒါပေမဲ့ တစ်ခုတော့ ရှိသကွဲ့။ မောင်တာတေက ကြောက်လန့်သွားပြီး။ ဒီမားပါးစပ်က ပြုတ်ကြသွားရင်တော့ လုယူသွားလို့ရတယ်၊ ပါးစပ်မှာ ပြုတ်မကျဘဲ ကိုက်ထားသရွေ့တော့ ဘယ်တစ္ဆေမှ ဝင်မလုနိုင်ဘူးကွဲ့"

"ဟုတ်၊ ဟုတ်ကဲ့၊ ကျုပ်တစ်ခုမေးပါရစေဆရာကြီး"

"မေးပါ မောင်တာတေ၊ မေးပါ"

"ကျုပ်က ဒီမားကိုပါးစပ်မှာအကြာကြီးကိုက်ထားလို့ဖြစ်ပါ့မလား ဆရာကြီး၊ ပါးစပ်ညောင်းပြီး ပြုတ်ကျသွားရင် တစ္ဆေတွေ ယူသွားမှာလားလို့ပါ"

"ဟား၊ ဟား၊ ဟား၊ မောင်တာတေတွေးတာ မှန်လိုက်တာကွယ်။ ဒီအတွက်မပူနဲ့ကွဲ့။ တစ္ဆေအကောင်တစ်ရာဝင်လုမှာ အကြာကြီးမဟုတ်ဘူးကွဲ့။ ရိပ်ကနဲ ရိပ်ကနဲ ဝင်လာမှာ အများဆုံးကြာမှ ဆယ်မိနစ်လောက်ပဲကွဲ့။ ပါးစပ်ညောင်းပြီး မားပြုတ်



www.burmeseclassic.com

www.burmeseclassic.com



ကျမှာမစိုးရိမ်ရပါဘူး။ အေး မောင်တာတေ ဒီကောင်တွေကို သာ ကြောက်သွားပြီး ပြုတ်မကျဖို့လိုတာကွဲ့"

"ဒီအတွက်တော့ စိတ်ချပါဆရာကြီး၊ ကျုပ်မကြောက်ပါ ဘူး"

"အေး၊ ဒါဆိုရင် နေရာကျပြီပေါ့ကွယ်"

"ဟို ဆရာကြီး အစီအရင်ပြီးရင် ကျုပ်ကိုမြေကြီးထဲက ပြန်ဆွဲထုတ်ပေးမှာပေါ့နော်"

"ဟာ မဟုတ်ဘူး မောင်တာတေရဲ့ ဆရာကြီးပြောဖို့ ကျန်သွားလို့ပါ။ အစီအရင်အောင်တာနဲ့ တပြိုင်နက်တည်း မောင် တာတေက မြေကျင်းထဲကနေ အလိုလို ကျွတ်ထွက်လာမှာကွဲ့"

"ဟာ ဟုတ်လား ဆရာကြီး။ တယ်လဲ ထူးဆန်းပါလား ဗျာ"

"ဟာ တာတေတောင်ရောက်နေမှကိုး။ ငါက တင်အောင် တို့လူစုကို သွားခေါ်နေလို့ကွ"

ကိုအောင်သိန်းကြီးက အိမ်ပေါ်တက်လာရင်း ကျုပ်ကို နှုတ်ဆက်ပြော ပြောတယ်။

"တွေ့လား၊ တင်အောင်တို့အုပ်စု"

ဘိုးမင်းခင်က ကိုအောင်သိန်းကြီးကို လှမ်းမေးတယ်။

"တွေ့တယ် အဘ၊ တွေ့တယ်။ ကျုပ်မှာထားခဲ့ပြီ ညနေ လေးနာရီ ဒီရောက်လာကြလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အော်- မြေကျင်းတူးမယ့် သူငယ်တွေလားကွဲ့"

ဆရာညိုက ကိုအောင်သိန်းကို လှမ်းမေးတယ်။

"ဟုတ်တယ်ဆရာကြီး၊ ကျုပ် အားလုံးစီစဉ်ခဲ့ပြီးပါပြီ"

"အော်-သာဓုကွယ်၊ သာဓု- ကဲ၊ ဒါဆိုရင် မောင်အောင်သိန်းကပဲ မောင်တာတေကို အရပ်တိုင်းပေတော့။ ပုခုံးအထိပဲ တိုင်းရမှာနော်။ ရော့၊ ရော့ ဆရာကြီးဆီမှာ ပေကြိုးလာယူ"

ကိုအောင်သိန်းကြီးက ကျုပ်ကိုမတ်တပ်ရပ်ခိုင်းပြီး ပေးကြိုးနဲ့ တိုင်းတယ်။ အော် ကျုပ်ကို အရှင်လတ်လတ် မြေမြှုပ်ကြတော့မှာကိုးလို့ တွေးလိုက်မိပြီး ကျောထဲမှာ စိမ့်ကနဲ စိမ့်ကနဲဖြစ်သွားရောဗျာ။

"ငါးပေအတိပဲ ဆရာကြီး"

"အေး၊ အေး ကျင်းတူးပေးမဲ့ သူငယ်တွေကို အနက် ငါးပေရှိတဲ့ ကျင်းတူးဖို့ ပြောပါ မောင်အောင်သိန်း"

"ဟုတ်ကဲ့ဆရာကြီး၊ စိတ်ချပါ"

ကိုအောင်သိန်းကြီးက ဆရာညိုကို ရိုရိုသေသေပြန်ပြောတာဗျ။ ဟုတ်လည်း ဟုတ်ပါတယ်။ ဆရာညိုဆိုတဲ့ ပုဂ္ဂိုလ်က ဥပဓိရုပ်ရော၊ အပြောအဆိုအနေအထိုင်ရော တော်တော်ကို ကြည်ညိုစရာကောင်းတာပါဗျာ။ အမှန်အတိုင်းပြောရရင် ဆရာညိုကို တွေ့တွေ့ချင်းမှာပဲ ကျုပ်ကြည်ညိုမိတာဗျ။

"ဒီလိုကွဲ့ မောင်တာတေရဲ့ ဒီညစီရင်မယ့်မှော်ဝင်ဓားဟာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့သေးသေးတော့မဟုတ်ဘူးကွဲ့။ အထံင်ကရ သချိုင်းကြီးကိုးခုက၊ သံတွေနဲ့စီရင်ရတာကွဲ့။ စီရင်တဲ့အခါမှာလည်း တော်တော်ကို အချိန်ယူရတာပါကွယ်။ ပန်းပဲဆရာတိုင်း၊ ကိုးသချိုင်းဓား မစီရင်တတ်ဘူးကွဲ့။ ပီးပြင်းပြင်းဖုတ်ပြီးထုလိုက်၊ ကြက်သွေးပုံထဲ ထိုးထားလိုက်၊ ပြန်ဖုတ်လိုက် ပြန်ထုလိုက်၊ ကြက်သွေးထဲနှစ်ထား လိုက်နဲ့ နှစ်ချီပြီးစီရင်ရတာ။ ဒီတော့မှ သံမဏိဖြစ်လာပြီး စောစော က မောင်တာတေမြင်လိုက်တဲ့ ဓားက ဖွေးလက်နေတော့တာကွဲ့"

"ဟာ ဟုတ်လားဆရာကြီး၊ ကျုပ်က ဓားကို အပြင်က မြင်ရတာဆိုတော့ ဖွေးနေမှန်းမသိဘူး"

"အော် ညရောက်တော့ မောင်တာတေ တွေ့ရမှာပါလေ။ တွေ့ရုံမဟုတ်ဘူး ပါးစပ်မှာတောင် ကိုက်ရဦးမှာပဲ။ အင်း ဒီလိုကွဲ့ မောင်တာတေ ကြားဘူးလားတော့ မသိဘူး။ တစ်ချို့ဓားတွေဟာ မကောင်းဆိုးဝါး စီးနေတတ်တယ်ကွဲ့။ အဲ့ဒီအခါမျိုးမှာ ဓားက လူသတ်တာတို့အလိုလိုနေရင်း သွေးတွေစီးကျလာတာတို့ ဖြစ် တတ်တယ်"

"ဗျာ ဓားက အလိုလိုလူသတ်နိုင်သလား ဆရာကြီး"

"ဟာ သူ့အလိုလိုတော့ ဘယ်သတ်နိုင်မှာတုံး မောင် တာတေရဲ့၊ သူ့အနီးအနားမှာရှိတဲ့ လူတစ်ယောက်ရဲ့ စိတ်ကို ဝင်ပူးပြီး၊ ဒီဓားနဲ့ သတ်တာပေါ့။ သတ်မိတဲ့လူက ဘာမှကိုမသိပဲ လူသတ်တော့တာပေါ့ကွယ်။ အဲ့ဒီလို သတ်ရင်လည်း သာမန်



www.burmeseclassic.com

www.burmeseclassic.com



သတ်တာမဟုတ်ဘူးကွဲ့။ အချက် နှစ်ဆယ်၊ သုံးဆယ် ခုတ်တာ၊ ဓားမြှောင်ဆိုရင်လည်း အချက်နှစ်ဆယ်၊ သုံးဆယ် ထိုးတာပေါ့ကွယ်"

"အော်- ဖြစ်မှဖြစ်ရလေဗျာ"

"အေး- အဲ့ဒီလို မကောင်းဆိုးဝါးစီးနေတဲ့ ဓားလက်နက်တွေကို အခုစီရင်မယ့် မှော်ဝင်ဓားနဲ့ ချင်ကနဲမြည်အောင် ခုတ်လိုက်ရုံနဲ့ ကပ်နေတဲ့ မကောင်းဆိုးဝါးပြေးရောကွဲ့။ အဲ့ဒီလောက်စွမ်းတာ"

"ဟာ တော်တော်ကို စွမ်းတာပဲကိုး"

"ဘယ်လောက်ပဲ ဆရာကို ကလန်ကဆန်လုပ်နေတဲ့ အမှောင့်ပယောဂပဲ ဖြစ်ပါစေကွယ်။ ဒီမှော်ဝင်ဓားနဲ့ ခေါင်းပေါ် ကျော်ပြီး ယမ်းလိုက်တာနဲ့ ပြားပြားကိုမှောက်တော့တာ"

"ဟာ တော်တော်ကို စွမ်းတာပါလား၊ ဆရာကြီးရယ်"

"အင်းတစ်ခုတော့ ရှိတာပေါ့ကွယ်။ ဒီမှော်ဝင်ဓားကို အောက်လမ်းဆရာတွေလက်ထဲမရောက်ဖို့တော့ အမြဲသတိထားရတယ်။ ဒီကောင်တွေသာ ဒီဓားမျိုးရသွားရင်တော့ မကောင်းတဲ့ဘက်မှာသုံးတော့မှာပေါ့ကွယ်"

"အော် ဒီလိုလားဆရာကြီး"

"ဟုတ်တယ် မောင်တာတေ။ ဒီဓားမျိုး စီရင်ဖို့ဆိုတာသာလည်း တယ်မလွယ်လှဘူးကွဲ့။ သချိုင်းကြီးကိုးခုမှာ ညလုံးပေါက်



www.burmeseclassic.com

www.burmeseclassic.com



အစိဌာန်ဝင်ပြီး စီရင်ရတာ"

"ဟင် ကိုးသချိုင်းသံဆိုတာ ခေါင်းပျက်တွေက သံကိုနှုတ်ယူတာမဟုတ်ဘူးလား ဆရာကြီး"

"ဟား-ဟား-ဟား-ဟား ပေါက်ပေါက်ရှာရှာ မောင်တာတေရယ်။ ဘယ်ဟုတ်ရမှာတုံး၊ သချိုင်းကြီးတစ်ခုစီမှာ အချိန်အခါရွေးပြီး အစိဌာန်ဝင်တာ။ အဲ့ဒီအဆင့်မှာတင် လန့်ထွက်သွားကြတာချည်းပဲကွ။ ဘာဖြစ်လို့လဲဆိုတော့ သရဲတွေ၊ တစ္ဆေတွေ၊ ဖုတ်ကောင်တွေ၊ ရောက်လာပြီး ပျက်အောင်ဖျက်ကြတာကွ။ အဲဒါကိုကျော်နိုင်သွားမှ အဲဒီဆရာရဲ့ရှေ့ကို 'ဒုန်း' ဆို သံတုံးကျလာတာ။ တစ်ခါတစ်လေကျတော့လည်း စက္ကူနဲ့ထုတ်ထားတဲ့ သံတိုသံစထုတ်ကြီး ကျလာတာ။ အဲ့ဒီလိုနဲ့ သချိုင်းကိုးခုက အလိုလိုကျလာတဲ့သံကို စုယူပြီး ဓားစီရင်ရတာကွဲ့"

"ဟာ ထူးဆန်းလိုက်တာဗျာ"

ဆရာညိုနဲ့တွေ့ရတာ ကျုပ်အဖို့တော့ ဗဟုသုတတွေ တော်တော်ကို ရလိုက်တာပါဗျာ၊ ထမင်းစားပြီးတော့လည်း အကြမ်းဝိုင်းလေးမှာ ဘိုးမင်းဒင်ရယ်၊ ကိုကြီးအောင်သိန်းရယ်၊ ကျုပ်ရယ်၊ ရွာထဲက ဘိုးမင်းဒင်ရဲ့ မိတ်ဆွေနှစ်ယောက်ရယ် အကြမ်းဝိုင်းဖွဲ့ရင်း ဆရာညိုဆီက ဗဟုသုတကို ဆက်ပြီးခံယူကြတာပေါ့ဗျာ။

"ကိုကြီးအောင်သိန်း၊ သွားကြစို့ဗျို့"

"အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ဟော- တင်အောင်တို့ လူစုတောင် လာပါပကော။ ကဲ ကျုပ်သွားမယ် အဘ။ တာတေမင်းဒီမှာပဲနေခဲ့၊ ငါတို့ဘန့်ဘွေးကုန်းသင်္ချိုင်းထဲ သွားတော့မယ်။ ဟိုမှာ ကျင်းတူးမယ်။ ပြီးတော့ ဇရပ်ပေါ်မှာ ပွဲတစ်ရာပြင်ထားရမယ်"

"ဟာ လူလေး မင်းလှည်းကောက်လေကွာ။ အုန်းသီးတွေ၊ ငှက်ပျောသီးတွေ ဘာနဲ့သယ်မှာတုံး"

ဘိုးမင်းဒင်က ကိုကြီးအောင်သိန်းကိုပြောတယ်။

"တောင်ဘက်ဝိုင်းက ကိုဘလှက သူ့လှည်းနဲ့အပြီးပို့ဖို့ လုပ်ထားတယ် အဘရဲ့"

"အော် ဒီလိုလား ကဲ၊ ကဲ ဒါဖြင့်လည်း သွားကြတော့၊ ဆရာပြောတဲ့အတိုင်း သေသေချာချာမမှားအောင် လုပ်ကြနော်"

"စိတ်ချ အဘ၊ စိတ်ချ"

သွားကာနီးမှာ ကိုကြီးအောင်သိန်းက ဆရာညိုကို ကန်တော့တယ်ဗျ။ ပြီးမှ လှေကားက ဆင်းသွားတာ။ ဆရာညိုက စကားဝိုင်းကို ဆက်တယ်။ ဆရာညို ပြောပြသမျှတွေဟာ သူကိုယ်တိုင် လုပ်ခဲ့ကိုင်ခဲ့ကြုံခဲ့တာတွေချည်းပဲဗျ။ လွတ်စိတ်ဝင်စားဖို့ကောင်းတာပါဗျာ။

အဲဒီညနေ နွားရှိုင်းသွင်းချိန်လောက်မှာ ကျုပ်တို့ ဘန့်ဘွေးကုန်းသင်္ချိုင်းထဲကို ရောက်လာတယ်။ ဆရာညိုက ရှမ်းဝတ်စုံဝတ်ထားတယ်။ ပင်နီတိုက်ပုံ၊ ပင်နီဘောင်းဘီ၊ ပင်နီခေါင်း

www.burmeseclassic.com



ပေါင်းနဲ့ဗျ။ ဆရာညိုရဲ့ သျှောင်တစောင်းနဲ့ ပင်နီခေါင်းပေါင်းက လွတ်ကြည့်ကောင်းတာဗျို့။

ဆရာညိုနဲ့ ကျုပ်တို့ ရောက်တော့ သချိုင်းဇရပ်ပေါ်မှာ ပွဲတွေအားလုံးပြင်ပြီးပြီ။ ကျုပ်အတွက်မြေကျင်းတစ်ခုလည်းတူးပြီး သားဗျ။ ကျင်းကကျင်းဇောက်ပေ့ဗျာ။ ကျုပ်ကကျင်းထဲမှာ မတ်တပ်ရပ်နေရမှာကိုး။

ဆရာညိုက ကန်တော့ပွဲတွေကို အုတ်ဂူတွေပေါ်မှာ လိုက်တင်ခိုင်းတယ်။ ဂူတစ်လုံးပေါ်မှာ ကတော့ပွဲငါးလုံးခြောက်လုံးတင်တာဗျ။ ဒါပေမဲ့ တစ်ခုတော့ ထူးတယ်ဗျို့။ ကျောင်းဒကာကြီး ဦးထွန်းခရဲ့ ဂူကြီးပေါ်မှာတော့ ကန်တော့ပွဲတစ်ပွဲတည်းကို သီးသန့်တင်ထားတယ်ဗျ။ ည (၇) နာရီလောက်ရောက်တော့ ပွဲတွေမှာ အမွှေးတိုင်တွေလိုက်ထွန်းပေးလိုက်တယ်။ ပွဲတွေ တင်ထားတဲ့ ဂူတွေပေါ်မှာ ဖရောင်းတိုင်တွေလည်း ထွန်းလိုက်တယ်။ ပြီးတာနဲ့ ဇရပ်ပေါ်မှာ ဆရာညိုက ဘုရားရှိခိုးတော့တာပဲဗျ။ သူ့စီရင်မဲ့ဓားကတော့ သူ့ကိုယ်မှာလွယ်ထားတာဗျ။ ကျုပ်ကြည့်နေတာ ဒီဓားကိုတော့ ဆရာညိုက သူ့ကိုယ်နဲ့ခွာကို မခွာတာဗျို့။

ဆရာညို ဘုရားရှိခိုးပြီးတော့ ပုတီးစိတ်တယ်။ ဘန့်ဘွေးကုန်းက ကျင်းတူးပေးတဲ့တင်အောင်တို့လူစု ပွဲပြင်ပေးတဲ့ လူလေးယောက်၊ ကိုကြီးအောင်သိန်း၊ ဘိုးမင်းဒင်၊ ဘိုးမင်းဒင်ရဲ့မိန်းမဆွေနှစ်ယောက် အားလုံးပေါင်း ဇရပ်ပေါ်မှာ ထိုင်နေကြတာ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ပါဆိုရင် ဆယ့်သုံးယောက်ဗျ။

ဘယ်သူမှ စကားကျယ်ကျယ်မပြောတော့ဘူး။ အားလုံးလည်း ကျောချမ်းနေတဲ့ ပုံပဲဗျ။ ဆရာညို ပုတီးစိပ်ပြီးတော့ ညကိုးနာရီထိုးပြီ။ ကျုပ်က ဘန့်ဘွေးကုန်းက မထွက်ခွာခင်ကတည်းက မျက်ကွင်းဆေးကွင်းထားတာဗျ။

"ကဲ မောင်တာတေ၊ အဆင်သင့်ဖြစ်ပြီလားကွဲ့"

"ဖြစ်ပါပြီဆရာကြီး၊ ဖြစ်ပါပြီ"

"အေး- ဒါဆိုခါးတောင်းကို ကျစ်ကျစ်ပါအောင် ကြိုက်လိုက်ကွဲ့။ ပြီးရင် အလုပ်စကြစို့ကွဲ့"

ပြောပြောဆိုဆိုနဲ့ ဆရာညိုက ရှေ့ကနေသွားတယ်။ သချိုင်းဇရပ်ပေါ်က ဆင်းသွားတယ်။ သူရွေးထားတဲ့နေရာက ဂူတွေနဲ့ ဇရပ်ကြားက မြေကွက်လပ်ကြီးမှာဗျ။ မန်ကျည်းပင်ပုလေး သုံးပင်တော့ရှိတယ်။ ဒါပေမဲ့ မြေကွက်လပ်က တော်တော်ကျယ်ပါတယ်။ မန်းကျည်းပင်ပုလေးတစ်ပင်အောက်မှာ မြေကျင်းတူးထားတာလေဗျာ။

"ကဲ မောင်တာတေ၊ ကျင်းထဲဝင်ပေတော့။ ပြီးရင် အနောက်ဆက်ကိုလှည့်၊ တစ္ဆေသရဲဆိုတာ အနောက်ဘက်က လာတာကွဲ့"

ကျုပ်လည်း ခါးတောင်းကို ကျစ်ကျစ်ပါအောင်ကြိုက်လေးတာဆိုတော့ အဆင်သင့်ပဲ မြေကျင်းထဲကို ခုန်ချလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟာ- အနေတော်ပဲဗျာ။ ကျုပ် ကျင်းထဲမှာ မတ်တပ်ရပ်လိုက်တာနဲ့ ကျုပ်ပုခုံးမြုပ်ရုံပဲဗျ။ ကျုပ်ခေါင်းက မြေပေါ်မှာ ပေါ်နေတယ်။

"ကဲ မြေဖို့ကြတော့"

ဆရာညိုအမိန့်ပေးလိုက်တာနဲ့ တင်အောင်တို့လူစုက မြေဖို့ကျတော့တာပေါ့၊ အောင်မလေး အေးစက်စက်ကြီးဗျ။

"ပြီးပြီ ဆရာကြီး"

တင်အောင်က မြေဖို့ပြီးတာနဲ့ ဆရာညိုကိုပြောလိုက်တယ်။

"အေး ဟုတ်ပြီကွဲ့။ ကဲ အားလုံးဇရပ်ပေါ်ကို ပြန်တက်ကြတော့။ ဘာပဲမြင်မြင်၊ ဘာပဲကြားကြား မအော်နဲ့။ မလန့်နဲ့၊ ထွက်မပြေးကြနဲ့ ထွက်ပြေးရင်၊ ဧအော်ရင် ဟစ်ရင် အသက်အန္တရာယ် ရှိနိုင်တယ်။ ကဲ ဇရပ်ပေါ်တက်နေ။ ဆေးလိပ်တွေ မီးညှိမ်းထားလိုက်ကြ"

ဆရာညိုစကားဆုံးတော့ အားလုံးဇရပ်ပေါ်တက်သွားပြီး မြေကွက်လပ်မှာ ကျုပ်နဲ့ဆရာညိုပဲ ကျန်ခဲ့တာပေါ့ဗျာ။

"မောင်တာတေရေ ဆရာ အနှစ်နှစ်အလလက ကြိုးပမ်းခဲ့ရတဲ့ မျော်ဝင်းမားအစီအရင် ဒီည အပြီးသတ်ရတော့မှာပေါ့ကွယ်။ ဘာပဲမြင်မြင် ဘာပဲတွေ့တွေ့ မောင်တာတေ နဲနဲမှ မကြောက်လေနဲ့၊ သူတို့တွေက မောင်တာတေကို ခြောက်လှန့်ရုံပဲ လုပ်နိုင်တာပါ။ လူလိုတော့ ဘာမှမလုပ်နိုင်ပါဘူး။ ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



လည်း အနားမှာရှိတာပဲ။ နဲနဲမှ မကြောက်နဲ့ကွဲ့၊ ကြားလား"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျုပ် မကြောက်ပါဘူး"

"ချွင်"

ဟော ဆရာညိုကသူ့ကိုယ်မှာ လွယ်ထားတဲ့ဓားအိမ်ထဲက ဓားကို "ချွင်" ကနဲ ဆွဲထုတ်လိုက်ပြီဗျို့။ ဟာ ဓားကဖွေးပြီး လက်နေတာဗျ။ အော် လတ်စသတ်တော့ သံမဏိဖြစ်သွားတဲ့သံနဲ့ လုပ်ထားတဲ့ ဓားကိုး။

ဆရာညိုက ဓားကို သူ့လက်ဝါးနှစ်ဘက်ပေါ်မှာတင်ပြီး မန္တန်တွေရွတ်တယ်။

"ကဲ မောင်တာတေ၊ မင်းပါးစပ်ဟပေတော့။ ရော့ ဓားကို ခိုင်ခိုင်ကိုက်ထား၊ ဘာမှမကြောက်နဲ့ ငါ့တပည့်"

ဓားရဲ့အနှောင့်က ကျုပ်ပါးစပ်အတွင်းဘက်မှာ၊ အသွားက အပြင်ဘက်မှာ၊ ကျုပ်လည်း အေးစိမ့်နေတဲ့ ဓားကို ပါးစပ်ထဲမှာ ကန့်လန့်ထည့်ပြီး ကိုက်ထားရတာပေါ့ဗျာ။

ဆရာညိုက ကျုပ်တောင်ဘက်မှာရှိတဲ့ မန်ကျည်းပင်ပုလေးအောက်မှာ တင်ပလင်ခွေထိုင်ပြီး မန္တန်တွေကို စပြီး ရွတ်တော့တာပါပဲဗျာ။ ကျုပ်စိတ်ထင်တော့ ဆယ်မိနစ်လောက်ပဲရှိမယ်ဗျ။

"ဝုန်း၊ ဖျန်း၊ ဖျန်း၊ ဖျန်း၊ ဖျန်း"

"အား၊ အား၊ အား၊ အား၊ အား"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အိ၊ အိ"

ဟာ ကျီးတွေလန့်ပြီး ပြိုကုန်တာဗျို့။ သချိုင်းကုန်းပတ်ပတ်လည်မှာရှိတဲ့ သစ်ပင်ကြီးတွေပေါ်မှာ အိပ်တန်းတက်နေတဲ့ ကျီးကန်းတွေ ပြိုကုန်တာဗျ။ ဟော ခွေးအူသံကြီး။ အသံဟာလည်း သချိုင်းအနောက်ဘက်က ပေါ်လာပါရောလား။ ကျုပ်ဖြင့် ကျောထဲက ဖျန်းကနဲ ဖျန်းကနဲဖြစ်ပြီး ကြက်သီးတွေထလိုက်တာဗျာ။

"သတိထား မောင်တာတေ၊ လာကြပြီဟေ့"

မန္တန်ရွတ်နေတဲ့ ဆရာညိုက ကျုပ်ကို သတိတစ်ချက်လှမ်းပေးပြီး မန္တန်ဆက်ရွတ်နေတယ်ဗျ။ ဆရာညိုဘာတွေရွတ်နေတယ်ဆိုတာတော့လည်း မသိဘူးဗျ။

ဟာ အများကြီးပါလား။ ကျုပ်လှမ်းကြည့် လိုက်တော့ ဂူတွေပေါ်မှာ။ မည်းမည်းအကောင်တွေဗျ။ မနည်းပါဘူးဗျာ။ မျက်လုံးတွေဆိုတာ နီရဲနေတာပဲဗျ။ မျက်လုံးနီနီကြီးတွေ ကျုပ်ကို ဝိုင်း ကြည့်နေကြတာဗျို့။ ကျုပ်ဖြင့် ကြက်သီးတွေ ထလိုက်တာဆိုတာဗျာ။ ပြီးတော့ ဆံပင်တွေလည်း ထောင်နေတယ်လို့ကို ထင်တာဗျ။

ဆရာညိုကတော့ မန္တန်ကို အသံပိုကျယ်ပြီး ရွတ်တယ်။ ဆရာညိုလည်း ဒီကောင်တွေကို မြင်ပုံရတယ်ဗျ။ လှမ်းကြည့်နေတယ်။

ဟော လာပြီဗျို့။ "ဝီ၊ ဝီ၊ ဝီ" ဆိုတဲ့ အသံကြီးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မျက်နှာရှေ့က ဖြတ်ပြေးနေကြတာဗျို့။ ဒါပေမဲ့ ပါးစပ်ထဲက အားကို ဝင်လုတဲ့အကောင်တော့ မပါဘူးဗျ။ ဟော တစ်သုတ်တော့ ပျောက်သွားပြီ။

"လုဟော့၊ လုဟော့၊ လုဟော့"

ဟာ အသံနက်ကြီးနဲ့ အော်လိုက်တာဗျို့။ ကျုပ်ဖြင့် ရင်ထဲမှာ ဒိန်းကနဲတောင် မြည်သွားတယ် ထင်တာပဲဗျာ။

ပြေးလာပြီဗျို့။ ပုပ္ပဝ၊ အကောင်ကြီးတွေဗျ။ အုပ်လိုက်ကြီး ကျုပ်ဆီကို တည့်တည့်ပြေးလာတာဗျို့။

အောင်မလေး၊ အောင်မလေး၊ ကျုပ်ကို တက်များနင်းကြတော့မှာလားလို့ ကျုပ်တွေးနေတုန်းမှာပဲ ကျုပ်မျက်နှာနဲ့ တစ်တောင်လောက်အရောက်မှာ ဖျောက်ကနဲ ဖျောက်ကနဲ ပျောက်ကုန်တာဗျို့။ ဟော ဆံပင်ဖားလျားကြီးတွေနဲ့ အုပ်လိုက်ကြီးလာကြပြန်ပြီဗျို့။ ဟာ တစ်ချို့အကောင်က လျှာကြီးတွဲလောင်းချလို့ဗျာ။ လျှာကြီးတွေက မြေကြီးနဲ့ထိလုထိခင်ကို ကျနေတာဗျ။

ဘုရား၊ ဘုရား ပြေးလာကြပြီ။ ပြေးလာကြပြီ။ ဟော ကျုပ်နဲ့ ထိလုထိခင်လေးကြမှ ပျောက်သွားကြတာမျိုး။ ကျုပ်ဖြင့် အသဲတွေ၊ အူတွေ၊ ဗြောင်းပြန်လန်ကုန်ပြီလားတောင် ထင်ရတယ်ဗျာ။

တစ်သုတ်ပြီးတစ်သုတ်၊ ကျုပ်ဆီကိုပြေးလာလိုက်၊ ပျောက်သွားလိုက်နဲ့ အကောင်ပေါင်းဘယ်လောက်ရှိပြီလဲတောင် မသိ



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူးဗျာ။

ဟော လာပြန်ပြီဗျို့။ ဒီအကောင်က တစ်ကောင်ထဲဗျ။ လက်ထဲမှာလည်း ဆူးချွန်တွေတပ်ထားတဲ့ တင်းပုတ်အလုံးကြီး ကိုင်လို့ဗျ။ နားရွက်ကြီးနှစ်ဘက်က ကိုယ်လုံးဘေးမှာ ဘက်လက်ကြီးတွေ ကျနေတာဗျ။ မြေကြီးနဲ့တောင် တိုက်နေပြီ။ ဆံပင်တွေကလည်း တစ်ကိုယ်လုံးကို အုပ်ကျနေတာဗျ။ အရပ်ကြီးက ရှစ်ပေကိုးပေလောက်ရှိမယ်။ မျက်လုံးကြီးတွေကလည်း ဟင်းသောက်ပန်းကန်လောက်ကြီးတွေဗျ။ ရဲတောက်ပြီး ပြူးထွက်နေလို့ဗျို့။

ဟော ဟော လက်ထဲက တင်းပုတ်ကြီးနဲ့ ကျုပ်ကို ထုတော့မလို လုပ်နေတယ်ဗျ။ ရှေ့ကို တစ်လှမ်းပြီး တစ်လှမ်းတိုးလာလိုက်တာ ကျုပ်မျက်နှာနဲ့တောင် အတော်ကပ်နေပြီ လက်ထဲက တင်းပုတ်ကြီးကို လေထဲဝှေ့ရမ်းပြီး ကျုပ်ကို ထုတော့မလို သုံးခါလောက်လုပ်တယ်ဗျ။ ပြီးတော့ ဖျောက်ကနဲပျောက်သွားတယ်။ ဟော ကုန်သွားပြီဗျ။ ဂူတွေပေါ်မှာ တစ်ကောင်မှ မကျန်တော့ဘူး။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီ"

ဟာ ခွေးအူသံကြီး ပြူးကနဲပေါ်လာပါလား။ ဟင် ကျောင်းဒကာဦးထွန်းခရဲ့ ဂူကြီးပေါ်မှာ ခေါင့်ကြောင့်ကြီးထိုင်နေတာ မဖဲဝါကြီးပဲဗျ။

အောင်မလေး။ မဖဲဝါကြီးပါ ပါလာပါလား။ ဘုရား၊



www.burmeseclassic.com

www.burmeseclassic.com



ဘုရား။ ဒီတစ်ခါတော့ ကိုယ်ကျိုးနည်းပြီ ထင်ပါရဲ့ဗျာ။ ဆရာနံ့ဖရဲ့ သစ်စုန်းပင်နှုတ်တုံးက မဖဲဝါကို ကျုပ်မြင်ဘူးထားတာလေဗျာ။

ဟော-ဆရာညိုထလာပြီး ကျုပ်ဘက်ကို ခပ်သုတ်သုတ်လျှောက်လာတယ်။ ပြီးတော့

"ရပြီမောင်တာတေ။ မင်းကိစ္စကပြီးပြီ။ ဆရာ့ကိစ္စပဲကျန်တော့တယ်။ ကဲ ဓားပေးပေတော့"

ကျုပ်ပါးစပ်ထဲက ဓားကို ဆရာညိုက ဆွဲယူသွားတယ်။ ဘာလုပ်မလို့ပါလိမ့်လို့ ကျုပ်ကြည့်နေတုံးမှာ မဖဲဝါကြီးထိုင်နေတဲ့ အုတ်ဂူကြီးဆီကို ဆရာညိုသွားပြီး မဖဲဝါကို ဓားကမ်းပေးလိုက်တယ်။

ဟာ မဖဲဝါက ဆရာညိုပေးတဲ့ဓားကို ဆတ်ကနဲဆွဲယူပြီး လွှားကနဲထခုန်လိုက်တယ်။ အောင်မလေး ဆယ်ပေလောက်ရှိတဲ့ အရပ်ကြီးနဲ့ ဆံပင်ဖားလျားကြီးဗျ။ ကျုပ်ဖြင့်အသားတွေကို တဆတ်ဆတ်တုန်တော့တာပဲဗျာ။

"ဝှစ်၊ ဝှစ်၊ ဝှစ်"

ဟာ ခုတ်ပြီဗျို့။ မဖဲဝါကြီးက ဆရာညိုကို ဓားနဲ့လိုက်ခုတ်နေတာဗျို့။ ဟာ ဆရာညိုက မညံ့တဲ့လူပါပဲဗျာ။ ခုန်လိုက်၊ ရှောင်လိုက်၊ ယိမ်းလိုက်နဲ့ မဖဲဝါရဲ့ ဓားချက်တွေကို ရှောင်နေတယ်ဗျ။

"ဝှစ်၊ ဝှစ်၊ ဝှစ်"



www.burmeseclassic.com

www.burmeseclassic.com



မဖဲ့ဝါကလည်းခုတ်၊ ဆရာညိုကလည်းရှောင်နဲ့ ဓားချက်၊ ဆယ်နှစ်ချက်လောက်အရောက်မှာ -

"ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး"

မဖဲ့ဝါက ဆက်မခုတ်တော့ပဲ "ဟီး၊ ဟီး၊ ဟီး၊ ဟီး" လို့ အသံနက်ကြီးနဲ့ အော်ရယ်ရင်း ပျောက်သွားရောဗျို့။ ဓားက ဆရာညိုရဲ့ ရှေ့တစ်လံလောက်မှာ မြေကြီးမှာစိုက်နေတယ်။ ဆရာညိုက ဓားကိုချက်ခြင်း ပြေးနှုတ်တယ်။

"အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ"

လို့ သုံးခွန်းဆင့်အော်တယ်။ ဟာ ကျုပ်လည်း မြေကြီးထဲက ကျွတ်ထွက်သွားပြီဗျို့။ ကျုပ်ကျင်းနှုတ်ခမ်းမှာ မတ်တပ်ရပ်လိုက်တယ်။ ခါးတောင်းကြိုက်လျက်သားနဲ့ပဲဗျ။ ကြယ်ရောင် မှိန်မှိန်လေးအောက်မှာ ဝမ်းသာအားရနဲ့ ရီမောနေတဲ့ ဆရာညိုကိုကြည့်ပြီး ကျုပ်လည်းရောပြီး ပျော်နေတော့တာပေါ့ဗျာ. . .။

တာတေ



www.burmeseclassic.com

www.burmeseclassic.com





# ညှောင်ပင်တစ္ဆေဝေလေလေ

ဒေါင်းတလူသည် လက်ထဲမှာကိုင်ထားသော ပစ္စည်းကိရိယာများကို ကျစ်ကျစ်ပါဆုပ်ကိုင်ပြီး တောလမ်းတစ်လျှောက်ခြေလှမ်း ခပ်သွက်သွက်ဖြင့် လှမ်းနေသည်။ ကိုင်းခုတ်ဓားတစ်သက်၊ ပိုက်ကွန်၊ မီးတုတ် စသည်ဖြင့် အရေးကြီးပစ္စည်းများသည် အနင့်တပိုး ပါလာခြင်းဖြစ်သည်။ သူသည် မိုးလေလွတ်ကင်းရာ



www.burmeseclassic.com

www.burmeseclassic.com



နေရာတစ်နေရာရရှိဖို့ ရော်ရမ်းမှန်းဆကာ ခြေဦးတည့်လေရာ လျှောက်နေခြင်းသာဖြစ်သည်။ လေက တစ်ချက်တစ်ချက် ခန္ဓာလွင့်ပါမတတ် တိုက်သေးသည်။

သူ ကောင်းကင်ကို မော့ကြည့်လိုက်သည်။ မိုးရိပ်မိုးသားများသည် အရှေ့မြောက်ဆီသို့ ပိုမိုများပြားသော အလုံးအရင်းဖြင့် လျင်မြန်စွာ ရွေ့လျားနေပေပြီး မြေကြီးလက်ခတ်မလွဲ သေချာပေါက် ရွာချပေတော့မည်ကော။

'ဒုက္ခပါပဲ- မိုးခိုဖို့ ခက်ချေပြီ။ ငါအိမ်က ထွက်လာကတည်းက မိုးရွာတော့မယ်လို့တော့ အထင်သားကွယ်။ ကဲ-ထူးပါဘူး။ မှန်းတောင် တိမ်းပြီ၊ မိုးခိုစရာတစ်ခုခု တွေ့လို့တွေ့ငြား သွားရင်းလာရင်း ရှာ ကြည့်မယ်လေ'

ဒေါင်းတလူသည် သွက်လက်သော ခြေလှမ်းများဖြင့် တောချုံ၊ ချိုင့်၊ လျှိုမြောင်တို့ကို ဖြတ်ကာ ရွာဆီသို့လျှောက်နေသည်။ ရွာဆီသို့ လျှောက်နေသော်လည်း သည်မိုးသည်လေနှင့်တော့ ဘယ်လိုမှ ရှောင်မလွတ်နိုင်တော့ပြီကို သေချာပေါက် တစ်ထစ်ချတွေးထားပြီးဖြစ်ရာ မိုးစိုသော်လည်း စိုတော့ဟု ဆုံးဖြတ်ချက်ချကာ ခြေလှမ်းကို ရွေ့နေခြင်းပင်။

တောလမ်းကွေ့ကလေးတစ်ခုကို ရောက်သည်နှင့် သူ့အတွက် ပျော်ရွှင်ဝမ်းမြောက်စရာ တစ်ခုက ရုတ်တရက် ပေါ်လာခဲ့သည်။ ထူထပ်သိပ်သည်းသော သစ်ပင်ကြီးများအလယ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းပျက် တစ်ဆောင်ကို တွေ့လိုက်ရသောကြောင့် ပေတည်း။ ဘုန်းကြီးကျောင်းပျက်အိုရှိခြင်းအားဖြင့် ရွာရှိရပေမည်။ မနီးမဝေးတွင် ရွာသာမက လူနေအိမ်ခြေတဲတွေရှိရပေမည်။ သို့သော်-လမ်း လျှောက်ရင်း လျှင်မြန်သော မျက်လုံးများဖြင့် ရှာဖွေကြည့်ခဲ့သော်လည်း မည်သည့် လူနေအိမ်ခြေမျှမရှိသည်မှာ ထူးခြားချက်တစ်ခု ဖြစ်သည်။ ရွာပျက်ကြီး ဖြစ်နိုင်သည်။ သည်နေရာကို သူ တစ်ခါမျှ မရောက်ဘူးပေ။

* * *

သို့သော် ဒေါင်းတလူလို ပေကတ်ကတ်၊ ရွတ်ကတ်ကတ် လူတစ်ယောက်အဖို့ လူမရှိခြင်း၊ လူရှိခြင်းသည် အရေးတကြီး ကိစ္စတော့မဟုတ်။ လောလောဆယ်မိုးရွာလျှင် မိုးခိုဖို့ကိစ္စက အရေးကြီးသည်။ သည်မိုးသာမိလို့ကတော့ ကြွက်စုတ်ရေနစ်သည်ထက် ဆိုးသွားမှာ သေချာသည်။ လမ်းကလည်း ပျောက်နေပြီ။

ဒေါင်းတလူသည် ရင်ထဲမှာ ဒိန်းခနဲ မြည်သွားအောင်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်သွားရသည်။ ခြေလှမ်းကပို၍ သွက်လာသည်။ ထိုစဉ် မိုးစက်မိုးဖွားကလေးများက ရုတ်တရက် ဖြိုဆင်းကျလာလေသည်။ သူ့ခန္ဓာကိုယ် အနှံ့အပြားသို့ တဖျောက်ဖျောက် ကြွေကျ၍ လာစဉ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ခြေလှမ်းကြဲကြီးများဖြင့် ကျောင်းအိုပျက်ဆီသို့. . .။ တောအုပ်အလယ်မှ လူသူမနီး တောကျောင်းပျက်ဆီသို့ မိုးမှုန်မိုးဖွဲတွေ တဝဲဝဲလွင့်ကြွေနေသည့် ကောင်းကင်အောက်မှာ ကျောင်းအိုပျက် မည်းကုပ်ကုပ်ကြီးသည် စုန်းမအိုကြီးတစ်ယောက် မျက်နှာကြောတင်းတင်းဖြင့် ထိုင်နေတာနှင့်တူသည်။ ထို စုန်းမ အိုကြီးသည် ဒေါင်းတလူကို ဘယ်မှမသွားနိုင်အောင် ညှို့မျှ ထားပေပြီ။

* * *

ဒေါင်းတလူသည် စေတုတ္တရာမြောက်ဘက် သဖြုအိုင်ရွာသား ဖြစ်သည်။ ဇနီးယာတောသူ မိချိုးဖြူနှင့်နေကာ သားသမီး မထွန်းကားသေးပေ။ မိချိုးဖြူသည် ယာပေါ် ချိန် မြေပဲနုတ်၊ နှမ်းချွေသည့် အလုပ်ကိုလုပ်ကာ လင်မယားနှစ်ယောက် ရုန်းကန်နေရသည့် ဘဝဖြစ်သည်။ ဒေါင်းတလူသည် လယ်ပိုင် ယာပိုင် မရှိသေးဘဲ ရွာလယ်တွင် ခြံဝိုင်းကလေးနှင့် ချို့ချို့တဲ့တဲ့ နေရသူဖြစ်သည်။ သူသည် ဇနီး မချိုးဖြူကို ချစ်မြတ်နိုးသည်သာမက အိမ်တစ်ဆောင် မီးတစ်ပြောင် နေနိုင်အောင် အမြဲကြိုးစားနေသည်။ သူ့တကာ မုဆိုးကျော်ကြီးတွေလို အမဲကြီး ရှာဖွေဖမ်းဆီးချင်သော်လည်း လက်နက်အပြည့်အစုံမရှိရှာပေ။ အမဲကြီးပစ်သူများသည် အနည်းဆုံး တစ်လုံးထိုးသေနတ်ကျည်ဆန် အပြည့်အစုံတော့



www.burmeseclassic.com

www.burmeseclassic.com



ရှိရပေမည်။ သူ့မှာ သေနတ်နှင့်တူတာဆို၍ ဝါးပြောင်းပဲရှိသည်။

သူ့မှာ အမဲကြီးမပစ်နိုင်ဘဲ ပိုက်ကွန်စုတ်ကလေး တစ်ဖုံကိုပင် ရှိစုမဲ့စုဖြင့် ရှာဖွေထားရသော ဖွတ်လိုက် မုဆိုးတစ်ယောက်သာ ဖြစ်ပေသည်။ သူက ဖွတ်လိုက်လည်း ကျွမ်းကျင်သည်။ ဒေါင်းတလူ တောတက်ပြီဆိုလျှင် ဖွတ်မရမရှိ။ သည့်အတွက် လက်နက်ကိရိယာ တော့ ပြည့်စုံစွာထားရသည်။ လှံရှည်၊ လှံတို၊ ဓားမ၊ မီးတုတ် စသည်-စသည်။

သို့သော် ဒေါင်းတလူမှာ ထူးခြားချက်တစ်ခုတော့ရှိသည်။ သူသည် နွေရာသီဘုရားပွဲတော်များတွင် နာမည်ကျော် လက်ဝှေ့သမားတစ်ယောက် ဖြစ်သောကြောင့်ပင်တည်း။ ဆင်ဖြူကျွန်း၊ စလင်း၊ မဲဇာလီ၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ မင်းဘူးစသည့် မြို့များရှိ အထင်ကရ ဘုရားပွဲတော်ကြီးများတွင် မြန်မာ့လက်ဝှေ့ပွဲများထည့်သွင်းကျင်းပလေ့ရှိရာ ထိုပွဲများတွင် ပွဲတိုင်းကျော် တစ်ယောက်ပင် ဖြစ်ပေသည်။ နဂိုကလည်း အသတ်အပုတ်ကို ဝါသနာပါသည်။ ပွဲတိုင်းကျော်တစ်ယောက်သာမက အနိုင်လည်းများပေပြီ။ ပြီးခဲ့သည့် နွေရာသီ မင်းဘူးအောက်ရွှေစက်တော်ဘုရားပွဲတွင် ပထမရွှေအောင်လံကို ဆွတ်ခူးခဲ့ပေရာ **မြို့ပိုင်၏ ချီးကျူးမှုကို** ခံယူရသူဖြစ်သည်။ သူသည် ရွှေအောင်လံဆုချည်းပင် နှစ်ဆု၊ ဒုတိယဆုသုံးခု၊ အလဲထိုး ဆယ်ပွဲကျော်ကျော်ဖြင့် နာမည်ကျော် လက်ဝှေ့သမားတစ်ယောက် ပေတကား။ ယခုချိန်မှာတော့ မိုးရာသီပေ



www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်ရာ လက်ငွေ့ပွဲလည်း မရှိတော့ပြီဖြစ်ရာ မူလလက်ငုတ် လက်ရင်း တောတက်အလုပ်၊ တောလိုက်သည့်အလုပ်ဘက်သို့ ခြေဦးလှည့်ရပြန်ပြီတကား။ ဟိုတစ်နေ့ကပင် ဇနီးမိချိုးဖြူက မှုန်တေတေမျက်နှာဖြင့်-

'တော်ရေ-တောမတက်တော့ဘူးလား။ တော့်-မြို့ပိုင်ချီးမြှင့်တဲ့ ငွေတစ်ဆယ်လည်း ကုန်လုပြီ။ တောတက်ဖို့ စိတ်ကူးပါဦး။ မိုးကျတော့မယ်'

'အေးပါတဲ့- ဒီတစ်ခါမြောက်ဘက်တောသွားဖို့ စိတ်ကူးနေတာ။ အဲဒီတောမှာ ဖွတ်တွေပေါတယ် ကြားတယ်။ ငါ နယ်မြေမကျွမ်းလို့သာပေါ့။ နို့မို့ဆိုတာ သွားပြီပကော'

မိချိုးဖြူသည် နှုတ်ခမ်းတစ်ချက် တင်းလိုက်သည်။

'အိုတော်ရယ်-အရှေ့အနောက် နေဝင်ရာ နေထွက်ရာကို မှတ်ထားလိုက်ရင် ပြီးတာပဲ'

'နင်ပြောမှပဲ ရှင်းပေတော့တယ်။ ကဲပါ-မနက်ဖြန် ထမင်းစားပြီး ငါထွက်မှာပါဟာ'

ဒေါင်းတလူ ရင်ထဲမှာတော့ နည်းနည်း ကွဲပြီးတိုသွားသည်။ မိန်းမတွေများတယ်ခက်ပါလား။ ဘုရားပွဲမှာ နဖူးကွဲ နားထင် အစုတ်ခံ၊ အသက်အသေခံပြီး ရှာဖွေကျွေးမွေးရသည့် ကျေးဇူးကိုပင် မထောက်။ ငွေလေး နည်းနည်းပြတ်ပြီဆိုတာနဲ့ ယောက်ျားကို ပြိုငြင်ချင်ပြီ။ ပိုက်ဆံကလေးများ ရလာလျှင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဟာင်း-ဟာင်း-ဟာင်း-ထဲမင်းပွဲမှာ ယပ်ခတ်ပေးရတာနဲ့၊ နင်းပေး နှိပ်ပေးရတာနဲ့။ တော်ရေ- နေ့ပူထဲ မထွက်နဲ့နော်။ ဖျားနေ နာနေမှဖြင့် မခက်ပါလား။ ပြောကို မပြောချင်ဘူး။' ခုတော့အိမ်ပေါ်မှာ အနေကြာလျှင် ကန့်ချမည်လား မသိ။

ဒေါင်းတလူသည် ကျောင်းအိုကြီးဆီသို့ ရောက်အောင် အလျှင်အမြန်သုတ်ခြေတင်ရလေသည်။ သူ့တွင် ကျယ်ပြန့်ကြီးမားလှသော ထန်းလက်မောင်းသား ခမောက်ကြီးပါလာသည့်က ထီးတစ်လက်လို အားကိုးရပေသည်။ မိုးသံတွေ တဝေါဝေါ အောက်မှာပင် ညောင်ပင်ကြီးအောက်သို့ ဝင်လိုက်သည်။ သူ့ကိုယ်ပေါ်သို့ မိုးစက်တွေ အကျရပ်သွားသည်။ သို့ပေမဲ့-မိုးသံတွေကတော့ ဆူညံနေဆဲပင်။ ဒေါင်းတလူသည် ညောင်ပင်ကို အကဲခတ်လိုက်သည်။ ရောမညောင်ပင်ကြီးပင်။ အရွက်စိမ်းများဖြင့် စိမ်းစိုကာ ခပ်စိပ်စိပ် ဖြစ်နေသည့်သာမက ရောမအမြစ်ပါးပျဉ်းကြီးများကြားတွင် လူကြီးတစ်ယောက်စာမက ဝင်၍အိပ်၍ရပေသည်။ ကြီးမားလှသော ပင်စည်ကြီးသည် ယောကျ်ားကြီးနှစ်ယောက်ဖက်စာမက ရှိမည်။ ကိုင်းလက် ကိုင်းခက်တွေက လူကြီးပေါင်လုံး လက်မောင်းလုံးမက ခက်ဖြာလျက်ရှိရာ သစ်တစ်ပင်ကောင်းငှက်တစ်သောင်းနားခိုနိုင်လောက်သည့် စံပြုရလောက်သည့် သစ်ပင်မျိုးပင်ဖြစ်ပေသည်။

ဒေါင်းတလူသည် ပါလာသော ပစ္စည်းများကိုချကာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပေါ်မှ ရေစက်ရေမွှားများကို သပ်ချနေသည်။ ရေစက်ရေပေါက်တွေ ခန္ဓာကိုယ်ပေါ်သို့အကျစိပ်လာသော်လည်း ရင်ထဲမှာ တစ်စုံတစ်ခုဖြင့် လှုပ်ရှား လေးလံသွားသည်ဟု ခံစားမိသည်။ အမည်မဖော်နိုင်သော ခံစားမှုမျိုးဟု ဆိုနိုင်မည်ထင်သည်။ ဘာပဲဖြစ်ဖြစ် ဇရာမသစ်ပင်ကြီးဖြစ်သည့်အပြင် အရိပ်ခိုစရာကောင်းလှသည့် ညောင်ပင်ကြီးက သူ့ကို တစ်စုံတစ်ရာဖြင့် ဖမ်းစားနေသည်ဟု သူထင်သည်။ သူသည် သစ်ပင်ပေါ်သို့တစ်ချက်မျှ မော့ကြည့်လိုက်ပြန်သည်။ သစ်ပင်ခွကြားမှ တစ်စုံတစ်ယောက်များ ပုန်းအောင်းနေရာမှ ခုန်ချလိုက်လေမလားဟု သူအယောင်ယောင် အမှားမှား တွေးလိုက် မိသေးသည်။

သူ့ခန္ဓာကိုယ်သည် တစ်ချက်မျှ စိမ့်ခနဲဖြစ်သွားရာ ယောင်ယမ်း၍ တွန့်သွားမိသေးသည်။ သူ့ရင်ထဲမှာ တစ်စုံတစ်ခုကို လန့်ဖျပ်သွားသလို ခံစားမှုမျိုးဖြစ်သွားမိသည်။ သူဘာကို ကြောက်ရပါလိမ့်။ သစ်ပင်ကြီး၏ ကြီးမားမှုလား၊ ထူထဲနက်မှောင်မှုလား၊ မှိုးသံလေသံကြောင့်လား၊ သူမဝေခွဲတတ်။ ထိုစဉ် သူ့ခြေထောက် အောက်ဘေးမှ တစ်စုံတစ်ခုသော သတ္တဝါတစ်ကောင်သည် ရွှတ်ခနဲမြည်ကာ ဇရာမပါးပျဉ်းကြားရှိ ညောင်ခေါင်းထဲသို့ လျှင်မြန်စွာတိုးဝင်သွားသည်ကို သူမြင်လိုက်ရသည်။

'အား-ဟိုက်'

ရောမအကောင်ကြီးသည် တောထဲမှာ အစာရှာရင်း မှိုးမိ



www.burmeseclassic.com

www.burmeseclassic.com



လာဟန်တူသည်။ သူ့ရိပ်မြုညောင်ပင်ရှိရာ သို့အလာ ဒေါင်းတလူ နှင့်ရင်ဆိုင်တွေ့ရခြင်းပင် တောကောင်ကြီးသည် မိုးကလည်းသဲ၊ လူတစ်ယောက်ကလည်း အသင့်ရပ်နေပေရာ ကြုံမိကြုံရာ သစ်ပါးပျဉ်းခေါင်းထဲ ဝင်လိုက်ရဟန် တူပေသည်။ ခေါင်းနှင့် ကိုယ်ပိုင်း သစ်ခေါင်းကြားဝင်မိသွားသော်လည်း အမြီးက အပြင်တွင် ကျန်ကာ တန်းလန်းကြီးဖြစ်နေသည်။ တွင်းနှင့် မဆန့်ဘဲ တစ်ဆို့နေခြင်း ဖြစ်သည်။

'ဟာ-ပွတာပဲ၊ ဖွတ်ကြီးဟ'

ဒေါင်းတလူသည် ပြေးရင်းလွှားရင်း မစင်ပုံဟပ်မိသည့် ခွေးလိုဖြစ်နေပြီ။ ဖွတ်လိုက်မှုဆိုးသည် ဖွတ်ကို မရှာမဖွေရဘဲ ပက်ပင်းရင်ဆိုင်ရလေပြီကော။ သူသည် ဘာမပြော ညာမပြော စဉ်းစားတွေဝေမနေဘဲ မျက်နှာထိ မျက်နှာထားနှင့် ရပ်နေသော မိချိုးဖြူမျက်နှာကို ကွက်ခနဲ မြင်လိုက်ရကာ အမြစ်ကြားတွင် တစ်ဆို့နေသော ဖွတ်မြီးကြီးကို လှမ်းဆွဲလေသည်။

'ဘာရမလဲ-မပြေးနဲ့-နင်တော့လား'

ဖွတ်ကြီးကလည်း သေအံ့ဘေးကို ကြောက်ရွံ့သည့် အလား သစ်ခေါင်းတွင်မှ၍ အတွယ်အတာ ကုပ်တွယ်မိရာကို ကုပ်တွယ်ထားလေသည်။ ဒေါင်းတလူကလည်း လွတ်ထွက်သွားတော့မည့်အလား အဆုံးရှုံးမခံဘဲအတင်းဆွဲလေသည်။ ညောင်မြစ်ဒိုခြေစုံကန်ကာ ဆွဲသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ-ဝင်ပြေးမယ် မကြီးနဲ့'

ဒေါင်းတလူ၏လက်ထဲတွင် ဖွတ်မြီးကြီးပါလာကာ ဒေါင်းတလူသည် အနောက်ဘက်သို့ ပက်လက်လန် လဲကျသွားတော့သည်။ ပိုးလိုးပက်လက် အရှိန်ပြင်းစွာ လဲကျသွားခြင်း ဖြစ်သည်။

'အား'

ဒေါင်းတလူသည် ဝမ်းသာအားရဖြင့် ဖွတ်မြီးကြီးကို ကြည့်လိုက်ပေရာ. . .

'အောင်မယ်လေး'

ဒေါင်းတလူသည် လက်ထဲမှ ဖွတ်မြီးကြီးကို ယောင်ယမ်းကာ လွှတ်ချလိုက်သည်။ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ခါနေကာ မြေကြီးထဲ နစ်ဝင်သွားသလို ခံစားလိုက်ရခြင်းဖြစ်ပေသည်တကား။ သူ့လက်နှစ်ဖက်ဖြင့် အားရပါးရ ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားသော ဖွတ်မြီးကြီးသည်ကား လူ့ခြေထောက်ပြတ် ညိုပုပ်ပုပ်ကြီး ဖြစ်နေသောကြောင့်ပင်တည်း။ ခြေထောက်ပြတ်ကြီးသည် ဒူးဆစ်အောက်မှ ပြတ်ထွက်နေကာ မွဲခြောက်ခြောက် အေးစက်စက်ခြေပြတ်ကြီးဖြစ်နေကာ ယောင်ယမ်း၍ အလန့်တကြား လွှတ်ချလိုက်ခြင်းဖြစ်သည်။ သွေးပျက်စရာဖြစ်ရပ်ပေတကား။

'အမလေး-သရဲခြောက်-ခြောက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟီ-ဟီ-ဟီ'

သူ့နောက်ကျောဆီမှ ရယ်သံကြီးတစ်ခု. . . .။ ကွဲရှရှ ရယ်သံကြီးသည် ညောင်ပင်ပေါ်မှ ရုတ်တရက် ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။

'ဟီ-ဟီ-ဟီ'

လှည့်မကြည့်ရဲတော့။ ညောင်ပင်နှင့် ပေနှစ်ဆယ်သာသာ ဝေးသော ကျောင်းအိုပျက်ကြီးဆီသို့ ပြေးဝင်လိုက်လေသည်။ သူသည် ရုတ်တရက်အသက်ပင်ဝအောင် မရှူနိုင် မောဟိုက်နေသည်။

'ဘုရား-ဘုရား-ဘုရား။ တစ္ဆေခြောက်တာပဲ။ နေ့ခင်းကြောင်တောင်ခြောက်တဲ့တစ္ဆေပဲ။ ငါ ဖွတ်ကြီး သစ်ခေါင်းကြားထဲ ဝင်သွားတာ သေသေချာချာတွေ့လိုက်တာပဲ။ ငါ မျက်စိမမွဲသေးပါဘူး။ ပြီးတော့ ဖွတ်မြီးကြီးကို သေသေချာချာဆွဲမိသွားတာပဲ။ ဘုရား-ဘုရား-ခြေထောက်ပြတ်ကြီး၊ လူသေကောင်ရဲ့ ခြေထောက်ပြတ်ကြီး၊ အမေရေ-သားကိုကယ်ပါ'

သူသည်ကျောင်းပေါ်မတက်သေးဘဲ အုတ်ဖိနပ်ခုံမှာပင် ခြေပစ်လက်ပစ် စိတ်ပျက်လက်ပျက် ထိုင်နေမိသည်။ မိုးတွေက သဲသဲမဲမဲရွာလျက် မိုးပင်ထစ်ချုန်းလိုက်သေးသည်။

'ဝုန်း-ဂျုန်း-ဂျုန်း'

'အမေရေ ကယ်ပါဦး၊ မိုးတွေကလည်း မှောင်မည်းနေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ နေဘယ်ကထွက်လို့ ဘယ်မှာ ဝင်မှာလည်းတောင် မသိတော့ဘူး။ မိခိုးဖြူရေ နင်ပြောတော့ နေထွက်ရာအရပ်က အရှေ့အရပ်က ထွက်ပါတယ်ဆိုကွယ်။ ဘယ်မှာလဲနေ-ဘုရား-ဘုရား-ကယ်ပါ-ကယ် တော်မူပါ ဒီလောက်ကြီးမားတဲ့ ညောင်ပင်မှာ တခွေမနေဘဲ ရှိပါ့မလား'

ကျောင်းပေါ်သို့ တစ်ချက်မော့ကြည့်လိုက်ကာ ပစ္စည်းများကို စုစည်းပြီး မတ်တတ်ရပ်လိုက်သည်။ မိုးကရွာနေဆဲ။ တစ်ချက် တစ်ချက် ဝင်းခနဲ လက်သွားသော မိုးချုန်းသံက ပို၍ပင် အသည်း ငယ်စေသည်။

သူသည် ကျောင်းပေါ်သို့ အိုမင်းလှုပြီဖြစ်သည့် လှေကားထစ်အတိုင်း တရွေ့ရွေ့တက်လာလေသည်။ ခြေလှမ်းတိုင်း လှမ်းတိုင်း လှေကားလက်ရန်းခြေနင်းများသည် တကျွိကျွိမြည်လျက်ရှိပေ၏။ မိုးစက်တွေက နံရံကို တဖြန်းဖြန်းလာပက်သည်။

* * *

ပြင်းပြင်းထန်ထန် ရွာနေသောမိုးသည် အရှိန်သေခါစများတစ်စင်းလို တဖြည်းဖြည်းအရှိန်လျော့ကာ နွေးကွေးသွားသည်။ မိုးစက်မိုးမှုန်ကလေးတွေသာ ဆက်လက်ကျနေသည်။ ညနေဘက်သို့ ကူးပြောင်း အချိန်ရင့်ရော်လာသည်နှင့်အမျှ တစ်နေ့ခင်းလုံးရွာထားသော မိုးသည် အေးစိမ့်လျက်ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းတလူသည် ကျောင်းအိုကြီး၏ အပေါ်ထပ် လှေ့ကားရင်းတွင် ပါလာသောပစ္စည်းကလေးများကိုချရင်း မဝံ့မရဲ လှည့်ပတ် ကြည့်ရှုလိုက်သည်။ အခန်းသည် ပင့်ကူမျှင်များ၊ အမှိုက်များနှင့် ရှုပ်ပွနေသည်။

သူသည် တောင်တောင်အီအီ လျှောက်တွေးရင်း ပြတင်းပေါက်အပြင်ဘက်သို့ ငေးစိုက်ကြည့်နေမိလေသည်။ အမှောင်သည် တဖြည်းဖြည်း နက်ရှိုင်းစပြုလာသည်။ ထိုစဉ် လေသည် ရုတ်တရက် ငြိမ်သက်သွားသည်။ ကျောင်းပျက်အတွင်းမှ အိပ်တန်းဝင်ငှက်များ၏ လှုပ်လှုပ်ရွရွတောင်ပံခတ်သံ၊ အော်မြည်သံတွေ ထွက်ပေါ်လာသည်။ တချို့အကောင်တွေက မှောင်ရိပ်ပျိုးစအခန်းထဲတွင် ဟိုသည် ဝဲပျံလျက် ရှိသည်။

ဒေါင်းတလူသည် ရုတ်တရက် တွေဝေသွားကာ သစ်သား ထက်ပိုင်းကျိုးကို ကောက်ကိုင်ထားလိုက်သည်။ ငှက်တွေ ဘာဖြစ်တာလဲ။ သူတို့ကို အန္တရာယ်ပြုမည့် ကျားသစ်၊ ဝံ၊ တောကြောင်၊ မြွေဆိုး စသည့် အကောင်တွေဝင်လာလို့လား။ သူသည် အမှောင်ထုထဲသို့ စိုက်ကြည့်နေလေသည်။ ထိုအခါ အသံတွေ ငြိမ်သက်သွားပြန်ရာ ကိုင်ထားသော တုတ်ကို ဘေးသို့ အသာချသည်။ အမှောင်သည် ကြောက်မက်ဖွယ် သိပ်သည်းလာသည်။

ထိုစဉ် လေတိုးသံလိုလို၊ သစ်ရွက်ကြွေသံလိုလို၊ မသဲကွဲသော အသံနှင့်အတူ ခြေသံတစ်စုံ ရုတ်တရက်ထွက်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခြေသံသည် ပေ့ါဖွဖွ နင်းလျှောက်လာသော ခြေသံဖြစ်ကာ ကျောင်း၏ လှေကားအတိုင်း အပေါ်သို့ တရွေ့ရွေ့တက်လာသော ခြေသံဖြစ်သည်။

* * *

သူသည် အသံလာရာ လှေကားထိပ် အမှောင်ပျိုးစ အမှောင်တွေဝင်ရောက်ရာ နေရာသို့ စိုက်ကြည့်ရင်း တုတ်ပိုင်းကို ကောက်ကိုင်လိုက်သည်။

ခြေသံသည် တဖြည်းဖြည်း ပေ့ါဖွဖွတက်လာလေပြီ။ ဒေါင်းတလူ စိုက်ကြည့်နေဆဲမှာပင် လှေကားအတိုင်း တဖြည်းဖြည်း မြင့်တက်လာသော လှုပ်ရှားလာသည့် အရာဝတ္ထုတစ်ခုကို စတင် မြင်လိုက်ရသည်။ ပထမဦးဆုံး ဦးခေါင်းပြောင်ပြောင် တစ်လုံး. . .။

"ယသာနုဘာဝတော ယက္ခာ
နေဝ ဒဿေန္တိ ဘီသနံ
ယဉှိ စေဝါနု ယုဉ္ဇန္တော
ရတ္တိ န္ဒိဝ မတန္ဒိတော။
သုခံ သုပတိ သုတ္တောစ
ပါပံ ကိဉ္စိ နပဿတိ
ဧဝ မာဒိ ဂုဏူပေတံ

အရှေ့ဘက်ကျောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ပရိတ္တံ တံ ဘဏာမ ဟေ။

အသံညြသြကြီးဖြင့် မေတ္တာသုတ်ကို ပီပီပိုင်ပိုင်ရွတ်ဆိုကာ ဆက်လာသော အပေါ်ဖြူ အောက်ဖြူဝတ် ဘိုးသူတော် တစ်ယောက်ကို စတင်တွေ့လိုက်ရပေတော့သည်။ သူတော်သည် လွယ်ချင်းဖိနပ် ပါးကလေးစီးကာ ကျောင်းပေါ်တက်လာသဖြင့် ဘဖျပ်ဖျပ်မြည်လျက် ရှိသည်။

ဒေါင်းတလူသည် ဖိုးသူတော်ကိုမြင်လျှင် ထိတ်ခနဲ ဝမ်းသာ သွားကာ ကိုင်ထားသော တုတ်ကို မသိမသာ အသာ အယာပင်ချလိုက်မိ၏။ မေတ္တာသုတ်ပရိတ်ကြီးကို ရွတ်ဆိုလျက် ကျောင်းပေါ်တက်လာသော ဖိုးသော်တော်သည် အမှောင်ထဲ တွင် ငုတ်တုတ်ထိုင်နေ သော ဒေါင်းတလူကို မြင်လျှင် ပရိတ်ရွတ် ဖတ်ခြင်းကို ရုတ်တရက် ရပ်လိုက်၏။ ဒေါင်းတလူသည် မျက်နှာ စိမ်းကို မြင်သည်နှင့် ခန္ဓာ တစ်ခုလုံး နိုးကြားအသက်ဝင်လာ၏။ ဖိုးသူတော်သည် မျက်မှောင် ကုတ်ကာ. . .

"အော် ကျောင်းမှာ ဧည့်သည်ရောက်နေတာကိုး"

ဒေါင်းတလူသည် ထိုင်ရာမှ ထကာ အရိုအသေပြုဟန် ဖြင့် ခေါင်းငုံ့လက်ယှက်ပြီး. . .

"ဟုတ်ပါရဲ့-ခင်ဗျ၊ ကျွန်တော်မိုးမိပြီး လမ်းစပျောက်နေ တာနဲ့ ဒီတစ်ညတော့ ကျွန်တော့်ကို တည်းခိုနားနေခွင့်ပြုပါခင်ဗျာ"

ဒေါင်းတလူသည် ဤဖိုးသူတော်ကား ဤကျောင်းမှုက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲတွင် တစ်ပါးတည်း နေထိုင်သီတင်းသုံးနေသော သူတော်ကောင်း စောင့်ဖြစ်မည်ဟု ယူဆကာ လေးစားရိုသေစွာ တောင်းပန်ပြောဆိုလိုက်ခြင်းဖြစ်ပေသည်။ အဖော်ရလေပြီဟု ပျော်လည်းပျော်သွားသည်။

"နေချင်သပဆိုရင် နေပေတော့ကွယ်။ မင်းက ဘယ်ကလာတာတုံး။ နာမည်ဘယ်လိုခေါ်သတုံး"

"ကျွန်တော် ဒေါင်းတလူပါခင်ဗျာ။ မဲဇလီဘက်ကပါခင်ဗျ။ ဖွတ်လိုက်ရင်း ဒီဘက်ကို လမ်းမှားရောက်လာတာပါ။ မိုးကလည်း ကောင်းလိုက်တာ မပြောပါနဲ့တော့။ ဗိုက်ကလည်းဆာပေ့ခင်ဗျာ"

ဖိုးသူတော်သည် မှိန်ပျပျအလင်းအောက်တွင် မြင်လိုက်ရသည့် ဖွတ်ဖမ်းကိရိယာများကို မြင်လိုက်သည်နှင့် မျက်နှာတစ်ချက် ပျက်သွားသည်။

"ကဲ ရောက်တုန်းမီးထွန်းစမ်းကွယ်။ အော် ဒေါင်းတလူ"

"ကျွန်တော့်မှာ မီးတုတ်ပါတယ်"

"မီးတုတ် မီးတုတ် ဟုတ်လား"

"ဟုတ်ပါတယ် မီးတုတ် ဖွတ်တွင်းကိုပိတ်ပြီး မီးခိုးမှိုင်းတိုက်တာပါ ခင်ဗျ"

ဖိုးသူတော်သည် ဒုတိယအကြိမ် မျက်နှာပျက်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ မင်းပစ္စည်းတွေထားပါ။ တယ်အကုသိုလ်များပြီး လာဘကြီးသကိုး။ ကြွက်လှောက်တန်းတွေမှာ ဖယောင်းတိုင်ရှိ ဘယ်၊ ရှာပြီးထွန်း"

ဒေါင်းတလူသည် နေရာမှထကာ ကြွက်လှောက်တန်းကို သက်ဖြင့်စမ်းကာ ဖယောင်းတိုင်ရှာသည်။ တော်သေးသည်။ ဖယောင်းတိုင်အတိုကလေးတွေ လေးငါးတိုင်တွေ့ရာ ထွန်းညှိ လိုက်သည်။ သူသည်တန်းတွေတွင် ဖယောင်းတိုင် လိုက်စိုက်ပြီး၍ မူလ ထိုင်နေရာနေရာသို့ ပြန်လှောက်လာစဉ် သူ့ကိုစိုက်ကြည့်နေ သော ဖိုးသူတော်ကို တွေ့လိုက်ရ၍ အနည်းငယ်မျက်မှောင် ကြုတ်လိုက်မိသည်။ ဖိုးသူတော်၏ မျက်နှာကြီးသည် ဝါကျင်ကျင် မှိန်ပျပျ ဖယောင်းတိုင်အောက်တွင် တဖြည်းဖြည်း ဖောယောင် ကြီးမားလာကာ ပွစိစိဖြစ်လာသည်ဟု ထင်လိုက်မိသည်။ သေသေချာချာ စိုက်ကြည့်လိုက်ပြန်တော့ နဂိုအတိုင်းပင်။

"အင်း ငါမျက်စိမှားတာပါ။ ဖောယောင်ယောင်မျက်နှာ ကြီးမဟုတ်ပါလား။ ဒါပေမဲ့ သူ့မျက်လုံးကြီးတွေက တစ်မျိုးကြီးပဲ။ မှုန်ထွက်လာသလိုပဲ၊ နေပါစေလေ ဒါအကျင့်တစ်ခုပဲနေမှာ"

ထိုစဉ် ဖိုးသူတော်သည် ဒေါင်းတလူနှင့် အနီးကပ်ဆုံးရွှေ့ လာပြီးလျှင် ခြေဆုံးလက်ဆုံး ကြည့်ကာ. .

"ခြေဆန့်လက်ဆန့်ကတော့ ယောက်ျားပီသတဲ့ပုံစံပဲ"

"မင်းရွာမှာ ဘာလုပ်သေးသလဲ။ ဒီအကုသိုလ်အရှုံပဲ



www.burmeseclassic.com

www.burmeseclassic.com



လား"

"မဟုတ်ပါဘူး-ခင်ဗျာ၊ ဘုရားပွဲတွေမှာ လက်ဝှေ့ကလေးဘာလေး ဝါသနာအလျောက် ထိုးပါတယ်ခင်ဗျာ။ အဲဒီမှာ ပွဲကလေး နိုင်တာမျိုးတော့ အခကလေးဘာလေးရတာပေါ့ ခင်ဗျာ။ အော် ဒါထက်ဦးသူတော်ရဲ့ နာမည်ကလေး မသိရဘူးလားခင်ဗျာ"

ဒေါင်းတလူစကားဆုံးသည်နှင့် ဖိုးသူတော်ကြီး၏ မျက်နှာသည် ဟန်မဆောင်နိုင်လောက်အောင် ဖြစ်သွားပြီးလျှင်. . .

"ရွာထဲမှာ ငါ့နာမည် ဟိုယောင်ယောင် သည်ယောင်ယောင်ဆိုတော့ ဝေလေလေကွာ၊ နာမည်ရင်းပျောက်နေပြီ၊ ဟောဒီ ကျောင်းနဲ့ ညောင်ပင်မှာနေတာ။ ကျုပ်လည်း လက်ဝှေ့ထိုး ဝါသနာပါသကွဲ့။ မင်းကျုပ်နဲ့ လက်ဝှေ့ထိုးနိုင်မလား"

ဒေါင်းတလူသည် ဆက်၍ စဉ်းစားတွေဝေမနေတော့ဘဲ နေရာမှ ဆတ်ခနဲထ၊ ခါးတောင်းကျိုက်ကာ ဘယ်ခြေကိုမြှောက်၊ ဒူးကိုကွေး၊ ဘယ်လက်တံတောင်ဆစ်ကွေး၍ ညာလက်ဖြင့် တံတောင်ဘယ်ခြေကိုမြှောက်၊ ဒူးကိုကွေး၊ ဘယ်လက်တံတောင် ဆစ်ကွေး၍ ညာလက်ဖြင့် တံတောင်ဆစ်ကွေးကို တဖျောင်း ဖျောင်းရိုက်ကာ လက်ဝှေ့ရေးပြလေတော့သည် တကား။

"ဖျောင်း-ဖျောင်း-ဖျောင်း"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ဖျောင်း-ဖျောင်း"

"မြို့ပေါ်က ဖွတ်ကြောင်၊ ဖွတ်ကျားတွေသာမက တောထဲက ဖွတ်တွေပါ ဖြုံပြီးဖျားသွားမယ့် ဖွတ်ဖမ်းဘုရင်ကွ"

ဖိုးသူတော်၏ မျက်နှာကြီးသည် မီးရောင်အောက်တွင် တဖြည်းဖြည်းပြဲထွက်လာကာ တဟီးဟီးဖြင့် ရယ်မောလေတော့သည်။ သူကပါ ရောစ၍ လက်ခုပ်တီးလေတော့သည်။

"ဟီး-ဟီး-ဟီး-ကြိုက်ပြီဟေ့-ကြိုက်ပြီ၊ ကောင်လေး-လာထား-ဒေါင်းတလူ-ခေါင်းယူခဲ့တော့"

"ကြိုက်ရင် ထိုးသတ်ကြစို့။ ကိုယ်တော်-ဖိုးသူတော်-ဝေလေလေ"

ဒေါင်းတလူ စကားဆုံးသည်နှင့် ဖိုးသူတော်က အလျှင်စ၍ ခြေနှင့်ခတ်လေသည်။ သည်လို ခြေခတ်ချက်လောက်တော့ ဒေါင်းတလူက ပျင်းတောင်ပျင်းသေးသည်။ အသာပင် တိမ်း၍ ရှောင်လိုက်သည်။ ခြေခတ်ချက်လွန်သွားသည်နှင့် ဖိုးသူတော်၏ ဗိုက်အိုးစရည်း ပြဲပြဲကြီးကို ညာဖြောင့်လက်သီးတစ်လုံး ပစ်ထည့်လိုက်သည်။

"ဘုတ်-ဘွတ်"

"ဟင်း-ဟီး-ဟီး-မနာ-မနာ-မဖြုံ-မဖြုံ"

လျှင်မြန်လှသော လက်သီးတစ်လုံးက ဒေါင်းတလူ၏ ရင်ဘတ်တည့်တည့် ဆီသို့ လျှင်မြန်လှသောအဟုန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ပြန်ရောက်လာသည်။ ရှောင်တိမ်းဖို့ အချိန်မရလိုက်။ အွတ်ခနဲ မြည်သံနှင့်အတူ ဒေါင်းတလူ၏ ခန္ဓာကိုယ်သည် အနောက်ဘက်သို့ ယိုင်သွားသည်။ မျက်နှာရှုံ့မဲ့သွားသည်။

တယ်ဆော်တဲ့ ငနဲကြီးပါလား။ ကဲ-ဒီလောက်ရှိလှတာ လာလေရော့. . .။

ဒေါင်းတလူသည် ပွဲတိုင်းကျော်လက်ဝှေ့သမားပီပီ မကြောက်မရွံ့အခြေအနေကို ဖန်တီးရန် ခန္ဓာကိုယ်တွင်းသို့ ရဲစိတ်ရဲမာန်သွင်းလိုက်သည်။ တဖျောင်းဖျောင်းမြည်အောင် လက်ခမောင်းခတ်လိုက် ပြန်သည်။

"ဟိုင်းယား-ဟိုင်းယား-မောင်းတဒူဒူနဲ့ ဒေါင်းတလူတဲ့ဟေ့။ အလောင်းမယူရဲအောင် ပြေးပေတော့၊ အပေါင်းတဆူဆူနဲ့ မောင်းတဒူဒူ ဒေါင်းတလူတဲ့ဟေ့နော်။ ကဲ-သေပေတော့-မျက်နှာမြဲကြီး"

ဖိုးသူတော်ကြီးသည် မျက်လုံးကြီးပြူးကာ လက်ကြီးတန်းလျက် ရထားခေါင်းတွဲကြီးပြေးဝင်လာသလို တရှူးရှူးမြည်ကာ ပြေးဝင်လာလေသည်။

ဒေါင်းတလူသည် ညာခြေကို အသာတိမ်းကာ ကျွံဝင်လာသော ခန္ဓာကိုယ် အတ္တဘောကြီးကို ဒူးတံတောင်၊ လက်သီးတို့ဖြင့် တရစပ်ပစ်ထည့် ပစ်ကျွေးလေတော့သည်။

"ခွပ်-ခွပ်-ခွပ်-ခွပ်-ခွပ်"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်-ဒုတ်-ဒုတ်"

"ဒေါင်တလူနဲ့ယှဉ်ချင်ရင် ခေါင်းတစ်လုံးပါယူလာခဲ့-ဖန်ဂတုံး"

ဖိုးသူတော်ကြီးသည် အနောက်သို့အနည်းငယ်ယိုင်သွားသည်။ လဲကျမသွား. . .။ ဒေါင်းတလူသည် အနည်းငယ်တွေသွားသည်။ ဘယ်လိုဖိုးသူတော်ပါလိမ့်။ မဖြုံပါကလား။

"ဟီ-ဟီ-ဟီ-ထိုးလေကွာ-ကန်လေကွာ-ချလေကွာ
မင်းလက်သီးလောက်တော့ အပျော့ထင်. . .
အဒေါ့်လင်ဟာ-မင်းအဖေပဲ"

အရေးထဲလဲကျမသွားရုံမက ဖိုးသူတော်သည် သံချပ်ထိုးနေသေးတော့သည်။ တစ်ချီတွင် ဖိုးသူတော်သည် တွေဝေနေသော ဒေါင်းတလူကို ပြေး၍ကန့်လိုက်ရာ အငိုက်မိသွားသဖြင့် ဒလိမ့်ခေါက်ကွေး လဲကျသွားတော့သည်။ တော်တော်အီဆိမ့်သွားသည်။

"မှတ်ပြီလား-ကဲ-ထစမ်း-ဒေါင်းတလူ"

ဒေါင်းတလူသည် ပွဲကျော်လက်ဝှေ့သမားတစ်ယောက်။ သည်လောက်နဲ့အရှုံးပေးရိုးလား။ လာစမ်း-ပေါ်တာကြီး။ အတင်းကုန်း၍ထသည်။ ခါးတောင်းကို မြှောင်နေအောင် ပြန်ကျိုက်သည်။ ထိုအချိန်တွင် ဖိုးသူတော်၏ လက်သီးတစ်ချက် ဝင်လာသည်။ ရှောင်တိမ်းချိန်မရလိုက်၊ အငိုက်မိသွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစား၍ထသည်။ သို့သော်-လက်သီးတွေဝင်လာသည်။ တရစပ် . . .။

"ခွပ်"

"အင့်"

"မှတ်ပြီလားဟေ့-ဖွတ်လိုက်မှုဆိုးကြီး"

နောက်ထပ် လက်သီးတစ်လုံး ရင်ဘတ်တည့်တည့် ဝင်လာသည်။ တင်းပုတ်လက်သီးပင်။

"အွတ်"

"အင့်"

ဒေါင်းတလူသည် ရုတ်တရက်မို့ အလူးအလဲ ခံလိုက်ရသည်။ ချွေးလည်းပြန်လာသည်။ နားထင်နားရင်းတွေပူသွားကာ မာန်သွင်း လိုက်သည်။ အားတွေ နိုးကြွားလာ၏။

"ကဲ-ကတုံးပြောင် . . .။ လာလေ-နင့်အမေလင်ဟာ ငါဦးလေးပဲ"

သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးသတ်ကန်ကျောက်ကြပြန်လေသည်။ ဒေါင်းတလူ၏ လက်သီးထိုးချက်၊ ခြေကန်ချက်များသည် ဖိုးသူတော်ကို မိမိရရ ပိုင်ပိုင်နိုင်နိုင် ချက်ကောင်းတွေချည်း ထိ သော်လည်း ဖိုးသူတော်သည် မဖြုံ၊ မလဲ၊ ချွေးပင် တစ်စက် မျှမထွက်။ ဖိုးသူတော် ခန္ဓာကိုယ်ကို ထိမှန်ချက်များတွင် ဖွဲအိတ်လေအိတ်ကြီးကို ထိုးရသလို ခံစားရသည်။ ဖိုးသူတော်၏ လက်



www.burmeseclassic.com

www.burmeseclassic.com



သီးချက်၊ ခြေကန်ချက်များကို ထိမိသွားပါက မခိုမဆန့်ခံရသည်။ ဒေါင်းတလူသည် ဖွဲ့ကောင်းသော ပေတောတောလူငယ်ဖြစ်၍သာ တောင့်ခံနိုင်ခြင်းဖြစ်သည်။ ဒေါင်းတလူသည် ချွေးတွေ ပြိုက်ပြိုက်ကျနေပြီ။ ပြင်းထန်သော လက်သီးချက် ခြေကန်ချက်များဖြင့် တိုက်စစ်ဆင်သော်လည်း မလဲမကွဲ မအော်သောအခါ ဖိုးသူတော်အပေါ် သံသယရှိလာသည်။ လက်သီးချက်၊ ခြေကန်ချက်များကို ပန်းနှင့်ပေါက်နေ သလား မှတ်ရသည်။ ပြီးတော့ နှုတ်ကလည်း ပြောချင်ရာတွေ ပြောနေသေးသည်။

"မိုးပေါ်မှာ ရေတွေကြီးလို့ ဘုန်းကြီးကလှေလှော်. . .
ငါလားဟဲ့-ဖိုးသူတော်ရယ်-မန်းတော်ရိုးပေါ်. . .
ဟေ-ဟေ-ဟေ့-ဟီး-ဟီး-ဟီး. . .
ဒီမှာဟေ့ကောင်. . .
ငရုတ်သီး နီနီ၊ ကျီးချီလို့သွား. . .
လိုက်မယ့်သူ မရှိ မင်းအသီသား. . .
ဟား-ဟား-ဟား"

ဒေါင်းတလူသည် တဖြည်းဖြည်း မောဟိုက်စ ပြုလာသည်။ တစ်နည်းအားဖြင့် ခြေကုန်လက်ပန်းကျစ ပြုလာပြီ ဖြစ်သည်။ နံရံတွင် ကပ်လျက်ထွန်းထားသော ဖယောင်းတိုင်မီးများသည် လေတိုက်ရာ ယိမ်းယိုင်နေကာ တဖျစ်ဖျစ်မြည်လျက် အဖြည်းဖြည်း တိုလာပေပြီ။ ပွဲကမပြီးသေး။



www.burmeseclassic.com

www.burmeseclassic.com



"ထိုးစမ်းပါကွယ်-ထိုးစမ်းကွယ်-လဲအောင်ထိုးစမ်းကွယ်"

ဒေါင်းတလူသည် ဒေါသထွက်ကာ အတင်းလိုက်ထိုးသည်။ ဖိုးသူတော်သည် တဟီးဟီးရယ်ကာ ပုတ်၍ပြေးသည်။ သူသည် ပြေးလိုက်ရင်း စဉ်းစားသည်။ ဖိုးသူတော်သည် မည်သို့သော ပုဂ္ဂိုလ်ပေနည်း။ မားပြီး တုတ်ပြီး တစ်ပွဲထိုးလော။ ပွဲကျောင်းပုဂ္ဂိုလ်ဆိုတာတော့ သေချာသည်။ ဒါမှမဟုတ် စွမ်းအားရှင်လော။ သူ၏ လက်သီးချက်များသည် တစ်ချက်မိသွားသည်နှင့် တုံးခနဲလဲသွားစေသည့် လက်သီးချက်များဖြစ်သည်။ ယခုတော့ ဖိုးသူတော်သည် မလဲမကွဲ မပြိုရုံမျှမက ချွေးပင်မထွက်။ ပြောင်ပြ၍ပင်နေပြီ။ လှောင်ပြောင်၍ နေချေပြီ။

ဒေါင်းတလူသည် သွေးကြောင်ချင်သလို ဖြစ်လာသည်။ နောက်ဆုံးတိုက်ကွက်အဖြစ် မိမိရရ ချုပ်ကိုင်ကာ ဒူးဖြင့်မျက်နှာကို အသေအကြေတိုက်ရန် ဆုံးဖြတ်လိုက်သည်။ သူသည်လှည့်ပတ်၍ ပြေးနေသော ဖိုးသူတော်နောက်ကိုလိုက်သည်။ ကုပ်ပိုးကို လှမ်းဆွဲ ရာမမိ။ ချော်ထွက်သွားသည်။ လက်ကိုချုပ်ရန်ဆွဲသည်။ သည်တစ်ခါလည်း ရှောင်ထွက်သွားပြန်သည်။

"ဟား-ဟား-ဟား-မကြောက်ဘူးဟေ့-မကြောက်ဘူး"

ဖိုးသူတော်သည် တစ်လံကွာမှနေကာ လျှာထုတ်ပြောင်ပြလေသည်။ လျှာသည် လက်တစ်ဝါးခန့် ကျယ်ပြန့်ကာ ပါးစပ်မှနေ၍ တံတောင်ခန့်ရှည်ကာ အပြင်ဘက်သို့ ထွက်ကျ



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ နီရဲသော လျှာရှည်ကြီးသည် တစ်လစ်တစ်လစ်ဖြစ်နေလေသည်။ မျက်လုံးကြီးက အဆမတန်ပြူးထွက်လာပြန်သည်။ သွားကြီးတွေ ရှည်လာ၏။ အစွယ်နှစ်ချောင်းသည် လက်ညှိုးခန့်ရှိသည်။

ဒေါင်းတလူသည် ရုတ်တရက် လန့်ဖျပ်သွားကာ နောက်သို့ ခြေနှစ်လှမ်းစာမျှ ဆုတ်လိုက်မိသည်။ သို့သော် လွင့်စဉ်သွားသော အသိစိတ်ကို ပြန်စုစည်းလိုက်သည်။ ဘုရား-ကယ်တော်မူပါ-ဘုရား- ဘုရား။

"အား-ဘုရား-ဘုရား-လူမှမဟုတ်တာပဲ။ ဖိုးသူတော်တစ္ဆေ -သရဲကြီးပဲ"

နှုတ်ဖျားမှ ယောင်ယမ်းအော်ဟစ်လိုက်သော အသံသည် ပါးစပ်ပေါက်မှ မထွက်တော့ဘဲ ဝမ်းခေါင်းထဲသို့ ငုပ်လျှိုးသွားသည်။ စိတ်ကို တည်ငြိမ်စွာပြန်ထိမ်းချုပ်လိုက်သည်။

"ဖိုးသူတော်တစ္ဆေပဲ၊ ဒုက္ခတော့များပြီ"

ဒေါင်းတလူသည် ယခုတော့ ချောင်ပိတ်မိနေပြီ။ ကိုယ့်အရပ် ကိုယ့်ဒေသမဟုတ်သည်သာမက တစ္ဆေဝိညာဉ်ကို ယှဉ်ပြိုင်ရသည်မှာ ရေရှည်တွင် လွယ်ကူမည်မဟုတ်ပေ။ ဖိုးသူတော်၏ ခန္ဓာကိုယ်ကြီးကို ထိုးကြိတ်ကန်ကျောက်ရသည်မှာ ဖွဲအိတ်ကြီးကို ထိုးကြိတ်ကန်ကျောက်ရသည်နှင့် အလားသဏ္ဍာန်တူသည်။ သူတစ်ကိုယ်လုံးလည်း ချွေးစေးတွေပြန်ကာ မောဟိုက်နေပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဘာပဲဖြစ်ဖြစ် ပွဲသိမ်းတစ်ချက်ကောင်းတော့ နောက်ဆုံး နွှဲလိုက်ချင်သည်။ မနိုင်၍ထွက်ပြေးရလျှင် ရာဇဝင်ရိုင်းလှပေရော့ မည်။ သရဲကြောက်သော လက်ဝှေ့သမားဟု အများကဲ့ရဲ့တော့ မခံနိုင်။ နောက်ဆုံးကြိုးစားသည့်အနေနှင့် ကြိုးစားကြည့်ရပေ မည်။ ကဲ-ယောက်ျားတသား သေခါမှ သေရော့. . .။

ဒေါင်းတလူသည် ဖိုးသူတော်ဝင်အပူးကို စောင့်နေ သည်။ ဖိုးသူတော်က တစ်ချက်တစ်ချက်လှမ်းထိုးသည်။ ဒေါင်းတလူ သည် ထိုးချက်တွေကို ရှောင်တိမ်းရင်း လည်ကုပ်ကို မိမိရရ ဖမ်းဆွဲလိုက်သည်။ လည်းပင်ကို ညှစ်ကာလိမ်ချိုးရန် ကြိုးစားလိုက် ခြင်းပင်။ ဖိုးသူတော်၏ ခန္ဓာကိုယ်သည် ယိမ်းယိုင်၍ပါလာသည်။

"သေဖို့သာ ပြင်ပေတော့"

ဒေါင်းတလူ၏ လက်သည်မြဲမြဲလှသည်။ လည်ကုပ်ကို နောက်မှ မလွှတ်တမ်းချုပ်ကိုင်ထားပြီး ဒူးနှင့်တိုက်ရန် ပြင်ဆင် လိုက်စဉ်မှာပင် မထင်မှတ်သော ဖြစ်ရပ်တစ်ခုက ဖြစ်ပွားသွား ခဲ့သည်။ သူ၏ လက်ထဲတွင် ဖိုးသူတော်၏ ဦးခေါင်းပြောင်ပြောင် ဆီမှ နူးညံ့သော အရာဝတ္ထုတစ်ခုကို ဆွဲယူမိလိုက်ခြင်းဖြစ်ရာ အရာဝတ္ထုသည် ဒေါင်းတလူလက်ထဲသို့ မိမိရရပါလာသည်။ ထိုအရာမှာ တစ္ဆေတို့ ကိုယ်နှင့်မကွာ သုံးစွဲသော လက်စွဲတော် တစ္ဆေဦးထုပ်ပင်ဖြစ်သည်။ ထိုဦးထုပ်သည် ဒေါင်းတလူ လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာလေပြီ။

"ဟင်"

ဖိုးသူတော်သည် ဟင်ခနဲတစ်ချက်တကာ ဒေါင်းတလူ လက်ထဲမှ ဦးထုပ်ကို လိုက်လုသည်။ ဒေါင်းတလူက အပါမခံ။ ထို့နောက် သူသည်မိမိရရ ချုပ်ကိုင်ထားရာ ဖိုးသူတော်သည် ယက်ကန်ယက်ကန်ဖြစ်နေလေသည်။ ဖိုးသူတော်သည် မထင်မှတ်ဘဲ ရုတ်တရက် အားယုတ်သွားသလိုဖြစ်သွားခြင်းပင်။ ခပ်ဝေးဝေးသို့ ဆုတ်ခွာသွားသည်။

ဒေါင်းတလူသည် အရှိန်ဖြင့်ပြေး၍ ဖိုးသူတော်၏ ရင်ဘတ်ကို ဒူးပျံတစ်ချက် ခုန်ပျံတိုက်လိုက်ရာ အားခနဲ တစ်ချက်သာ အော်နိုင်ပြီး ပက်လက်လန်လဲကျသွားသည်။

"အူး-ဝူး"

အော်သံမှာ လူတစ်ယောက်အော်သံနှင့်မတူဘဲ တိရစ္ဆာန်တစ်ကောင်၏ နာနာကြည်းကြည်းအော်လိုက်သံနှင့်တူသည်။ ထိုအခါမှ ဒေါင်းတလူခန္ဓာတစ်ခုံးလုံး နိုးကြားအသက်ဝင်လာသည်။ ဖွဲ့အိတ်ကြီးကို တဒိုင်းဒိုင်းပစ်ကန်တော့သည်။ ဘယ်ညာလက်သီးတွေ သုံးတော့သည်။

ဖိုးသူတော်သည် ကြမ်းပြင်တွင် လူးလိမ့်နေသည်။

"ငါ့ဦးထုပ်ပြန်ပေးပါ-ငါ့ဦးထုပ်။ ဒေါင်းတလူ-ငါ့ဦးထုပ်ပေးပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်တွင် လူးလိမ့်နေရာမှ သနားစဖွယ် တောင်းပန်သည်။

"မပေးဘူးဟေ့-မပေးဘူး။ သေတောင်မပေးဘူး။ သံချပ်ထိုးဦးလေ"

ဖိုးသူတော် သနားစဖွယ်အော်ဟစ်ကာ သံချက်မထိုးနိုင်တော့။ လေသံပျော့သွားသည်။

"ငါတို့မှာ ဦးထုပ်ဆောင်းရပါမှ ဘာမဆို ဆောင်ရွက်နိုင်တာပါကွာ။ ဦးထုပ်မရှိရင် ဘာမှလုပ်လို့မရပါဘူး။ ဦးထုပ်တော့ပြန်ပေးပါကွာ။ ငါတောင်းပန်ပါတယ်ကွာ၊ ရှိကြိုးခိုးပါရဲ့"

ဒေါင်းတလူသည် ဦးထုပ်ကိုပြန်မပေးဘဲ ဆုပ်ကိုင်ထားသည်။ ဦးထုပ်သည် ရှောက်သီးကြီး ထက်ခြမ်းမျှရှိကာ ဖွတ်အရေနှင့် တူသည်။ မွဲခြောက်ခြောက်ဖြစ်သည်။

"မပေးဘူးဟေ့-မပေးဘူးကွ။ မင်းငါ့ကို စိန်ခေါ်သတ်ပုတ်ထားတာ"

ဖိုးသူတော်တစ္ဆေသည် ဒူးထောက်၍ပင် တောင်းပန်လာပြီး နောက်ဆုံးတွင်. . .

"ငါတောင်းပန်ပါတယ်ကွာ။ ငါ ငွေပေးပါ့မယ်။ ငွေနဲ့ ဦးထုပ်နဲ့ လဲပါကွာ"

ဒေါင်းတလူသည် ငွေဟူသော အသံကြားလိုက်သည်နှင့် စိတ်ဝင်စားသွားသည်။ လောလောဆယ် ငွေလိုနေသည်။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



မြန်ရောက်လျှင် မိချိုးဖြူကို ငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောဆိုရပေဦးမည်။ ငွေပါမလာလျှင် ရန်ဖြစ်ရဦးမည်။ ခုတော့ ငွေရဖို့ လမ်းစပေါ်ပြီ။

"ကျုပ်ကို ငွေဘယ်လောက်ပေးမှာတုံး-ဦးသူတော်။ ငွေလုံးလုံးလောက်လောက်ပေးရင်တော့ စဉ်းစားရတာပေါ့။ ဦးထုပ်နဲ့ လဲရတာပေါ့"

ဖိုးသူတော်တစ္ဆေသည် ညှိုးငယ်သောမျက်နှာဖြင့်. . .

"ငါ နေထိုင်ရာ ညောင်ပင်၏တောင်ဘက်တွင် ညောင်မြစ် ပင်စည်ခြေရင်းတွေ ငါပိုင် ငွေစင်တုံးတွေရှိသည်။ တူးယူလေတော့"

"ဒါဆို-ဦးသူတော်ပါ လိုက်ခဲ့"

ဒေါင်းတလူသည် ပြောပြောဆိုဆို ရှေ့မှထွက်သွားပေရာ ဖိုးသူတော်တစ္ဆေသည် နောက်မှ ခပ်ကုပ်ကုပ်လိုက်ပါလာသည်။ ညောင်ပင်သို့ ရောက်လျှင်ပါလာသော ကိုင်းခုတ်ဓားနှင့် မြေကို တူးဆွလေ၏။ မြေကြီးကား မိုးရေကြောင့် ပျော့ပြဲကာ နူးအိနေပေပြီ။ ပင်ပင်ပန်းပန်း တူးစရာပင်မလိုဘဲ ဖိုးသူတော် တစ္ဆေ ပြောသည့်အတွင်း စဉ့်အိုးနှင့်ထည့်ကာ မြှုပ်နှံထားသည့် ငွေစင်ငွေသားများကို ရရှိလေသည်။ အမှန်စင်စစ် ဖိုးသူတော်တစ္ဆေသည် လူ့ဘဝရှိစဉ်ကပင် စိမ်းသိမ်းဆည်းမြှုပ်နှံထားသော ဥစ္စာကို စွဲလမ်းတပ်မက်ကာ သေလွန်သည်၏နောက်ဘဝတွင် တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရခြင်းပင်တည်း။ ဉစ္စာစွဲ တဏှာပင်တည်း။

ကိုယ်ပျောက်တဏှာဦးထုပ်ကိုပြန်ရလျှင် မိုးသူတော် တဏှာသည် ကွယ်ပျောက်သွားသည်။ ဒေါင်းတလူသည် မမျှော်လင့်ဘဲ ငွေစင်ငွေသား ၃ ပိဿာရလိုက်သဖြင့် အပျော်လွန်ပီတိဖြစ်ကာ ကျောင်းပေါ်၌ပင် မအိပ်တော့ဘဲ တစ်ညလုံး ငုတ်တုတ်ထိုင်ကာ သတိဝီရိယနှင့် နေလေသည်။

မိုးကား လုံးဝတိတ်သွားပေပြီ။ ရေစက်ကျသံ တပျောက်ပျောက်သာ ကြားနေရသည်။

နံနက်မိုးလင်းလျှင်လင်းချင်း ဒေါင်းတလူသည် ငွေသုံးပိဿာကို လုံခြုံစွာ သိမ်းဆည်းကာ ဖွတ်ဖမ်းကိရိယာများကို သိမ်းဆည်းလျက် ရွာသို့ခြေကုန်သုတ်လေတော့သည်။

* * *

နေ့လယ် မွန်းတည့်ချိန်မှပင် ဒေါင်းတလူသည် ရွာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ရောက်လေသည်။ သူသည် မမျှော်လင့်ဘဲ ဉစ္စာပစ္စည်းတွေ ရရှိခဲ့ရပေကာ မောရမှန်း ပန်းရမှန်းမသိ။ တစ်ကိုယ်လုံး ပေရေနွံမြဲဖတ်ကာ ဖွတ်လိုက်ပစ္စည်းများနှင့် အိမ်ပေါ်သို့ အူယားဖားယား တက်လာလေ၏။ ဇနီးသည် မိချိုသည် သူ့ကိုမြင်လျှင် မျက်မှောင်ချီကာ စကားမပြောဘဲ ခြေဆောင့်၍ အိမ်နောက်ဖေးသို့ ထွက်သွားသည်။ သူက လိုက်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"ဒီမှာဟဲ့-ငါပြောတာကို နားထောင်ပါဦး"

မိချိုးဖြူသည် သူ့ကို မကျေမနပ်ကြည့်သည်။

"ပြောစမ်း-ရှင်-တစ်ညလုံး ဘယ်မိန်းမပျက်အိမ်ရောက်ပြီး အကြည်ဆိုက်နေတာလဲ-သေနာကောင်-ပြောစမ်း"

ဒေါင်းတလူသည် ဒေါသထွက်နေသော ဇနီးသည်ကို ကြည့် ရင်း စိတ်မဆိုးဘဲ ပြုံးစေ့စေ့ကြည့်နေသည်။ ထိုအခါ မိချိုးဖြူသည် ပို၍ ဒေါသထွက်ကာ ဒေါင်းတလူ၏ ကျောပြင်ကို လက်သီးဖြင့် တအုန်းအုန်းထုလေသည်။ ဒေါင်းတလူက တဟဲဟဲ ရယ်နေသည်။ နာကျင်ရမှန်းမသိ၊ စိတ်မဆိုးတော့။

"ဟား-ဟား-ဟား-လုပ်လေ-လုပ်ပါ။ နင့်လက်သီး လောက်တော့ အပျော့ပေါ့ဟယ်။ ငါ-တစ္ဆေနဲ့တောင် နပန်းလုံး လာတာဟဲ့။ ငါနိုင်လာတယ်သိလား-ဒီလို"

ဒေါင်းတလူသည် အိမ်ရှေ့တံခါးကို ပိတ်၊ ပြတင်းပေါက် လိုက်ကာများကိုချကာ ဖိုးသူတော်တစ္ဆေနှင့်တွေ့ပုံ၊ နပန်းလုံးပုံ၊ ကိုယ်ပျောက်ဦးထုပ်ရပုံ၊ ငွေစင်ငွေသားနှင့် လဲလှယ်ခဲ့ပုံတို့ကို ဇာတ်စုံခင်း လေတော့သည်။

"တကယ်လားတော်"

"တကယ်ပေါ့ဟ-ဒီမှာကြည့်"

ဒေါင်းတလူသည် ဖွက်ယူလာသော ငွေစင်ငွေသားများ



www.burmeseclassic.com

www.burmeseclassic.com



ကို ထုတ်ပြသည်။ မိခိုးဖြူသည် ငွေစင်ငွေတုံးတွေကိုကြည့်ကာ မယုံနိုင်အောင်ရှိသည်။ ထို့နောက်သူတို့သည် ချိန်ခွင်ဖြင့် ချိန်တွယ် ကြည့်ကြရာ သုံးပိဿာကျော်လေသည်။

"အမလေး-အများကြီးပါလား-တော်ရေ၊ သူဌေးဖြစ်ပြီ. . ။ ကျုပ်-တို့တော့ပွတာပဲရှင်။ ဒါတစ္ဆေပေးတာပေါ့။ ဘုန်းကြီး ရဟန်း၊ သံဃာကိုလှူရမယ်။ ဖိုးသူတော်ကို အမျှဝေပေးရမယ်"

"မိခိုးဖြူသဘော-မင်းသဘော"

နောက်ရက်များတွင် ငွေစင်ငွေသားများကို အနည်းငယ်စီ ထုခွဲရောင်းချကာ ရဟန်းသံဃာကို အလှူအတန်း ပြုလေသည်။ ဒေါင်းတလူသည် ဖွတ်ရှာ၊ ဖွတ်ဖမ်းအလုပ်ကို စွန့်လွှတ်လိုက်ကာ ကုန်လှေကြီးတစ်စီးဝယ်၍ မြန်မာပြည်ထက်အောက် ကုန်ကူးခြင်းလုပ်ငန်းဖြင့် အသက်မွေးရန် ကြံစည်လေတော့၏။ မိခိုးဖြူကလည်း သဘောတူလေသည်။

* * *

လူ့စိတ်ဆိုသည်မှာ ဆန်းကြယ်သည်။ ရိုးသားဖြူစင်သည်နှင့်အမျှ ရှုပ်ထွေးပွေလီတတ်သည့် သဘောလည်းရှိသည်။ ဒေါင်းတလူတို့ ဇနီးမောင်နှံ နေ့ချင်းညချင်း ကြီးပွားချမ်းသာလာသည်ကို မကျေမချမ်း အိုပ်မပျော်သူကလည်း ရှိတတ်သည်။

မိခိုးဖြူ၏အစ်မ မိကျေးဖြူသည် ညီမဖြစ်သူ နေ့ချင်းည



www.burmeseclassic.com

www.burmeseclassic.com



ချင်း ကြီးပွားချမ်းသာလာသည်ကို မရှုဆိတ်နေသူဖြစ်သည်။ သူတို့သည် သာမန်လက်လုပ်လက်စား ယာသမားများဖြစ်ကြရာ မိချိုဖြူတို့ ဘယ်ပုံဘယ်နည်းလျှင်မြန်စွာ ချမ်းသာလာသည့် နည်းလမ်းကောင်းကို သိလိုသူဖြစ်သည်။ နည်းလမ်းသိရှိပြီဆိုလျှင် ယောကျ်ားဖြစ်သူကို ဒေါင်းတလူကဲ့သို့ ရှာဖွေလုပ်ကိုင်ရန် ကြံစည်ထားသည်။

ညီအစ်မရင်းချာဖြစ်သည်နှင့်အညီ အစ်မဖြစ်သူကို သူလိုပင် ကြီးပွားချမ်းသာစေလိုရကား မိချိုဖြူသည် ဒေါင်းတလူ ငွေစင်ငွေသားရရှိလာပုံကို တစ်လုံးမကျန်အစမှအဆုံး ဖောက်သည်ချလေသည်။

"အစ်မရေ-ကိုဒေါင်းတလူ အဲ့သလိုနည်းနဲ့ ဖိုးသူတော်တစ္ဆေဆီမှ ငွေခဲတုံးအများကြီးရလာတာကြောင့် အစ်မယောကျ်ားကိုဖိုးပြောကိုလည်း အဲ့သလိုရအောင် လုပ်ခိုင်းလိုက်ပါလား။ လွယ်လွယ်ကလေးပါတော်။ လက်ဖွဲ့ကလေး ဘာလေးနည်းနည်းပါးပါး ထိုးပြလိုက်ရင် ပြီးတာပါပဲဟာယ်။ လွယ်ပါတယ်ဟဲ့။ ဘာခက်တာမှတ်လို့။ ပြီးရင် သူဦးထုပ်ယူ၊ ငွေနဲ့လဲ မှတ်ဖူးလား။ ချမ်းသာတဲ့နည်းက ဒီနည်းပဲရှိတာ။ ပြီးရင်-ကိုဒေါင်းတလူလို ကုန်လှေကြီးတစ်စင်း ဝယ်ပြီး ကုန်ကူးပေတော့"

မိချိုဖြူသည် မစားရ ဝခမန်း ယောင်ဝါးဝါး. . .။ အချွန်ဖြင့် မ,လေသည်။ မိကျေးဖြူ၏ ယောကျ်ားသည် ပင်ကိုကောင်



www.burmeseclassic.com

www.burmeseclassic.com



လက် ကြောတင်းအောင် အလုပ်လုပ်သူမဟုတ်ပေ။ လယ်ယာအလုပ်၊ ချောင်းမြောင်းအလုပ်ကိုလည်း စိတ်ဝင်စားသူမဟုတ်ချေ။ အရက်ကလေးတမြမြနှင့် ရွာနီးကိုးပေါက် မယ်ဒလင်လေးတီးလိုက်၊ ဘင်ဂျို ကလေးတီးလိုက်နှင့် ပေါ့ပေါ့နေပေါ့ပေါ့စား။ လူပေါသွပ်တစ်ယောက် သာတည်း။ ကာလသားသဘာဝ အရှိန်မသေသေးချေ။

ယခုတော့ သူ့ရှေ့မှောက်မှာပင် ပျားဖွတ်သားထိုး၊ ဖွတ်လိုက်သူက ပဒေသာပင်မြေမှ ရုတ်ခြည်းပေါက်လာသလို ချက်ချင်းကြီး ကြီးပွားချမ်းသာလာသောအခါ မကျေမနပ်ဖြစ်လာသည်။ သည်ကြားထဲ မယားဖြစ်သူက မြှောက်ပေး။ တကျိုကျိုနားပူနားဆာ လုပ်လေတော့သည်။ ထိုအခါ သူတစ်ပါးအပေါ်မနာလို မရှုဆိတ်၊ သေးသိမ်သောစိတ်ဓာတ်၊ အချောင်ခိုသောစိတ်၊ ဖြတ်လမ်းမှ ကြီးထွားလိုသောစိတ်သည် သွေးသားထဲမှ ရုန်းကြွလာသည်။ ပေါက်ကွဲ လာသည်။

"ကိုဖိုးပြော့-ရှင် ဆုံးဖြတ်ပြီးပြီလား"

မိကျေးဖြူ၏ ယောကျ်ားနာမည်မှာ ဖိုးပြော့ဖြစ်သည်။ ဖိုးပြော့သည် ဆေးပေါ့လိပ်ကို ယာခင်းမီးရှို့သည့်ပမာ မီးခိုးတလူလူထအောင် ဖွာရှိုက်ရင်းမိကျေးဖြူကို မဝံ့မရဲ လှမ်းကြည့်သည်။ မိကျေးဖြူတို့ ညီအစ်မတွေသည် တစ်ရွာလုံးမှာ အော့ကြောလန် ခပ်စွာစွာတွေ နပန်းလုံးသူတွေဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိကျေးမြှုသည် ထဘီကို တိုတိုဝတ်ရင်း ခါးထောက်၍ ရပ်နေသည်။

"ဘာကိုလဲဟ"

"ရှမ်းဘောင်းဘီကြီး ဖွတ်ရှာဖို့ ကိုဒေါင်းတုလူလို လုပ်ဖို့ပေါ့ ရှင့်"

ဖိုးပြော့သည် ဆေးလိပ်ကို တစ်ဖွာနှစ်ဖွာ ရှိုက်လိုက်ပြန်သည်။

"အေးပါဟာ-တက်ပါ့မယ်-သွားပါ့မယ်။ ဒါပေမဲ့-ငါက ဖွတ်ဖမ်းတာ မကျွမ်းကျင်ဘူးနော်"

"အမလေးတော်-လွယ်လွယ်ကလေးပါ။ ကိုဒေါင်းတုလူ သင်ပေးမှာပေါ့"

"ဒို့မှာ ဖွတ်ဖမ်းပစ္စည်းတွေ မရှိဘူးဟ"

ဆင်ခြေကတော့ ပေးမြဲ။ ဖိုးပြော့သည် အနည်းငယ်မျှ သွားလိုစိတ်မရှိပေ။

"ရှိရပါစေ့မယ်-ကိုဒေါင်းတုလူက ဒီပစ္စည်းတွေကြောင့် ချမ်းသာတာဆိုပြီး ရှိုးရိုးသေသေသိမ်းထားလေရဲ့။ ကျုပ် ငှားပေးပါ့မယ်တော်။ ဒီအတွက် မပူပါနဲ့။ စိတ်ချ-ရှင် မနက်ဖြန်သာ တောတက်ဖို့ပြင်။ သွားရမယ့် နေရာကို သေသေချာချာ လေ့လာပြီး လေ့ကျက်ထားနော်"

"အေးပါဟာ-စိတ်ချပါ။ မနက်ဖြန်မနက် စောစောတော



www.burmeseclassic.com

www.burmeseclassic.com



တက်ပါမယ်"

"ရှင် ကျန်းမာရေးဂရုစိုက်။ စားနပ်ရိက္ခာ ပြည့်ပြည့်စုံစုံ ယူသွားဦး။ တောထဲမှာ ရှင်ဆာနေမှဖြင့်"

မိကျေးဖြူသည် မပူပင်စဖူး ပူပင်နေလေသည်။ ဖိုးပြော သည် မနက်ဖြန် တောတက်ရမည့်အရေးကို တွေးပူကာ သက် ပြင်းချလျက် ရှိပေသည်။

"အော်-မိန်းမ-မိန်းမ-ငွေတော်တော်မက်ပါလား။ ငါ့ကို သရဲနဲ့ နပန်းလုံးခိုင်းတယ်"

တောအုပ်သည် အိပ်တန်းပြန်ငှက်တို့ဖြင့် ပြန်လည် အသက်ဝင်လှုပ်ရှားလာသည်။ အနောက်ဘက်ကောင်းကင်ယံ တွင် မိုးတိမ်တွေ ထူထပ်နေသော်လည်း မိုးရွာရန် မသေချာတော့ ပေ။ တိမ်တောင်အချို့သာ ကောင်းကင်မျက်နှာကြက်တွင် ဆိုင်းဖွဲ့ မှိုင်းအိနေခြင်းဖြစ်သည်။ လျှပ်စီးတစ်ချက်လက်သည်။

ပိုက်ကွန်ဟောင်းတစ်စုံ၊ ကိုင်းခုတ်ဓားတစ်လက်၊ မီးတုတ် တို့နှင့်အတူ အရပ်ရှည်ကိုင်းကိုင်း၊ ခါးကြောရှည်ရှည် လက်ပြင် ကုန်းကုန်း လူတစ်ယောက်သည် တောအုပ်အစွန်ရှိ လူသူစွန့်ပစ် ထားဟန်ရှိသော ဘုန်းကြီးကျောင်းပျက်ဆီသို့ ခြေလှမ်းခပ်လေး လေးဖြင့် လျှောက်လာသည်။ သူသည် ကျောင်းပျက်အို ဇရပ် ညောင်ပင်ကြီးကို ငေးရီသော မျက်ဝန်းမှိုင်းမှိုင်းများဖြင့်လည်း ကြည့်ကာ ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလိုက်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ကောင်းကင်သည် ရုတ်တရက် ပြာမှိုင်းညို့ဝေသွားကာ မိုးရွာတော့မယောင်ဖြစ်သွားသေးသည်။ သူသည် လက်ထဲမှ မီးတုတ်ကို ခပ်ဆဆကိုင်ရင်း. . .

“တောက်-မိုးများ ရွာဦးမလား မသိဘူး”

စိတ်ပျက်လက်ပျက် ရေရွတ်ကာ ကျောင်းပျက်နံဘေး ညောင်ပင်ကြီးအောက်သို့ ဝင်လိုက်လေသည်။ သူ့ရင်ထဲမှာ ရုတ်တရက် အေးစိမ့်သွားကာ ကြက်သီးထသလို ခံစားလိုက်ရသည်။

“ဒီညောင်ပင်နဲ့ ဒီကျောင်းပျက်ဆိုတာ သေချာသွားပြီ။ ဟုတ်ပါရဲ့-မြေကြီးတွေလည်း တူးဆွထားတာ ဝက်စားကျင်းလို ပေပွနေတာပဲ။ ဒါ-ဒေါင်းတလူနဲ့ ညောင်ပင်တစ္ဆေ တူးဆွသွားတာဖြစ်ရမယ်။ ငါ့အတွက် ငွေတုံးတွေ ကျန်မှ ကျန်ပါဦးတော့မလား”

သူသည် တစ်ယောက်တည်းတွေးရင်း စိတ်ပျက် လက်ပျက် ထိုင်ချလိုက်သည်။ ကြီးမားအုံ့ဆိုင်းလှသော ညောင်ပင်ပတ်ပတ်လည်ကို ဝေ့ဝဲ အကဲခတ်လိုက်သေးသည်။

“တစ္ဆေက ဒီညောင်ပင်မှာ နေတာပဲ။ ဟောဒီ-တောင်ဘက်ကို ဖြာဆင်းနေတဲ့ ညောင်ကိုင်းကြီးဟာ ရောမကြီးပဲကွဲ။ ဖိုးသူတော် ဝေလေလေတစ္ဆေ ဒီကိုင်းမှာ နေတာဖြစ်ရမယ်။ [illegible] တွေ့လို့ သူ ဆင်းမလာပါ့မလား။ ငွေတုံးကလေး နည်းနည်းပါ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရရင်တော်ပါပြီ။ ဟာင်း-ဟာင်း-လေးပိဿာလောက်ပေါ့။ လေး ပိဿာလောက်ရမှ ဒေါင်းတလူထက် သာမှာ"

သူသည် အနည်းငယ် တွေဝေသွားကာ မထူးပါဘူးဟု ရေရွတ်လျက် ပစ္စည်းတွေကို သိမ်းကြုံးယူငင်ကာ ကျောင်းဖျက် ပေါ်သို့ မဝံ့မရဲတက်လာလေသည်။ ပစ္စည်းတွေကို ကျောင်း ထောင့် တိုင်ဘေးမှာထား၏။

ညနေရီချမ်းသည် လျှင်မြန်စွာဖြင့် အမှောင်ဘက်ဆီသို့ ရွေ့လျားလာလေပြီ။ ကျောင်းပျက်ထဲသို့ဆက်ရက်တွေ၊ ဇာတ လေးတွေ အုပ်စုဖွဲ့ပျံသန်းလာရာမှ တဖြည်းဖြည်း ငြိမ်သက်သွား သည်။

သူသည် မယားဖြစ်သူ စိစဉ်ပေးလိုက်သော စားသောက် ဖွယ်ရာများကို တစ်ဝတစ်နင့်စားကာ ပြောင်းဖူးဖက်ဆေးလိပ်ကြီး ကို မီးခိုးတလူလူထွက်အောင် ဖွာရှိုက်လေသည်။

အမှောင်သည် ကြောက်မက်ဖွယ် ဝါးမျိုလာပေပြီ။ လသာ ရက်ဖြစ်သော်လည်း ကျောင်းအဆောက်အအုံတွင်း၌ အမှောင်က ပြည့်ပြည့်ဝဝ စိုးမိုးလာခြင်းဖြစ်သည်။ အလည်လွှန် ငှက်ကလေး တစ်ကောင်တလေသာ သုတ်သုတ်ပျာပျာ ဝင် ရောက်လာတတ်သည်။

ဆေးလိပ်ကို တဖွာဖွာ၊ အစာကို ပါးဖြန့်ဖြန့်စားကာ ငိုက် လေးလာရာမှ ကျောင်းနံရံကို မှီ၍ ငိုက်မြည်းစပြုလာသော မိုးမြော



www.burmeseclassic.com

www.burmeseclassic.com



သည် ညောင်ပင်ပေါ်မှ ဖိုးသူတော်တစ္ဆေ ဘယ်တော့ ကျောင်းပေါ်တက်လာမလဲဟု စဉ်းစားနေစဉ်မှာပင် ကျောင်းအပြင်ဘက် ညောင်ပင်ကြီးဆီမှ အိပ်တန်းတက်ခါစ ကျီးကန်းတွေ ဝေါခနဲ လန့်ပြီးသွားကာ ညောင်ပင်ကြီးပေါ် သိမ့်ခနဲ ခါယမ်းသွားသည်။

နံရံကို မှီပြီး ငိုက်မြည်းနေရာမှ သူသည် ဆတ်ခနဲ တုန်ခါလန့်ဖျပ်သွားကာ အယောင်ယောင်အမှားမှားဖြင့် ထရမလို ထိုင်ရမလို ဖြစ်သွားသည်။

ခဏကြာလျှင်-

ကျောင်းလှေကားမကြီးဆီမှ လွှာချင်းဖိနပ်သံ တဖျပ်ဖျပ်နှင့် ကျောင်းပေါ်တက်လာသော ခြေသံတစ်စုံကို စတင်ကြားလိုက်ရသည်။

* * *

ခြေသံသည် လှေကားထိပ် ခန်းမကြီးအဝသို့ ရောက်လျှင် ရပ်တန့်သွားသည်နှင့် တစ်ပြိုင်နက် အိမ်မြှောင်တစ်ကောင်၏ စုတ်ထိုးသံ ထွက်ပေါ်လာသည်။ ထို့နောက် နောက်တစ်ကောင်-နောက်တစ်ကောင်-တစ်ကောင်-တစ်ကျောင်းလုံးရှိ အိမ်မြှောင်များ၏ စုတ်ထိုးသံ ဟိုမှ သည်မှ ဆူညံစွာ ထွက်ပေါ်လာလေတော့သည်။

ဖိုးပြော့သည် လက်ထဲမှ ဆေးပေါ့လိပ်ကြီးကို ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ယမ်းကာ ပစ်ချလိုက်ပြီး လှေကားထိပ်ကို လှမ်းကြည့်လိုက်ရာ ဦးခေါင်းပြောင်ပြောင် မျက်နှာပြဲပြဲကြီးနှင့် လူတစ်ယောက် ခါးထောက်ကာ ရပ်နေသည်ကို တွေ့လိုက်ရသည်။ ဦးခေါင်း ပြောင်ပြောင်ကြီးသည် ဇီးကွက်ကြီးတစ်ကောင်လို ဟိုသည်ဝဲယာ ဝေ့ဝဲကြည့်လိုက်သည်နှင့် ကျောင်းထောင့်တွင် ချိတ်ဆွဲထားသော ဖွတ်လိုက်ပစ္စည်းများကို တွေ့လိုက်သည်နှင့် အဆီပြောင်ပြောင် မျက်နှာပြဲကြီးသည် ကြောက် မက်ဖွယ် မဲ့ရှုံ့သွားကာ အံတစ်ချက် ကြိတ်လိုက်သည်။

"လောဘကြီးတဲ့ အကောင်-နောက်တစ်ခါလာပြန် ပလား။ ရသလောက်နဲ့ မကျေနပ်သေးဘူးလား။ နင်တော့လား-ဟင်း-သေဖို့ပြင်"

ကျယ်လောင်သော အသံကြီးဖြင့် ကြိမ်းမောင်းလေ သည်။ ထိုအခါ ဖိုးပြောသည် လန့်ဖျပ်ကာ. . .

"မ-မ-မဟုတ်-အင်း-အဲဒါ ကျွန်တော့်ပစ္စည်းတွေပါ ခင်ဗျ"

သူသည် ကြောက်ကြောက်လန့်လန့် အထစ်ထစ်အငေါ့ ငေါ့ ပြောလေသည်။ ပင်ကိုကပင် သတ္တိကြောင်သူဖြစ်သည် သာမက အလုပ်လက်ကြောတင်းအောင် လုပ်တတ်သူမဟုတ်၍ ကား ဖိုးသူတော်တစ္ဆေကို မြင်သည်နှင့်ပင် ကြောက်ခမန်းလိလိ မတတ် တုန်လှုပ်နေပေပြီ။ ချွေးတွေ စို့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ကျောင်းပေါ် သို့ နောက်ထပ်ခြေသံတွေ တဖျပ်ဖျပ်နှင့် တက်လာသံတွေကြားလိုက်ရပြန်သည်။ ဖိုးသူတော်သည် ခြေသံ လာရာငှဲစောင်းကြည့်လိုက်ပြန်သည်။ လှေကားထိပ်တွင် အသားညိုညို ခန္ဓာကိုယ်တုတ်ခိုင်သော လူတစ်ယောက်နှင့် ကိုရင်ကလေးတစ်ပါး ရပ်နေသည်။

"ဟော့-သင်းပဲကွ။ နောက်တစ်ခါ ထပ်လာပြန်ပြီဟော့။ လောဘကြီးလှပါကလား"

လှေကားထိပ်မှ ရပ်နေသော နှစ်ယောက်သည် လျှင်မြန်စွာရွေ့လျားလာကြသည်။ ကိုရင်ကလေးသည် လူ့ဘဝ သက်ရှိထင်ရှားရှိစဉ်က လွန်စွာပင် မျောက်လွဲကျော်ကပင် ရှုံးအောင်ဆော့ရကား ရေနစ်သေဆုံးခဲ့ရသော တစ္ဆေကလေးဖြစ်သည်။ အသားညိုညို တုတ်ခိုင်ခိုင် ပုဂ္ဂိုလ်ကြီးကတော့ ကပ္ပိယကြီးဖြစ်ကာ တောထဲ ဟင်းသီးဟင်းရွက် ရှာဖွေခူးရာမှ မြွေကိုက်၍ သေဆုံးရခြင်း ဖြစ်ပေရကား ဖိုးသူတော်တစ္ဆေ၊ ကပ္ပိယကြီးတစ္ဆေ၊ ကိုရင်တစ္ဆေတို့ကြီးစိုးနေသော ကျောင်းပျက်အိုကြီးနှင့် ညောင်ပင်တစ်ဝိုက်ပင် ဖြစ်ပေသည်။ သူတို့သုံးဦးပေါင်းဖြင့် အခြောက်အလန့်ကြီးခဲ့ရကား ရွာသူရွာသားအားလုံးက ကျောင်းကို မကပ်ရဲတော့ဘဲ စွန့်ခွာသွားကြပုံရသည်။ ကပ္ပိယလူထွားတစ္ဆေကြီးက. . .

"ဟင်း-ဟင်း-ဟင်း-တွေ့ကြသေးတာပေါ့ကွာ။ အရင်က တစ်ယောက်တည်းမို့ ခံလိုက်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံသည် သစ်တုံးကိုလွှဖြင့် တိုက်ဖြတ်သံနှင့်တူသည်။ ကိုရင်လေးက သွားဖြဲ၍ အစွယ်နှစ်ချောင်းကို လှစ်ပြလိုက်သည်။

"ဟီး-ဟီး-ဟီး-အရှင်လတ်လတ် ကိုက်စားပစ်မယ်၊ ဆာလှပြီ. . ."

အသံသည် ကျောက်တုံးနှစ်တုံး ကြိတ်သံနှင့်တူသည်။

ဖိုးသူတော်သည် မကျေမချမ်း မျက်ထောင့်နီကြီးဖြင့် မေးတစ်ချက်ဆတ်ရင်း. . .

"ဟေ့ကောင်-နင့်နာမည်ပြောစမ်း-ဘယ်သူလဲ"

တစ်ဖက်လူ ဖိုးပြော့သည် တုန်တုန်ရီရီဖြင့် မေးရှိုက်ကာ. . .

"လေး-လေးပိသာ-သာ-ဟုတ်ပေါင်-င-င-ငပြော့ပါ"

ထိုအခါ ဖိုးသူတော်ကြီးက ဦးခေါင်းပြောင်ကြီးကို ဆတ်ခနဲ တစ်ချက် ညိတ်လိုက်ကာ. . .

"ကဲဟေ့-လက်ဖွေ့ထိုးသတ်ကြစို့ရဲ့။ သုံးယောက်ပေါင်းပြီး ပွဲမြန်မြန်သိမ်းမယ်ဟေ့"

ဖိုးသူတော်ကြီး စကားဆုံးသည်နှင့် ကပ္ပိယကြီး၏ ပြည်တောင်းပမာဏရှိသော ရေမလက်သီးကြီးတစ်လုံးသည် ဖိုးပြော့၏ သုံးမြှောင့်ပုံမျက်နှာစုတ်ချွန်းချွန်းကို တိုက်မိုက်ထိမှန်သွားကာ ဖိုးပြော့သည် "အု" ခနဲတစ်ချက်သာ အော်နိုင်ပြီး ဆယ်ပေခန့်



www.burmeseclassic.com

www.burmeseclassic.com



လွင့်စဉ်ထွက်သွား၏။ ဆမူဆာကို တူနှင့်ထုလိုက်သလိုဖြစ်သည်။ ထိုအခါ ကိုရင်ကလေးကလည်း သက်န်းကိုလွှားခနဲ တစ်ချက်ဝဲလိုက်ကာ မြောက်ခနဲခုန်လိုက်သည်။ သူလည်း ခေသူမဟုတ်။ ၁၀ ပေခန့် မြောက်တက်သွားသည်။

"ဟိုင်းယား-ဘာမထိ မိုးပျံကိုရင်တဲ့ကွ"

ကိုရင်ကလေးသည် အပေါ်သို့ ဆယ်ငါးပေခန့် မြောက်တက်သွားပြီး ပြန်ကျသည်နှင့် သူ၏ခြေထောက်က ဖိုးပြော့၏ရှုနှာ မှိုက်ကုန်းကျောပြင်နှင့် တန်းနေလေသည်။ ဖိုးပြော့ ကော့သွား၏။

"ဖုန်း-အင့်"

"သေ-သေ-သေပါပြီ"

ဖိုးသူတော်သည် ကားယားကြီးလဲကာ သတိလစ်မတတ်ဖြစ်နေသော ငပြော့၏ ခြေနှစ်ချောင်းကို ဆတ်ခနဲဆွဲယူကာ အဝတ်ဖွပ်သလို ကြမ်းပြင်နှင့် တဒုန်းဒုန်း ဆောင့်လေသည်။

ဖိုးပြော့သည် တစ်ကိုယ်လုံးသွေးတွေထွက်၊ ဖူးယောင်ကာ ရေစိုနေသော အီကြာကွေးဖြစ်နေလေပြီ။

"ဟား-ဟား-ဟား-မင်းက ဟာကြီးလို ငပြော့ပဲကိုး။ လောဘကြီးတဲ့ကောင်-ငွေတိုးငွေခဲတော့မရဘူးဟေ့-ဒါပဲရမယ်-ဒါပဲယူ- ရော့-ယူ"

"ဒုန်း"



www.burmeseclassic.com

www.burmeseclassic.com



"အား"

ဖိုးသူတော်သည် ဒူးဖြင့် ခပ်ပြင်းပြင်း တစ်ချက်တိုက်လိုက်ပေရာ ဖိုးပြော့သည် တစ်ချက်ကော့ကာ ကျောင်းအောက်သို့ တလိမ့်ခေါက်ကွေးပြုတ်ကျသွားလေသည်။ ဖိုးပြော့သည် လဲပြိုကျနေရာမှ အားယူထကာ သုတ်ခြေတင်ပြေးလေတော့သည်။ ဒေါင်းတလူဆီမှ ငှားရမ်းလာသော ဖွတ်လိုက်ပစ္စည်းများကိုပင် မသယ်ယူနိုင်တော့။ လသာသာမြေလမ်းအတိုင်း တောအုပ်ကိုဖြတ်ကာ ဒရောသောပါး ထွက်ပြေးရလေ၏။ နောက်ကို လှည့်မကြည့်ဝံ့။

သံမဏိဖိုးပြော့သည် မယားမိကျေးဖြူ၏ ခိုင်းစေချက်ကြောင့်သာ တောတက်ခဲ့ရသော်လည်း ပင်ကိုကပင် တောတက်ဖူးခြင်းမရှိ၊ လက်ကြောတင်းအောင် အလုပ်မလုပ်။ သတ္တိကြောင်သူ တစ်ယောက်ဖြစ်ပြီး အသတ်အပုတ်လည်း မကျွမ်းကျင်ရာ တစ်ချက်မျှ ပြန်မထိုးနိုင်ဘဲ ဒရောသောပါး ပြေးလာရခြင်းသာဖြစ်သည်။ ဖိုးပြော့သည် ပြေးလွှားနေရင်းမှ နောက်သို့ လှည့်ကြည့်လိုက်ရာ ထန်းပင်အမြင့်ပမာဏရှိ ရောမတချွေကြီးသုံးကောင်သည် ရွာထိပ် တံခါးဝတိုင် လိုက်လာကြသည်ကို တွေ့လိုက်ရပြီး ရွာထိပ်နတ်ကွန်း ရှေ့တွင် အမောဆို့ သတိလစ်ကာ လဲကျသွားလေသည်။

နောက်နှစ်ရက်ခန့်ကြာသော် ဖိုးပြော့သည် ရရှိသော



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာများဖြင့် ကြောက်လန့်တကြား လန့်ဖျားဖျားကာ သတိမရ တစ်ချက် ရတစ်ချက် ကယောင်ကတမ်း အော်ဟစ်ရင်း ကွယ်လွန်သွားရှာသည်။

မင်းဘုန်းသိခ်သူ



www.burmeseclassic.com

www.burmeseclassic.com





# အစိမ်းနုရောင် ပိုးပုဝါ

စိမ်းရင့်နက်မှောင်သော ငှက်ပျောတောကြီးက ညှို့မှိုင်းလျက် ရှိသည်။

ငှက်ပျောတောနောက်ခံတွင် ပြာလွင်လွင် အနောက်ရိုးမတောင်တန်းကြီးကို မြင်တွေ့ရသည်။ တောင်ခြေရွာကလေးဖြစ်သည်။ မြို့ကြီးပြကြီးများနှင့် အလှမ်းကွာ တောကျကျခေါင်လှသော ရွာကလေးဖြစ်သည်။ ရှေးရိုးစဉ်လာ အယူအဆများနှင့် လွှမ်းခြုံထားသော ငှက်ပျောတောရွာကလေး၏ လွန်ရော



www.burmeseclassic.com

www.burmeseclassic.com



ကျွဲရော ရှိလှမှ အိမ်ခြေ (၂၀) ကျော်လောက်ပင်ရှိလိမ့်မည်။

တောတက်၊ ဝါးခုတ်၊ ထင်းထုတ်၊ ဟင်းသီးဟင်းရွက်ရှာ၊ အမဲလိုက်၊ လယ်ကလေး မစိုမပိုစိုက်၊ ဒီလိုပဲ အသက်ရှင် နေထိုင်ခဲ့ကြသည်။ ညိုမောင်တို့မြေးအဘိုးက ရွာနှင့်အတန်ငယ် အလှမ်းကွာဝေးသော ရွာပြင်တောင်ဘက်တွင် နေထိုင်ကြသည်။ အဘိုးဖြစ်သူ ဦးဒေဝက ဗိန္ဓောနှင့် ပယောဂကုဆရာဖြစ်သည်။ နေထိုင်ရာ တဲအိမ်ကလေးတစ်လုံးနှင့် ငှက်ပျောခြံကြီးရှိသည်။ ငှက်ပျောခြံကြီးက ညိုမောင်တို့ စားဝတ်နေရေးအတွက် အထောက်အကူဖြစ်စေသည်။

အဘိုးဖြစ်သူ ဦးဒေဝက အိမ်မှာ သိပ်မရှိလှ၊ အနီးအနား ရွာများမှ လာရောက်ပင့်ခေါ်ကြသဖြင့် ဆေးကု မကြာမကြာ ထွက်ရသည်။ တစ်ခါတစ်ရံတွင် သုံး၊ လေးရက် ကြာတတ်သလို ရွာဆက်ဝေးသော ရွာများသို့ ဆေးကုသွားပါက တစ်ပတ်၊ ဆယ်ရက်ခန့် ကြာတတ်သည်။ များသောအားဖြင့် ငှက်ပျောခြံကြီး တစ်ခြံနှင့် တဲအိမ်တွင် ညိုမောင်တစ်ယောက်တည်းသာ ရှိတတ်သည်။ ယခုလည်း ဦးဒေဝ ဆေးလွယ်အိတ်ကို ပြင်နေသည်။ ခရီးထွက်တော့မည် ဖြစ်သည်။

"ညိုမောင်ရေ၊ ငါ မီးလောင်ကွင်းရွာဘက်မှာ လူနာချိန်းထားတာရှိလို့ သွားလိုက်ဦးမယ်။ သုံး၊ လေးရက်လောက် ကြာမယ်။ ငါမရှိတုန်း ငှက်ပျောခြံထဲက ခုတ်ဖို့ကောင်းတဲ့ ငှက်ပျော



www.burmeseclassic.com

www.burmeseclassic.com



ခိုင်တွေကို ခုတ်ပြီး ဈေးကားနဲ့ တင်ပေးလိုက်ဦး။ အောက်လက်တွေ ရှင်းထား"

"ဟုတ်ကဲ့ပါ အဘိုး"

မြို့ဈေးသွားမည့် ဈေးကားက ငှက်ပျောတောရွာလေးကို ဖြတ်သွားသည်။ ဖောက်သည်ပေးနေကျ ငှက်ပျောဆိုင်များသို့ ကား တင်ပေးလိုက်ရုံပဲ ဖြစ်သည်။ လူလိုက်သွားစရာမလို။ ပုံမှန် ရောင်းဝယ် ဆက်သွယ်နေကျဖြစ်သဖြင့် ဈေးပြန်တာနှင့်ပင် ရောင်းရငွေများ ပြန်ပါလာသည်။

BURMESE CLASSIC

ဘုရားခန်းထဲမှ ဦးဒေဝ ဘုရားဝတ်တက်ပြီး ထွက်လာသည်။ ဖူးဖောင်းနေသော ဆေးလွယ်အိတ်ကြီးကိုလွယ်ပြီး တဲအိမ်ပေါ်မှ စိုက်စိုက်၊ စိုက်စိုက်နှင့် ဆင်းသွားသည် တဲအိမ်ထဲတွင် ညိုမောင်တစ်ယောက်တည်းက ကျန်ရစ်နေခဲ့သည်။ ဘုရားစင်တွင် ဦးဒေဝ ထွန်းညှိထားပူဇော်ထားခဲ့သော အမွှေးတိုင်ငွေ့များက တလူလူ လွင့်ပျံ့ပြီး ငှက်ပျောခြံထဲသို့ ဝေ့ဝဲလွင့်ပါးလျက်ရှိသည်။ ဘုရားစင်ပေါ်တွင် အုန်းပွဲ၊ ငှက်ပျောပွဲများလည်း ရှိသည်။ အဘိုး မှာကြားခဲ့သည့်အတိုင်း ငှက်ပျောခိုင်များခုတ်ရန် အောက်လက်များရှင်းရန် ဓားကိုဆွဲပြီး ညိုမောင် တဲအိမ်ပေါ်မှ ဆင်းလိုက်သည်။

ညို့နေသော ငှက်ပျောတောကြီးကား အပင်များ စိပ်လှသည်။ အရွက်ချင်းထပ်လျက် မှုန်မှိုင်းနေပေသည်။ မိုးဦးကျမှ



www.burmeseclassic.com

www.burmeseclassic.com



သားတက်များကို ခွဲပြီးစိုက်ရဦးမယ်။ ညိုမောင်သည် ငှက်ပျောခြံ ဆဲသို့ လျှောက်လာရင်း ခုတ်ရန်သင့်တော်သော ရင့်နေသည့် ငှက်ပျောခိုင်များကို လိုက်ရှာသည်။ အသီးစုံပြီး ငှက်ပျောဖူး ချွေသင့်သည်များကို ခုတ်ဖြတ်ပစ်သည်။ အရွက်ဝါကျနေသော အောက်လက်များကို ရှင်းပစ်သည်။ တချို့ငှက်ပျောခိုင်းများ ထွက်လာသည့် ငှက်ပျောပင်မှ ပင်စည်လဲကျမသွားရန် ထိပ်ဖျား တွင် ကြက်ခြေခတ်ထားသော ဝါးလုံးထောက်များနှင့် ထောက် ကန် ပေးရသည်။

ထိုနေ့က ဈေးကားနှင့်တင်ပေးရန် ငှက်ပျောခိုင် ဆယ် ခိုင်ခန့်ရသည်။ ညိုမောင်တို့ ငှက်ပျောခြံထဲတွင် ဖီးကြမ်း၊ ရေသီး၊ နံ့သာပု၊ သီးမွှေး၊ ရခိုင်စသည်ဖြင့် ငှက်ပျောမျိုးစုံစွာ စိုက်ပျိုး ထားသည်။ ခုတ်ပြီးသား ငှက်ပျောခိုင်များကို တဲရှေ့သို့သယ်ပြီး ပုံထားလိုက်သည်။ လူလည်းပင်ပန်းသွားသည်။ တစ်ကိုယ်လုံး ရေချိုးထားသကဲ့ သို့ ချွေးများစို့ထွက်လာသည်။ တဲအိမ်ထဲဝင်ပြီး သောက်ရေအိုးစင်မှ ရေတစ်ခွက်အား အားပါးတရ မော့ချလိုက် သည်။

"အားပါး၊ အခုမှပဲ အမောပြေသွားတော့တယ်"

အေးစိမ့်သောရေက ရင်ထဲတွင် အေးမြသွားပြီး ပင်ပန်း နွမ်းနယ်သမျှ အမောပြေသွားသည်။ ငှက်ပျောခြံထဲသို့ ပြန်ဆင်း လာခဲ့သည်။ ဒီတစ်ခေါက်သယ်ပြီးရင်တော့ ကုန်သလောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသွားပြီ။ ဈေးအမီတင်ပို့ပေးရမည်ဖြစ်သည်။ သွားရင်းလာရင်းနှင့် စောစောက ခုတ်ထားခဲ့သည့် ငှက်ပျောလက်များကို ဆွဲယူပြီးစုပုံထားလိုက်သည်။ ညိုမောင်သည် ငှက်ပျောရွက်ခြောက်များကိုဆွဲယူသွားရင်း ထူးခြားသည့် ငှက်ပျောပင်တစ်ပင်ကို အမှတ်မထင် တွေ့မြင်လိုက်ရသည်။

အဆိုပါ ငှက်ပျောပင်မှာ အခြားအပင်များထက် အပင်ပင်စည်မှာ သိသာထင်ရှားစွာ ကြီးထွားလှသည်။ ငှက်ပျော လက်များကလည်း ကျောက်စိမ်းများကဲ့သို့ စိုရွှန်းဖိတ်လက် တောက်ပလျက် ရှိသည်။ ထိုအချိန်မှာပင် လေတိုက်သွားသဖြင့် တလက်လက် တောက်ပသွားသော ငှက်ပျောရွက်စိမ်းစိမ်းများ တဖျပ်ဖျပ်နှင့် လွန့်လူး ယိမ်းခါသွားသည်။

"ခစ်. . . ခစ်. . . ခစ်"

BURMESE CLASSIC

မိန်းကလေးတစ်ဦး လှောင်ပြောင် ရယ်မောလိုက်သကဲ့သို့ ကြားလိုက်ရသည်။ ငှက်ပျောတောထဲမှ လေတိုက်ခတ်သံများနှင့်အတူ ထွက်ပေါ်လာခြင်းဖြစ်သည်။ ညိုမောင် စိတ်ထဲတွင်လည်း ထူးဆန်းသလို ခံစားမိပြီး ကြက်သည်းမွေးညှင်း ထသွားသည်။ ကျောထဲတွင် စိမ့်တက်လာသည်။

"ခစ်. . . ခစ်. . . ခစ်"

ရယ်သံများကို ထပ်မံကြားလိုက်ရသည်ဟု ထင်မိသည်။ ငှက်ပျောတောထဲသို့ မိန်းကလေးတစ်ဦးရောက်လာပြီး သူ့အား



www.burmeseclassic.com

www.burmeseclassic.com



ရယ်မောလှောင်ပြောင်ကျီစယ်နေခြင်းလား။ ဘေးဘီဝဲယာသို့ လှည့် ပတ်ပြီး ရှာဖွေကြည့်မိလိုက်သည်။ တစ်စုံတစ်ရာ ထူးခြားမှု မတွေ့ရ။ ကောက်ရိုးထဲမှ သူနှင့်ချစ်ကြိုက်နေသော နှင်းနုများ ရောက်လာပြီး ငှက်ပျောတောထဲတွင် ပုန်းကွယ်လျက် သူ့အား နောက်ပြောင်နေခြင်း ဖြစ်မည်လားဟု ထင်မိလိုက်သည်။ စိတ်ထဲတွင် မသင်္ကာသဖြင့် အသံပြုပြီး လှမ်းမေးလိုက်သည်။

"နှင်းနု၊ နှင်းနုလား။ ပုန်းမနေနဲ့လေ၊ ငှက်ပျောတော ထဲက ထွက်ခဲ့"

ငှက်ပျောတောသည် ချက်ခြင်းဆိုသလို တိတ်ဆိတ်ငြိမ် သက်သွားသည်။ သူ့စိတ်ထဲက ထင်လို့ပဲ ဖြစ်မည်လား။ နှင်းနု တော့ မဟုတ်လောက်ပေ။ နှင်းနုက ညိုမောင်အိမ်သို့ လာနေကျ ဖြစ်သည်။ ထိုအချိန်မှာ စောစောကကဲ့သို့ ငှက်ပျောရွက်များအား လေတိုက် ခတ်သွားသည်။ ရယ်သံများ ထပ်မံပေါ်ထွက်လာပြန် သည်။

"ခစ်. . . ခစ်. . . ခစ်"

ဘယ်က ထွက်ပေါ်လာသော အသံဖြစ်ပါလိမ့်။ မွှေးရနံ့ များ သင်းပျံ့လာသည်ဟု ထင်မိလိုက်သည်။ ယခင်က ဤသည်လို အဖြစ်မျိုး မဖြစ်ခဲ့။ ယနေ့မှ ထူးထူးခြားခြား ငှက်ပျောတောထဲ တွင် ဘာကိုကြောက်မှန်းမသိ ကြောက်ရွံ့ထိတ်လန့်လာမိသည်။ ညိုမောင်သည် သူ့ရှေ့နားတွင် မြင်ရသော ထူးခြားသည့် ငှက်



www.burmeseclassic.com

www.burmeseclassic.com



ပျော့ပင်ကြီးကို သေချာကြည့်မိလိုက်သည်။ စောစောက မိန်းကလေးတစ်ဦး လျှောင်ပြောင်ရယ်မောသံထွက်ပေါ်လာသည့် နေရာမှာ အဆိုပါ ငှက်ပျော့ပင်ကြီးတစ်ပိုက်မှ ထွက်ပေါ်လာနေခြင်းဖြစ်သည်။ ပင်စည်ထွားထွား ငှက်ပျော့ပင်ကြီး၏ ရင်ဆိုင်လောက်တွင် ပိုးကြိုးအနီစများကို ကျစ်၍ ပတ်ချည်ထားသည်။ အဘိုးဒေဝ ဘာတွေများ လုပ်ထားသည်မသိ။ ပိုးကြိုးအနီစမှာ လက်ဖွဲ့လား၊ အဆောင်လား၊ အစီအရင်လား၊ အရံအတားလား၊ အကြောင်း ကိစ္စတစ်ခုခုရှိသော ကြောင့်သာ။ ယခု ကဲ့သို့ ချည်နှောင်ထားခြင်းဖြစ်သည်။ ငှက်ပျော့ပင်ကြီး အနီးသို့ ညိုမောင်တိုးကပ်ပြီး သေချာစွာကြည့်မိလိုက်သည်။

ငှက်ပျော့ပင်ကြီးမှာ လေမတိုက်ဘဲနှင့် ယိမ်းခါလျက်ရှိသည်။ ကြိုးတုပ်ခံထားရသူတစ်ဦး လွတ်မြောက်ရန် ရုန်းကန်နေရပုံမျိုးဖြစ်သည်။ ညိုမောင်သည် ပိုးကြိုးအနီစလေးအား ကိုင်ကြည့်မိလိုက်သည်။ သူ့လက်များ ထူးခြားစွာ အေးစက်သွားသည်ဟု ထင်မိသည်။ ဘာဖြစ်တာပါလိမ့်။ ဘာပဲဖြစ်ဖြစ် အနီရောင်ပိုးကြိုးစလေးမှာ သူ့စိတ်ထဲမှာ ထူးခြားနေသည်မှာ အမှန်ပင်ဖြစ်သည်။

ဘာကြောင့်မှန်းမသိ။ ညိုမောင်စိတ်ထဲတွင် ပိုးကြိုးအနီစလေးကို ဖြည်ကြည့်ချင်စိတ်ပေါက်လာသည်။ မသိနိုင်သော စွမ်းအားတစ်ခုက သူ့အပေါ် လွှမ်းမိုးထားပုံရသည်။ ညိုနှောင်



www.burmeseclassic.com

www.burmeseclassic.com



အားသော ပိုးကြိုးအနီစလေးအား ဖြည်ပစ်လိုက်သောကြောင့် ဆိုးဝါးသည့် ကံကြမ္မာများ၊ ထူးဆန်းသည့် အရှုံခံစားမှုများ ဖြစ်ပေါ်လာလိမ့်မည်ကို ထိုစဉ်က လုံးဝသိရှိခြင်းမရှိပေ။ တစ်စုံ တစ်ယောက်က သူ့အနီးကပ်ပြီး "ဖြည်ပစ်လိုက်. . . ဖြည်ပစ်လိုက်" ဟု ပြောနေသလို နားထဲတွင် ကြားမိသလိုလို ခံစားနေရသည်။ ညှိမောင်လက်များ လှုပ်ရှားသွားသည်။ ပိုးကြိုးအနီစကလေးအား အမှတ်မထင် ဖြည်ပစ်လိုက်မိသည်။

"ခစ်. . . ခစ်. . . ခစ်"

ငှက်ပျောတောထဲမှ ရယ်သံလွင်လွင်ကလေးကို ကြားလိုက်ရပြန်သည်။ ထိုစဉ်မှာ ရိပ်ခနဲ အရိပ်တစ်ခုသည် သူ့ဘေးနားမှ လျင်မြန်စွာ ဖြတ်သွားသည်ဟု ထင်မိလိုက်သည်။ သူ့စိတ်ထဲတွင် ထင်ယောင်မြင်ယောင်ဖြစ်ခြင်းမျိုးလည်း ဖြစ်နိုင်သည်။ ဈေးကား အမီ ငှက်ပျောခိုင်များကို တင်ပို့ရမည်ဖြစ်သောကြောင့် ခုတ်ပြီးသား ငှက်ပျောခိုင်များကို ထမ်းပိုးပြီး ငှက်ပျောတောထဲမှ ညှိမောင် ထွက်လိုက်သည်။

* * *

လရောင်က နှင်းရည်များစီးကျနေသကဲ့သို့ ငှက်ပျောတောထဲတွင် စီးကျလျက်ရှိသည်။ ဆောင်ဦးပေါက် လေပြည်လေညင်းလေးက ငှက်ပျောရွက်များကို ဂီတအဖြစ် ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်သည်။ ငှက်ပျောရွက်စိမ်းစိမ်းလေးများက နှို့နှစ်လရောင်ဆလိုက်မီးတန်းအောက်တွင် ညီညီညာညာ သံပြိုင်တေးဆိုသကဲ့သို့ ကြားနေရသည်။

အိပ်ရာထဲတွင် လူးလာလှိမ့်ကာနှင့် ညိုမောင်တစ်ယောက် အိပ်လို့မရ။ အဘိုးဒေဝ ဆေးကုရန် ခရီးထွက်သွားသောကြောင့် အိမ်မှာ သူတစ်ယောက်တည်းဖြစ်နေသည်။ ငှက်ပျောရွက်များပေါ် သို့ နှင်းစက်များ တဖောက်ဖောက်ကျနေသံကိုကြားနေရသည်။ နှင်းမြူများ လွှမ်းခြုံထားသဖြင့် အေးစိမ့်စိမ့်ဖြစ်နေသည်။

မနက်ကဈေးကားအမီ ငှက်ပျောဆိုင်များ သွားပို့ပြီးနောက် နှင်းနုတို့အိမ်သို့ ဝင်ခဲ့သေးသည်။ နှင်းနုနှင့် ချစ်ကြိုက်နေသည်ကိုလည်း နှင်းနုမိခင်က သိရှိနားလည်ထားပြီး ဖြစ်သည်။ ညိုမောင် အပေါ်၌လည်း သားတစ်ယောက်လို ချစ်ခင်ပြီး သဘောတူထားပြီး ဖြစ်သည်။ တကယ်တော့လည်း နှင်းနုတို့က သားအမိနှစ်ယောက်တည်းရှိသည်။ အားကိုးအားထား ယောက်ျားသားတစ်ယောက်လိုနေသည်မှာ မှန်၏။ ဒီနှစ်သီတင်းကျွတ်ရင်တော့ လူကြီးမိဘများကလည်း သဘောကျစွာဖြင့် မင်္ဂလာဆောင်ပြီး လက်ထပ်ထိမ်းမြားကြရန် စီစဉ်ထားပြီး ဖြစ်သည်။

"ကိုမောင်၊ မပြန်နဲ့တော့လေ။ မနက်စာ ဒီမှာပဲ စားသွားရမယ်"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ မောင်ညိုမောင်ရယ်။ မင်းအဘိုးလည်း ဆေးကုရအောင် ခရီးထွက်သွားတော့ တစ်ယောက်တည်း စားရေး သောက်ရေး ဒုက္ခရောက်မှာပေါ့"

"ရပါတယ် အဒေါ်ရယ်။ ကျွန်တော်တစ်ယောက်တည်း နေနေကျပါ။ ဘာမှမဆန်းပါဘူး"

"ဘယ်ဟုတ်ပါ့မလဲ မောင်ညိုမောင်ရယ်။ အိမ်မှာ ထမင်း ဟင်းတွေ အဆင်သင့်ပဲ။ တစ်ခါတည်းသာ စားသွား"

"နှင်းနု ထမင်းပွဲ သွားပြင်လိုက်ဦးမယ်"

ပြောပြောဆိုဆို နှင်းနုက ထမင်းပွဲပြင်ကာ ခူးခပ်ကျွေး မွေးသည်။ နှင်းနုတို့အိမ်တွင် ထမင်းစားခဲ့ရသည်ကို ပြန်လည် မြင်ယောင်နေမိသည်။ တောသူဆိုသော်လည်း နှင်းနုက လှပ ချောမောသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ ကိုယ်လုံး ကိုယ်ပေါက် ကလေးကလည်း သူ့နေရာနှင့်သူ စိုစိုပြည်ပြည် ဖွံ့ဖွံ့ထွားထွား ရှိသည်။ ဝိုင်းစက်သော မျက်နှာလေးနှင့် အချစ်ရည် ရွှန်းဖိတ်သော မျက်လုံး၊ ချိုသာပြုံးရွှင်သော နှင်းနု စကားပြောဟန်၊ ဆိုဟန် သူ့ အပေါ်တွင် အရေးတယူ ဂရုတစိုက် ရှိလှသည်များကို ညိုမောင် မေ့မရ။

အိပ်မပျော်ခင်လေးအထိ နှင်းနု၏ ချစ်စဖွယ်ကောင်း သော မျက်နှာလေးကို တသသမြင်ယောင်နေမိသည်။ လူကြီး မိဘများကလည်း သဘောတူ၊ မိမိတို့ချင်းကလည်း သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



တွယ်ငြိကာ မြတ်မြတ်နိုးနိုးချစ်ကြသည့် ချစ်သူများဖြစ်ကြသည်။ ထိုနေ့ ညက ထူးဆန်းသော အိပ်မက်ထဲတွင် နှင်းနုရောက်လာသည်ဟု ထင်မိသည်။

ငှက်ပျောတောထဲမှ နှင်းနုလိုလို၊ မြူငွေ့လိုလို ဝေဝါးသော အရိပ်တစ်ခုသည် ညိုမှောင်အိပ်ခန်းအတွင်းသို့ ဝင်ရောက်လာသည်။ နှင်းနု. . . နှင်းနုပါလား။ နှင်းနုက သူ့ဘေးတွင် နီးနီးကပ်ကပ်ရောက်နေသလို အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် နှင်းနုအပြုအမူများကလည်း ထူးခြားနေသည်။ သူ မထင်မှတ်ထားသော နှင်းနုအပြုအမူများကြောင့် အံ့ဩနေမိသည်။ ဘာလုပ်တာလဲ။ နှင်းနုက သူ့တစ်ကိုယ်လုံးအား ညင်သာဖွဖွ ပွတ်သပ်ရင်း တင်းတင်းကြပ်ကြပ် ဖက်တွယ်ထားသည်။ တဖြည်းဖြည်းနှင့် ချစ်စဖွယ်ကောင်း သော နှင်းနုမျက်နှာလေးက သူ့မျက်နှာပေါ်သို့ ထပ်ကျလာသည်။ နှင်းနု ဘာတွေလုပ်နေပါလိမ့်။ နှင်းနုက သည်းထန် ဆူပွက်သော ရမ္မက်အနမ်းများနှင့် သူ့တစ်ကိုယ်လုံးအား တင်းတင်းရင်းရင်း ဆွဲဖက်ထားသည်။

နှင်းနုလည်ပင်းတွင် အစိမ်းရောင် ပိုးပုဝါကလေးတစ်ခုအား ရစ်ပတ်ထားသည်ကို မြင်တွေ့ရသည်။ နှင်းနုစွဲမက်ဖွယ် ခန္ဓာကိုယ် အလှသည် လရောင်အောက်တွင် ရင်ခုန်မောနှင်းစွာဖြင့် ထင်ထင်ရှားရှား မြင်တွေ့နေရသည်။ ညိုမောင်စိတ်များ ပြင်းထန်လာသည်။ တဒိတ်ဒိတ် ရင်ခုန်မြန်လာသည်။ သူ့လက်



www.burmeseclassic.com

www.burmeseclassic.com



များကလည်း နှင်းနု၏ ခါးလေးကို တင်းတင်းရင်းရင်း ပြန်လည်ဖက်တွယ်ထားသည်။

လေထဲတွင် မျောလွင့်နေသော တိမ်တိမ်များထဲသို့ ရောက်ရှိသွားသလို ခံစားနေရသည်။ နှင်းနု၏ အပြုအစု၊ အယုအယ၊ ချစ်ရမွက်များက ကြမ်းကြမ်းတမ်းတမ်း ဆွဲခေါ်သွားသည်။ ညိုမောင် အသည်းနှလုံးများကို ဆွဲဆုပ်ထားသကဲ့သို့ ခံစားရသည်။ ကြာတော့လည်း ညိုမောင် မောဟိုက်လာသည်။ နှင်းနု၏ ပြင်းထန်သော အသက်ရှူသံများ၊ ရင်ခုန်သံများကို နီးကပ်စွာ ကြားနေရသည်။ ဆောင်းလေက ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်လာသည်။ နှင်းနု လည်ပင်းတွင် ရစ်ပတ်ထားသော အစိမ်းနုရောင် ပုဝါလေးသည် လေနှင့်အတူ လွင့်ပါသွားသည်။ နှင်းနုခန္ဓာကိုယ်သည် မြူလိုလို၊ အငွေ့တစ်ခုလို ဖြစ်သွားပြီး ငှက်ပျောတောဘက်ဆီသို့ လွင့်ပါး ပျောက်ကွယ်သွားသည်။

"ခစ် . . . ခစ် . . . ခစ်"

ကြည်နူးရွှင်ပျ‌ဟန်၊ ကျေနပ်အားရ ဆန္ဒပြည့်ဝစွာနှင့် လှောင်ပြောင်ရယ်မောလိုက်သည့် နှင်းနု၏ရယ်သံကို ကြားမိလိုက်သည်ဟု ထင်ရသည်။ ဒီလိုရယ်သံမျိုးကို ငှက်ပျောခိုင်များ ခုတ်စဉ်က ညိုမောင် ထိတ်လန့်စွာ ကြားခဲ့မိဖူးသည်။ ရမွက်တဏှာများ ဆူပွက်မီးတောက်လုခမန်း ကြမ်းကြမ်းရမ်းရမ်း အချစ်ကို လိုလားတောင့်တ မွတ်သိပ်သော အိပ်မက်ဆန်း တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



မှ ညိုမောင် လန့်နိုးလာသည်။ အိပ်မက်ထဲတွင် ထူးဆန်းသော အပြုအမူများနှင့် ရောက်ရှိလာသော နှင်းနုအရိပ် အယောင်များ မရှိတော့။ အံ့ဩစွာပင် ညိုမောင် တစ်ကိုယ်လုံး အားအင်များ ကုန်ခန်းသွားပြီး ခြေဖျားလက်ဖျားများ မလှုပ်ချင်အောင် လေးလံ ထိုင်းမှိုင်း ပျော့ခွေနုံးချည့် သွားမိသည်။

ခေါင်းထဲတွင်လည်း ငြီးစီစီ မူးယစ်စေလျက်ရှိသည်။ အိပ်မက်မက်စဉ်က သင်းသင်းပျံ့ပျံ့ မွှေးရနံ့များ ပျောက်ကွယ် သွားသည်။ ညီစို့စို့၊ ပုပ်အက်အက်၊ အနံ့ဆိုးများက သူ့အိပ်ခန်း တစ်ခုလုံးလွှမ်းလျက်ရှိသည်။ ညိုမောင်အိပ်သည့် ခေါင်းရင်းဘက် တွင် အစိမ်းနုရောင် ပိုးပဝါစလေးတစ်ခု ညှိတွယ် ကျန်ရစ်ခဲ့သည် ကိုတော့ ညိုမောင် သတိမထားမိပေ။ ညိုမောင်သည် လေးလံ ထိုင်းမှိုင်းစွာဖြင့် ရေတစ်ခွက် ထသောက်လိုက်သည်။ ထူးဆန်း သော အိပ်မက်အကြောင်းကို စဉ်းစားရင်း ပြန်အိပ်လိုက်သည်။

နောက်ရက်များတွင်လည်း ရင်ခုန်စွဲလမ်းဖွယ် အိပ်မက် ဆိုးများက ညစဉ် နှိပ်စက်နေပေတော့သည်။

* * *

စိမ်းညို့နေသော ငှက်ပျောတောများကို ကျော်ဖြတ်ပြီး တဲအိမ်ရှေ့သို့ နှင်းနုရောက်လာသည်။ ညိုမောင် အရိပ်အယောင် ကို မတွေ့ရ။ သူ့မတို့အိမ်ဘက်ဆီသို့ ညိုမောင် ရောက်မလာ



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ သုံးရက်ခန့်ရှိပြီး ဦးဒေဝ ခရီးထွက်သွားသည်မှာလည်း ပြန်မရောက်သေးပေ။ တစ်ယောက်တည်း နေထိုင်မကောင်း ဖြစ်နေရော့သလား။ နှင်းနု စိုးရိမ်ပူပန်စွာဖြင့် ညိုမောင်အိမ်သို့ ရောက်လာခြင်း ဖြစ်သည်။ သူမလက်ထဲတွင်လည်း ညိုမောင် စားရန်အတွက် ဟင်းများ ချက်ပြုတ်ပြီး ချိုင့်နှင့်ထည့်ယူလာသည်။

"ကိုမောင်. . . ကိုမောင်"

နှင်းနုက တဲအိမ်ထဲသို့ မဝင်ခင် အသံမြှင့်ပြီး အော်ခေါ်ကြည့်သည်။ တဲအိမ်ကလေးမှာ ထူးခြားစွာ ငြိမ်သက်တိတ်ဆိတ်လျက်ရှိသည်။ တစ်စုံတစ်ရာ ပြန်လည်ထူးသံ မကြားရ။ စိုးရိမ်စိတ်မောစွာနှင့် နှင်းနုအိမ်ထဲသို့ ကမန်းကတန်း ပြေးဝင်လိုက်သည်။ ဟုတ်ပါပြီ၊ ညိုမောင်သည် အိပ်ရာထဲတွင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျလျက်ရှိသည်။ ညိုမောင် အသားအရေကလည်း ပိုးဟပ်ဖြူတစ်ကောင်လို ဖြူလျော်လျက်ရှိသည်။ မတွေ့ရသော သုံး၊ လေး ရက်အတွင်း ကိုညိုမောင် ဘယ်လိုဖြစ်သွားပါလိမ့်။ နှင်းနု ဝေခွဲစဉ်း စားရခက်နေသည်။

ညိုမောင် အိပ်ရာခေါင်းရင်းဘက်ရှိ ကြိုးတန်းလေးပေါ်တွင် အစိမ်းနုရောင် ပိုးပုဝါလေးတစ်ထည်သည် တလွင့်လွင့်လွင့်ပါးလျက်ရှိသည်ကို နှင်းနုအမှတ်မထင် မြင်တွေ့မိလိုက်သည်။ နှင်းနုသည် ညိုမောင်ဘေးတွင် အသာအယာဝင်ထိုင် လိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



နဖူးပေါ်သို့ သူမလက်ဖဝါးလေးနှင့်ဖိပြီး စမ်းသပ်ကြည့်လိုက်သည်။ ကိုယ်လည်းမပူ၊ ဖျားတာလည်း မဟုတ်။ ကိုမောင်ဘာဖြစ်တာပါလိမ့်။ အားအင်ကုန်ခမ်းပြီး ပင်ပန်းကာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေပုံရသည်။

ကြိုးတန်းပေါ်ရှိ အစိမ်းနုရောင် ပိုးပဝါစလေးသည် တဖျတ်ဖျတ်လွင့်ပါးလျက်ရှိသည်။ မိန်းကလေးအသုံးအဆောင် ပိုးပဝါ အစိမ်းနုလေးက ကိုမောင့်အိပ်ခန်းထဲသို့ ဘယ်လိုလုပ်ပြီး ရောက်နေပါလိမ့်။ နှင်းနုစဉ်းစားရခက်သွားသည်။ ကြိုးတန်းပေါ်ရှိ အစိမ်းနုရောင်ပိုးပဝါစလေးကို ဆွဲယူပြီး သူမလည်ပင်းတွင် ပတ်ကြည့်လိုက်သည်။ နှင်းနုလည်ပင်းတွင် ပိုးပဝါစလေးအား ရစ်ပတ်လိုက်သည် နှင့်တစ်ပြိုင်နက် သူမတစ်ကိုယ်လုံး အေးစက်သွားသည်။ ထူးဆန်းသည့် စိတ်ခံစားမှုကြောင့်လည်း ထိတ်လန့်သွားမိသည်။

ထိုစဉ်မှာပင် မြူလိုလို မှုန်ဝါးဝါး အရိပ်ငွေ့တစ်ခုသည် နှင်းနုခန္ဓာကိုယ်ပေါ်သို့ လွှမ်းခြုံသွားသည်။ နှင်းနုကိုယ်တိုင်လည်း အိပ်မက်မက်လိုက်သလို ထူးဆန်းစွာ ခံစားနေရသည်။ ပင်ကိုယ် စိတ်များ ပျောက်ကွယ်သွားပြီး သူမကိုယ်တိုင် ဘာတွေလုပ်လို့ လုပ်မိမှန်း မသိတော့ပေ။ ညိုမောင်သည် ယောကျ်ားပီသ၍ ကိုယ်ခန္ဓာ ကြံ့ခိုင်တောင့်တင်းသူ ဖြစ်သည်။ ညိုမောင်အား စိုက်ကြည့်ရင်း သူမစိတ်များ လှုပ်ရှားလာသည်။ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘဒိန်းဒိန်းခုန်လာပြီး သွေးများ ဆူပွက်လာသည်။ ရာဂမီးများ ဘရှိန်းတညီးညီး တောက် လောင်လာသည်။

လည်ပင်းတွင် ပတ်ထားသော အစိမ်းနုရောင် ပိုးပဝါစလေးက တလူလူလွင့်ပါးလျက် ထူးဆန်းလာသော စိတ်ခံစားမှုများကို သူမကိုယ်တိုင် နားမလည်နိုင်တော့ပေ။ တစ်စုံတစ်ဦးက သူမ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်ပူးကပ်နေသည်ဟု ထင်မိလိုက်သည်။ ထိုစဉ်မှာပင် ညိုမောင်လန့်နိုးလာသည်။

"ဟင်. . . နှင်းနု၊ ဘာလုပ်တာလဲ"

နှင်းနုက ဘာမှ ပြန်မပြောပေ။ လှပနုနယ်၍ ချစ်စဖွယ်ကောင်းလှသော နှင်းနုမျက်နှာသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ရုပ်မက်ဖွယ်ကောင်းလောက်အောင် ရုပ်ပြောင်းသွားသည်ဟု ညိုမောင်ထင်နေမိသည်။ ဒါ. . . နှင်းနုမဟုတ်။ ဘခြားမိန်းမတစ်ယောက် မျက်နှာမျိုး ဖြစ်နေသည်။ ညိုမောင်ကိုယ်တိုင်လည်း ညစဉ် ထူးဆန်းစွာမက်တတ်သော အိပ်မက်ဆိုးများအတိုင်း ယခုတော့ တကယ်ဖြစ်နေသည်။ နှင်းနု စိတ်ဖောက်ပြန်သွားတာလား။ ရှက်စရာကိစ္စများကိုလည်း ရှက်ရွံ့ ကြောက်လန့်ခြင်း မရှိတော့။ မွတ်သိပ်သော ဆန္ဒရမ္မက်များက ပြင်းထန်လွန်းလှသည်။

နှင်းနုလည်ပင်းတွင် ပတ်ထားသော အစိမ်းနုရောင် ပိုးပဝါလေးမှာ ဖြူဝင်းမွတ်သော နှင်းနုခန္ဓာကိုယ်ပေါ်မှ လွင့်



www.burmeseclassic.com

www.burmeseclassic.com



ပါးသွားသည်။ ထိုအချိန်ကျမှ နှင်းနုကိုယ်တိုင် ပြန်လည် သတိရ သွားပုံရသည်။ မြူလိုလို၊ နှင်းငွေ့များလိုလို အရိပ်တစ်ခု လွင့်ပါး ထွက်ခွာသွားသည်။ ပိုးလိုးပက်လက်နှင့် မောန္ဒမ်းနေသော ညိုမောင်အား ကြည့်ရင်း သူမအဖြစ်ကို ပြန်လည်သတိရသွားပုံရ သည်။ အဝတ်အစားများကို ကောက်ယူဝတ်ဆင်လိုက်ပြီး ဝ အိမ်ထဲမှ ရှက်ရွံ့ ကြောက်လန့်စွာ အပြေးထွက်သွားပေတော့ သည်။

ငှက်ပျောတောထဲမှ တခစ် . . . ခစ် နှင့် လှောင်ပြောင် ရယ်မောလိုက်သော မိန်းမတစ်ဦး၏ ရယ်သံကို ကြားမိလိုက်၍ နှင်းနု ကြောက်သည်ထက် ပိုကြောက်လန့်သွားမိသည်။ စိုးရိမ် ထိတ်လန့်စွာနှင့် နောက်ကြောင်းလှည့်မကြည့်တော့ဘဲ သူမ အိမ် ဘက်ဆီသို့သာ အပြေးထွက်လာမိတော့သည်။

* * *

"ခက်တော့ ကုန်တော့တာပဲ။ ညိုမောင်တော့ ဒုက္ခ ရောက်ပြီ"

"ဘာဖြစ်လို့လဲ ဦးဒေဝ"

နှင်းနုမိခင်ဖြစ်သူ ဒေါ်ကြာညိုက စိုးရိမ်တကြီး မေး လိုက်သည်။ ဦးဒေဝသည် ဆေးကုထွက်ရာမှ ငှက်ပျောတောရွာ သို့ ပြန်ရောက်လာသည်။ ရွာထဲသို့ဝင်လာပြီး ဒေါ်ကြာညိုအိမ်



www.burmeseclassic.com

www.burmeseclassic.com



အနီးမှ လူမမာတစ်ဦးအား ဝင်ကြည့်ရာမှ နှင်းနုတို့အိမ်သို့ ဝင်လာခဲ့ခြင်း ဖြစ်သည်။ သူနေထိုင်ရာ ရွာအစွန်ဘက်ရှိ ငှက်ပျောတောနှင့် တဲအိမ်သို့ ပြန်မရောက်သေး။ နှင်းနုကတော့ ကြောက်နှံ့ထိတ်လန့်စွာ ရှက်ရွံ့စွာနှင့် တရှုံ့ရှုံ့ငိုကြွေးလျက်ရှိသည်။ ထူးဆန်းစွာ ကြုံတွေ့ခဲ့ရသော သူမ ကိုယ်တိုင် စိတ်လွတ် ကိုယ်လွတ်ပြုမူခဲ့သည်များကို မိခင်ဖြစ်သူ ဒေါ်ကြာညိုအား ဖွင့်ဟပြောကြားခဲ့ပြီး ဖြစ်သည်။

"သမီးရယ်၊ သမီးကိုယ်တိုင်က သတိလက်လွတ်ဖြစ်ပြီးဖြစ် ခဲ့တာပဲ။ မောင်ညိုမောင်ကလည်း တခြားသူမှမဟုတ်တာ။ သီတင်း ကျွတ်ရင်မင်္ဂလာဆောင်ကြမယ့် သမီးယောကျ်ားဖြစ်လာမှာ မဟုတ်လား။ ငိုမနေပါနဲ့ သမီးရယ်"

မိခင်ဖြစ်သူ ဒေါ်ကြာညိုက အကျိုးသင့် အကြောင်းသင့် ချော့မော့ဖျောင်းဖြ ပြောဆိုသည်။ နှင်းနုက မောင်ညိုမောင် အတွက် စားစရာများသွားပို့စဉ် သူမခန္ဓာကိုယ်ထဲသို့ အမှောင့်ပယောဂများ ပူးဝင်လာပြီး သူမအသိစိတ်များ ပျောက်ကွယ်သွားရပုံတို့ကို ပြောပြ၍ ဦးဒေဝလည်း နားလည်သဘောပေါက်စွာ သိရှိသွားသည်။

"မကြာညိုတို့ကတော့ သိကြမှာ မဟုတ်ဘူး။ ဒီခြံကို ဘုန်းတော်ဝယ်ခဲ့ပြီး ငှက်ပျောတွေချတော့ အရိုးစုတစ်ခုတွေ့ရှိ ဘယ်။ သေချာလေ့လာကြည့်လိုက်တော့ မိန်းကလေးတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



အရိုးစု ဖြစ်နေတာတွေရယ်၊ ဟိုးတုန်းက ခြံပိုင်ရှင်တွေနေခဲ့စဉ်က အဲဒီကို မြို့က မိန်းကလေးတစ်ဦးရောက်လာတယ်။ ဆွေးမျိုးနီးစပ် တော်တယ်လို့ ပြောတယ်။ မိန်းကလေးနာမည်က မြမြစိမ်းလို့ခေါ် တယ်။ အင်း. . . ပြောရရင်တော့ သိပ်မကောင်းဘူး။ မြမြစိမ်း ဆိုတဲ့ မိန်းကလေးက မြို့ပေါ်မှာ မကောင်းတဲ့အလုပ်နဲ့ အသက် မွေးဝမ်းကြောင်းပြုတယ်။ ကြာလာတော့ သူ့မှာ ဘယ်လိုမှ ကု ရတဲ့ ရောဂါပိုးတွေ့ခဲ့ရတယ်။

အဲဒီမိန်းကလေးဆုံးသွားတော့ ခြံထဲမှာပဲ လူသိမခံဘ တိတ်တဆိတ်မြှုပ်ထားခဲ့ကြတယ်။ ဘယ်သူမှလည်း မသိကြဘူး မိန်းကလေးက အစွဲအလမ်းကြီးတယ်။ ယောက်ျားလေးတွေနဲ့ တွေ့ရင် ပျော်ချင်ပါးချင်တဲ့စိတ်က အမြဲတမ်း လွှမ်းမိုးနေတယ် ကျွတ်လည်း မကျွတ်တော့၊ သူ့ဝိညာဉ်ကို ငှက်ပျောပင်မှာ ချုပ်ပြီး ထားခဲ့ တာ ညီမောင်မသိဘူး။ ပရိတ်ကြီးကို ဖြုတ်ပေးလိုက်တော့ ဒုက္ခ ကောင်းကောင်းရောက်ပြီပေါ့"

"ဟုတ်တယ် အဘိုးဒေဝ။ ကျွန်မတွေ့ခဲ့တုန်းက ကိုမောင် ဟာ အရင်ကလို အသားအရေ စိုစိုပြည်ပြည် မဟုတ်တော့ဘူး တစ်ကိုယ်လုံး ပိန်ချုံးပြီး သွေးဆုပ်ဖြူလျော်နေတဲ့ လူမမာ တင် ယောက်လို ဖြစ်သွားတယ်"

"ဟုတ်တာပေါ့ နှင်းနုရယ်။ မြမြစိမ်းဆိုတဲ့ မိန်းကလေး ဝိညာဉ်က ညတိုင်းပျော်ပါးပြီး ညီမောင့်သွေးတွေကို စုပ်ယူ သွား



www.burmeseclassic.com

www.burmeseclassic.com



ဘာပေါ့။ ပြန်မှဖြစ်မယ်။ မြန်မြန်ပြန်မှ။ အခုလောက်ဆို ညိုမောင် အသက်မှ ရှိပါတော့မလား မသိဘူး"

ဦးဒေဝသည် ဆေးလွယ်အိတ်ကို ကောက်လွယ်ပြီး သူနေထိုင်ရာ ငှက်ပျောတောတဲအိမ်ဆီသို့ စိုးရိမ်တကြီး အမြန်ဆုံး ပြန်လာခဲ့သည်။ ဒေါ်ကြာညို နှင်းနုနှင့် အိမ်နီးနားနေသူများပါ လိုက်ပါလာခဲ့ကြသည်။ ဦးဒေဝသည် တဲအိမ်ပေါ်သို့ အပြေးတက်လိုက်ပြီး အိမ်ခန်းထဲသို့ အပြေးဝင်လိုက်သည်။ သူစိုးရိမ်သည့်အတိုင်း ညိုမောင်ကတော့ အိပ်ရာထဲတွင် အသက်ပျောက်လျက် ရှိနေပေတော့သည်။

ညိုမောင်လည်ပင်တွင် အညိုအမည်းစွဲနေသော ဒဏ်ရာများကို တွေ့ရသည်။ ငှက်ပျောတောထဲမှ မိန်းကလေးတစ်ဦး၏ ဘခစ်ခစ်ရယ်သံကို ကြားလိုက်ရ၍ အားလုံးလန့်သွားကြသည်။ လေပြင်းတစ်ချက် ဆောင့်တိုးလိုက်သဖြင့် တဲအိမ်ပေါ် ရောက်နေကြသူများမှ အေးစိမ့်သွားသလို ထိတ်လန့်သွားကြသည်။ ထိုအချိန်တွင် ညိုမောင်အလောင်းဘေးရှိ အစိမ်းနုရောင် ပိုးပဝါလေးသည် မြောက်တက်သွားပြီး လေပြင်းနှင့်အတူ စိမ်းညို့နက်မှောင်နေသော ငှက်ပျောတောထဲသို့ တလွင့်လွင့် ပါသွားပေတော့သည်။

နန်းကြေးမှိုင်

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com




## ကာလီမ ကျိန်စာ ၈

သူ့နာမည်ကို 'ကလက်ပြား' ဟုပဲ ခေါ်ကြသည်။

သူတို့အမျိုးသားချင်း အခေါ် အရမူ 'ကရပီးယား' ဖြစ်ပါလိမ့်မည်။

သို့သော် ဗမာများပါးစပ်ထဲမှာတော့ မပီမသ ကလက်ပြားဟု ခေါ်ဆိုနေကြရာမှာ သူတို့ချင်းပင် သူ့ကို ဗမာများ ခေါ်ဆိုနေကြသလို 'ကလက်ပြား' ဟုပင် ခေါ်နေကြရာမှ အားလုံး၏

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်များမှာ ကလက်ပြားဟုပင် နှုတ်ကျိုးသွားတော့သည်။ အချို့က ကနက်ပြားဟုပင် ခေါ်သည်။

ကလက်ပြားတို့ လူမျိုးနွယ်မှာ တမီလ်ဟုခေါ်သော အိန္ဒိယ တောင်ပိုင်းသား မျိုးနွယ်များဖြစ်ကြ၏။ အင်္ဂလိပ်ကိုလိုနီလက်ထက် အောက်မြန်မာနိုင်ငံကို သိမ်းယူပြီး လယ်ယာလုပ်သားတွေ ရှားပါးခိုက် အိန္ဒိယတောင်ပိုင်းက ဈေးပေါပေါနှင့်ခိုင်း၍ရသော အိန္ဒိယတောင်ပိုင်းသား တမီလ်လူမျိုးများကို တင်သွင်းလာရာက ရောက်ရှိလာကြသည့် မျိုးနွယ်စုဖြစ်၏။

မိဘဘိုးဘွားအစဉ်အဆက် လယ်ကွင်းထဲမှာ အလုပ်လုပ် ကြသဖြင့် 'ကွင်းကုလား' တွေဟု ဒေသခံတို့က ခေါ်ဝေါ်သုံးစွဲလေ့ ရှိကြသည်။

မြန်မာရည်လည်ပြီး ဗုဒ္ဓဘာသာနှင့်တွေ့လျှင် ဗုဒ္ဓဘာသာရော ယောင်လိုက်သည်။ ခရစ်ယာန်နှင့်ကြုံလျှင် ခရစ်ယာန် ဖြစ်သွားတတ်သည်။ သူတို့အချင်းချင်းဆိုလျှင်တော့ တမီလ်နတ်ဘုရားနှင့် အုန်းသီးခွဲ ပူဇော်လေ့ရှိတတ်ကြသည်။ မျိုးရိုးမပျက် စွဲစွဲမြဲမြဲ ယုံကြည်တတ်ကြသည်။

သူတို့ပိုင်ပစ္စည်း တစ်ခုခု ခိုးယူသည်ဟုထင်လျှင် ကွင်းထဲက သူတို့ကိုးကွယ်သော ဘုရားမှာ မီးထွန်းတတ်ကြသည်။ "ပိလခတ်ဘုရားမှာ မီးထွန်းလိုက်ရမလား" ဟု ခြိမ်းခြောက်တတ်တာတွေက ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကွင်းထဲရွာထဲမှာ ဗမာအများစုရှိနေ၍ ဗမာများနှင့် အပေါင်းအသင်းများပြီး တချို့ ဘုရားသွားကျောင်းတက်များပင် လုပ်ကြသည်။ မြန်မာလိုနေပြီး ဗမာနာမည်များပင် ခံယူထားကြသည်။

ယင်းကြောင့် ကလက်ပြားတို့လို ဟိုရောဒီရော ကွင်းကုလားများကို 'ကုလားလည်' (ဝါ) ကလည် ဟုလည်း ခေါ်တတ်ကြပါ သေးသည်။

ကလက်ပြားလို ကွင်းကုလားကလည်း တကယ့်ကို ကလည် ဟူ၍ ခေါ်သင့်သည်။

လူက ဟိုမရောက်၊ ဒီမရောက်နှင့် ကြားထဲမှာ လည်နေသူလည်း ဖြစ်၏။

ကလက်ပြားအဖေ 'မူတူးဆာမိ'က မြို့ပေါ်တက်ပြီး သန်လျင်မြို့ပေါ်က သူနှင့် အနွယ်တူများနှင့်ပေါင်း၍ ခရစ်ယာန်လိုလို ဖြစ်ခဲ့ဖူးသည်။ ကလက်ပြားအဖေ မူတူးဆာမိ မြို့ပေါ်အတက်များသော်လည်း မြို့ကုလားဖြစ်မသွားခြင်းမှာ သူ၏အသောက်အစားများနှင့် လောင်းကစား ဖက်နေခြင်းကြောင့် မြို့ပေါ်မှ အမျိုးအနွယ်တွေက သူ့ကိုခေါ်မထားရဲကြခြင်း ဖြစ်လေသည်။ မြို့ပေါ်မှ ပြန်လာလျှင်လည်း အရက်မူးမူးနှင့် စကားကြီး စကားကျယ်တွေ ပြောတော့သည်။ ကွင်းထဲမှာလည်း အသုံးမတည့်၊ မြို့ပေါ်မှာလည်း အံမဝင်။ ခွတီးခွကျ လဒေဝလအယ်



www.burmeseclassic.com

www.burmeseclassic.com



ကွင်းကုလား ဖြစ်နေတော့သည်။

တစ်နေ့ သန်လျင်မြို့ပေါ် က ပြန်အလာမှာ အမူးလွန်၍ ကန်သင်းရိုးပေါ် မှ လဲကျပြီး တစ်ထွာခန့်ရှိသော ရေစပ်စပ်တွင် မျက်နှာအပ်ကျပြီး နွေခေါင်ခေါင်လယ်ကွင်ထဲမှာ ရေနစ်သေရသော မသာဖြစ်သွားလေသည်။ ဟိုမရောက်၊ ဒီမရောက် ဘဝဖြင့် ဇာတ်သိမ်းသွားရခြင်းပင်။ ရစ်ချက်ဆာမိ သူနေချင်သော မြို့ပေါ် တက်မနေလိုက်ရ။

ကလက်ပြားအမေကတော့ ကွင်းကုလားမပီပီ သူတို့တမီလ် နတ်ဘုရားကို ယုံကြည်သည့်အတိုင်း ကလက်ပြားအား ပြောပြီး သတိပေးခဲ့သည်။

"နင့်အဖေဟာ အရက်မူးရင် နတ်ဘုရားရုပ်တွေကို ရိုက်ချိုးလို့ ကာလီမယ်တော်က ဒဏ်ခတ်ပြီး သတ်ပစ်လိုက်တာ။ နင်လည်း မူးလာရင် နင့်အဖေ အချိုးမျိုး မချိုးနဲ့. . ."

* * *

ရစ်ချက်ဆာမိ မသေခင်က တနင်္ဂနွေဆိုလျှင် ချာ့ချ်တက်ရန် အကြောင်းပြ၍ သန်လျင်မြို့ပေါ် မှန်မှန်တက်လေ့ရှိသည်။

မနက်စောစောထကာ ကွင်းထဲမှနေ၍ ထားမလုံကုန်းတန်းရွာကြီးရှိ ကားဂိတ်သို့ အရောက်သွားတတ်သည်။ ကွင်းထဲက လက်ဆောင်ပစ္စည်းအဖြစ် ဘဲတစ်ကောင်၊ ဒန်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်လောက်တော့ ပါအောင် ယူသွားတတ်သည်။

သူတို့လူမျိုးတွေက ကြက်ထက် ဘဲတို့၊ ငန်းတို့၊ မန်ဒါလီတို့ ပိုကြိုက်တတ်သည်။ မြို့ပေါ်မှာ ကြက်ကပေါသည်။ ကွင်းထဲမှနေ၍ ထားမလုံရွာကုန်တန်းဆီသို့ တစ်နာရီကျော်ကျော် လမ်းလျှောက်ရသည်။ ထားမလုံ ကုန်းတန်းရွာကြီးမှာလည်း မြယာရိုး၊ ရွာသာယာ၊ ဇာမဏီအင်းစောင်းတွင် ရပ်ကွက်သစ်များ ရှိကြပြီး သန်လျင်-ကျောက်တန်း ကားလမ်းမပေါ်တွင်ရှိနေ၍ မြို့တစ်မြို့နှင့်မခြား စည်ကားနေလေပြီ။

ကလက်ပြား၏ အဖေက ထားမလုံ၊ သန်လျင်မြို့မဈေး သွား ကားကိုစီးပြီး သူတို့ အမျိုးတွေရှိရာ ပဲခူးစုမှတ်တိုင်မှာ ဆင်းသည်။ အသွားခရီး၌ ဘုရားရှိခိုးကျောင်းတက်ရမည်ကို အကြောင်း ပြု၍ လုံးဝသောက်စားမှု မပြုလေ့မရှိ။

ပဲခူးစုသို့ရောက်လျှင် သူတို့အမျိုးထဲက သူတို့ ဝမ်းကွဲ အစ်ကိုကြီး 'မိုက်ကယ်ချင်းနယား' အိမ်ကို ဝင်မည်။ မိုက်ကယ်ချင်းနယား၏ အဖေအမေများသည် အစက ကွင်းကုလားများ ဖြစ်ကာ ကွင်းထဲမှ သံတိုသံစတွေ လိုက်ကောက်ရောင်းရင်းက သန်လျင်မြို့ပေါ်မှာ သံတိုသံစဆိုင်ကြီး ဖွင့်နိုင်ခဲ့သည်။ ထိုမှ ပုလ္လန်တောင် ကြက်တန်း၌ သံဆိုင်ကြီးဖွင့်နိုင်ကာ စီးပွားရေး အားဖြင့် အောင်မြင်နေသူဖြစ်၏။

ထိုဝမ်းကွဲအစ်ကိုကြီးအိမ်မှနေ၍ ပဲခူးစုရပ်ကွက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသော ဘုရားရှိခိုးကျောင်းသို့ သွားမည်။ သူတို့နှင့်မျိုးတူ ဆွေနီးမျိုးစပ် အပေါင်းအသင်းများနှင့် ဆုံမည်။ အစ်ကိုဝမ်းကွဲက 'ငွေစကြေးစလေးပေး၊ ထမင်းကျွေး၍ ပြန်လွှတ်လိုက်သည့်အခါ ထိုအပေါင်းအသင်းဟောင်းများနှင့် အစ်ကိုဝမ်းကွဲမသိအောင် တိတ်တိတ်ချိန်းထားသော အရက်ဆိုင်တစ်ဆိုင်သို့ လစ်လေတော့သည်။

ရေချိန်ကိုက်မှ ထားမလုံကားပေါ်တက်ပြီး ပြန်တတ်သည်။ ဒါတောင်မှ ဖြောင့်ဖြောင့်တန်းတန်းမဟုတ်။ ထားမလုံကုန်းထိပ် လမ်းဆုံမှာရှိသော ဦးကျော်အေး၊ ဒေါ်ဂွက်ထော်တို့စားသောက်ဆိုင်ကြီးမှာ ဝင်ပြီး တစ်လုံးတစ်ပိုင်း ဇထာင်တတ်သည်။ ထိုဆိုင်မှာ အမြည်းဖွယ်ဖွယ်ရာရာရှိ၍ အရက်ကောင်းသဖြင့် မြို့ဆန်ပြီး ခေတ်မီချင်သော ကွင်းကုလား ရစ်ချက်ဆာမိတို့ လူသိုက် ထိုဆိုင်ကို အကြိုက်တွေ့တတ်သည်။ တခြား ဘယ်ဆိုင်ကိုမျှ မဝင်။

ယုတ်စွအဆုံး အိမ်ထောင်ကျပြီး ဆန်ဆိုင်နှင့် ပဲအဝယ်နိုင်ဖွင့်ထားသော သမီးအကြီးတို့အိမ်ဆိုင်ရှိရာ ထားမလုံဈေးဝမှနေ့သီမေရိတို့ အိမ်ကိုပင်မဝင်။ သမက်လုကာမန်နီးက ယောက္ခမဖြစ်သူ ရစ်ချက်ဆာမိ အရက်သောက်တာကို မကြိုက်သောကြောင့် ဖြစ်၏။

ကွင်းထဲကို ပြန်ရမည်မို့ မူးနေလျှင်လည်း အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တန်ရာ သဘောနှင့် သောက်ခြင်းဖြစ်သည်။ တစ်ခါတစ်ရံ သူ့အခြေအနေကိုကြည့်ပြီး မဟန်လျှင် မရောင်းတော့ဘဲ နှင် လွှတ်ရလေ့ရှိသည်။

ဦးကျော်အေးကိုယ်တိုင် ကွင်းထဲတွင် လယ်တွေရှိ၍ လယ်သမားဘဝကို စာနာတတ်သူဖြစ်၏။ အထူးသဖြင့် ကွင်း ကုလားတွေကို စောင့်ရှောက်တတ်သည်။

သို့သော် ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်ဆိုသလို အသိဉာဏ်နည်းပါးသော ရစ်ချက်ဆာမိ အိမ်ကျမှသောက်မည် ဆို ကာ တစ်ပိုင်းထပ်ဝယ်ပြီး လမ်းခုလပ် ကွင်းထဲအရောက်မှာ မိုက်မဲ စွာထပ်မော့ရင်း အမူးလွန်သွားပုံရသည်။

ကာလက်ပြားမှာ သူ့အဖေ မြို့ပေါ်ကအပြန် မိုက်လုံးကြီး စွာသောက်၍ သေခဲ့ရသည်ကို သူ့အဖေအပေါ် အပြစ်မမြင်ဘဲ မြို့ပေါ်က သူ့ဆွေမျိုးတွေကို မဆီမဆိုင် စိတ်နာပြီး အပြစ်တင် နေမိသည်။

သူ့အဖေ၏ ခပ်ဆိုးဆိုးစရိုက်တွေ သူ့မှာစွဲလမ်းပြီး ကျန် ရစ်ခဲ့သည်။ သန်လျင်မြို့ပေါ်တက်ပြီး ရန်ကုန်ဘက်ကမ်းသွား၍ အလုပ် လုပ်ချင်သည့် စိတ်ကိုကား မလျှော့။

သို့သော် ဘယ်ဘာသာကိုမှ ရိုသေကိုင်းရှိုင်းခြင်းတော့ မရှိတော့။ သူတို့နှင့် ပတ်သက်သော ရိုးရာနတ်ဘုရားများကို လည်း ပူဇော်ပသရကောင်းမှန်း မသိတော့။



www.burmeseclassic.com

www.burmeseclassic.com



မူလအနေရှိုးသားသော ကွင်းကုလားဘဝတွင် ဆန်းပြားသော ကွင်းကုလားတွေနှင့် ပေါင်းမိပြီး လယ်သမား၊ ယာသမား ကွင်းကုလားဖြစ်ပါလျက် လယ်သမား၊ ယာသမားဘဝ၌ လက်ကြော မတင်းချင်တော့။ ဘာသာမဲ့ တရားမဲ့ နေထိုင်တတ်သည်။

မကောင်းတာ လုပ်ရမည်ဆိုလျှင် လူမျိုးမရွေး၊ ဘာသာမရွေး ကလက်ပြားနှင့် ပေါင်း၍ရသည်။ အသောက်အစားနှင့် လောင်းကစားဘက်လိုက်နေသော ကလက်ပြား၏ အငုံစိတ်မှာ ကာလီမယ်တော်နတ်ဘုရားကို ကြောက်သောအစွဲကလည်း ရှိနေ သေးသည်။

"တစ်ခါ အချိုကြီးပွဲပေါက်တိုးရင် သန်လျင်မြို့ပေါ်တက်ပြီး မြို့သားလို နေပစ်လိုက်မယ်။ ဒီကွင်းထဲမှာနေလို့ကတော့ တစ်သက်လုံးကြီးပွားမှာ မဟုတ်ဘူး။ ဒီကြားထဲကွင်းထဲမှာတစ်ခုခု အမှားအယွင်း လုပ်မိရင် ငါ့အဖေလို ကာလီမယ်တော်က သတ်ပစ်တာ ခံရဦးမယ်"

သူကြောက်မည်ဆိုလည်း ကြောက်လောက်သည် သူ့အဖေ နှင့် ပတ်သတ်၍ လက်တွေ့ပြထားသည် မဟုတ်လား။ သူ့အဖေ ရစ်ချက်ဆာမိ အသေဆိုးသေခဲ့ရသည်ကို သူ မမေ့နိုင်။

***

ကလက်ပြားစောင့်နေသော အကွက်အတိုင်း ကလက်ပြား



www.burmeseclassic.com

www.burmeseclassic.com



ပင် မဆင်လိုက်ရဘဲ ကလက်ပြားအစ်မ စန်သီမေရီကြောင့် ဖြစ်ပေါ်လာခဲ့သည်။

စန်သီမေရီနှင့် ကလက်ပြားတို့မှာ မောင်နှမအရင်းအချာ ဖြစ်ပြီး စန်သီမေရီက အိမ်ထောင်ကျကာ သူ့ယောကျ်ားနေထိုင်ရာ ထားမလုံရွာသို့ ပြောင်းနေရာက အဖေသေသွားပြီဖြစ်၍ သူ့အမေကို ခပ်ဆိုးဆိုးမောင်နှင့် မထားတော့ဘဲ အကူနေရန် လာခေါ်သည်။

စန်သီမေရီနှင့် သူ့မယောကျ်ား လုကာဝမန်နီးမှာ ထားမလုံ ဈေး၌ ဆန်ဆိုင်နှင့် ပဲအဝယ်ဒိုင်ဖွင့်၍ စီးပွားရေးအောင်မြင်နေကြသဖြင့် စန်သီမေရီ အမွေရသည့် လယ်တစ်ဝက်ကို မမက်ဘဲ ယောက်ဖဖြစ်သူ ကလက်ပြားကိုပဲ ကေနှစ်ဆယ်စလုံး အပိုင်ပေးခဲ့သည်။

ကလက်ပြားသည် ကိုယ်ပိုင်လယ်နှင့်ဖြစ်လာ၍ လိမ်လိမ်မာမာနှင့် အလုပ်ကြိုးစားလာလိမ့်မည်ဟု တွက်ထားကြသည်။

လယ်ကေနှစ်ဆယ်ပိုင် ကလက်ပြားကို သူတို့ ကွင်းကုလား ဆွေမျိုးထဲမှ ပါးလ်လက်ချမီးနှင့် သူတို့လူမျိုး ထုံးစံအတိုင်း၊ အိမ်ထောင်ရက်သား ချပေးခဲ့သည်။

ပါးလ်မှာ အင်္ဂလိပ်လို ပုလဲရတနာဟု ခေါ်ခြင်းဖြစ်၍ ပါးလ်လက်ချမီးမှာ ပုလဲလက်ချမီးဖြစ်နေသော အနှိပ်မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



သည်လည်း ခေသူမဟုတ်။ ကလက်ပြားတို့နှင့် မျိုးနွယ်ဘာသာ တူသူပင် ဖြစ်ကြောင်း သိသာနိုင်ပါသည်။

ပါးလ်လက်ချမ်းမှာ ကလက်ပြားနှင့် သုံးနှစ်ခန့်ငယ်ပြီး ချောချောလှလှလေးဖြစ်၏။ သူရင်းငှား၊ ပဲကောက်၊ စပါးရိတ်၊ ကောက်စိုက် အလုပ်တွေလုပ်၍ ကျန်းမာရေးနှင့် ညီညွတ်ကာ အလုံး အထည်ဖွံ့ဖြိုးပြီး အဆက်အပေါက် ကျလှသည်။ ကွင်းကုလားမကလေးဟုသာ ဆိုရသော်လည်း ပုလဲကဲ့သို့ နဂိုအသား အရေဖြူသူလေးဖြစ်ကာ ကွင်းကုလားတွေထဲမှာ တကယ့်ကို ရှားရှားပါးပါး အချောအလှ ကွင်းဘုရင်မလေးဖြစ်၏။

ကလက်ပြားနှင့် ယှဉ်လိုက်လျှင် နဂိုအသားမဲ ရုပ်ကြမ်းကြီးဖြစ်သော သူ့အဖို့ ကျီးကန်းဘဲဥချိုကိန်း ဆိုက်သည်နှင့်ပင် တူတော့သည်။ ဒီကြားထဲ ခပ်ဆိုးဆိုးပေလေစရိုက်ကြောင့် ပါးလ် လက်ချမ်းနှင့် ကလက်ပြားတို့ကို သူတို့ကွယ်ရာမှာ လုံးဝ မလိုက် ဖက်သော လင်မယားဟု အတင်းအဖျင်းဆိုကြသည်။

ယင်းသို့ ရှာမှရှား ဖချောအလှလေးက ရုပ်ကြမ်းလူကြမ်း ကလက်ပြားကို ဘာကြောင့် မငြင်းဆန်ဘဲ လက်ထပ်ရသနည်းဆို လျှင် ဆင်းရဲသော ကွင်းကုလားတွေကြားမှာ လယ်တစ်ကေပင် မပိုင်တဲ့ သူရင်းငှားဘဝတွင် ကလက်ပြားလို လယ်ကေနှစ်ဆယ် ကြီးများတောင် ပိုင်ဆိုင်ထားသူမှာ ရောမ မီလျံနာကြီးလို အားကိုး အားထား ပြုထိုက်သူကြီးပင် မဟုတ်ပါလား။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပါးလ်လက်ချမီးနှင့် ကလက်ပြားတို့ လင်မယား မှာ ရုပ်ရည်ချင်းသာ မတူသော်လည်း ရည်ရွယ်ချက်ချင်း၊ သဘောထားချင်းကလည်း အင်မတန် တူညီကြသူများမို့ အင်မတန် လှသော ပါးလ်လက်ချက်မီးသည် အင်မတန် အရုပ်ဆိုးသော ကလက်ပြားကို လူကြီးတွေစီမံရာ ကျွန်မစိတ်ကလည်း ခပ်ပါပါ ဖြစ်သွားတော့ သည်။

ပါးလ်လက်ချမီးမှာလည်း ကလက်ပြားလို ဟိုမရောက် ဒီမရောက် မြို့တက်ချင်သောစိတ်ရှိနေ၍ သူတို့နှစ်ယောက် ညား ပြီးလို့ နှစ်နှစ်လောက်အကြာမှာ ကလက်ပြားနှင့်အတူ မြို့ ပေါ်တက်နေရန် သူတို့ပိုင်လယ်ကို ရောင်းချဖို့ ကြံဆောင်ကြ တော့သည်။

သူတို့လယ်မှာ မြေဆီဩဇာအထူးကောင်းမွန်ပြီး မိုးစပါး၊ နွေစပါးအပြင် ပဲပါစိုက်၍ရသော လယ်ဖြစ်နေ၍ ဈေးကောင်း ကောင်းနှင့် ရောင်းချပြီး မြို့ပေါ်တက်ခဲ့တော့သည်။

"ကိုယ့်ဆွေ ကိုယ့်မျိုးတွေကလည်း မြို့ပေါ်မှာဆိုတော့ ကိုယ်လည်း မြို့သားဖြစ်ရမှာပေါ့ မဟုတ်ဘူးလား ပါးလ်ရယ်"

* * *

ကလက်ပြားနှင့် ပါးလ်လက်ချမီးတို့ လင်မယား နှစ် ယောက် ရရှိသောငွေဖြင့် သန်လျင်မြို့ပေါ် တက်လာပြီး ခူးစု အနောက်ခြမ်းဘက်တွင် သူတို့ငွေလိုက်မိသလောက် မြေကွက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် အိမ်လေး တစ်လုံးကို ဝယ်နေခဲ့သည်။

သူ့အဖေ ရစ်ချက်ဆာမိဇ်၏ အစ်ကိုဝမ်းကွမ်းတော်စပ်သူ မိုက်ကယ်ချင်းနယားမှာ သူ့တူဝမ်းကွဲ ကလက်ပြား၏စရိုက်ကို အတွင်းသိမဟုတ်သေး၍ သူတို့အဖွဲ့အသင်း၌ အာမခံပေးသဖြင့် ငွေကြေးအကူအညီတွေလည်း ရလိုက်သေးသည်။

ကလက်ပြားတို့ နေထိုင်ရာလမ်းမှာ ဗိုလ်ချုပ်ကျေးရွာ တောင်ပိုင်းမှ ဖြတ်လမ်းလိုဖြစ်နေ၍ လူသွားလူလာများသဖြင့် အိမ် ဆိုင်ကလေးဖွင့်ကြသည်။

ဆန်၊ ဆီ၊ ပဲ၊ အားလူး ကုန်ခြောက်ဆိုင်ကလေး ဖြစ်သည့် အပြင် ကွမ်းယာ၊ ဆေးလိပ်ပါမကျန် ရောင်းသဖြင့် ဝင်ငွေအားဖြင့် သိပ်ပြီးမဆိုးလှ။

ကလက်ပြားမှာ ပါးလ်ချမီးကို အိမ်ဆိုင်ကလေး အထိုင် ချပေးပြီးနောက် အဆင်ပြေလျှင် ရန်ကုန်ဘက်ကမ်းကူးပြီး အလုပ် ရှာဖို့ ကြံရွယ်ထားလေသည်။

ဆိုင်အဖွင့်မှာတော့ ပါးလ်လက်ချမီးက ဆိုင်မှာ ထိုင် ရောင်းရသည်။ ရောင်းနေရင်း ကုန်တော့မည့် ပစ္စည်းများကို ကလက်ပြားက စက်ဘီးနှင့် သန်လျင်မြို့မဈေးကြီးမှ လက်ကား ဆိုင်များမှာ သွားသွားဝယ်ရလေ့ရှိသည်။ ကလက်ပြားကွင်းထဲမှာ နေ့စဉ် မဖြုန်းခဲ့လျှင် ထိုသို့ဖြစ်လိမ့်မည်မဟုတ်။

သူကိုဇ်အနေနှင့် ဆိုင်ဖွင့်ကာစမှာ ငွေကြေးအခြေခံနေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် အဆက်အသွယ်နည်းပါး၍ ကုန်ပစ္စည်းများကို များများ တင်ထား နိုင်ကြသည်မဟုတ်ဘဲ ရောင်းပြီးငွေပြန်ပေါ်မှ ကုန်သည့်ပစ္စည်းဈေးသို့သွားသွားဝယ်နိုင်တော့သည်။ ဒါကိုလည်း ကလက်ပြား နောင်တမရ။

မြို့မဈေးကြီးသို့ ကလက်ပြား မသွားဘူးဆိုလျှင် အနည်းဆုံး မနက်နှစ်ခေါက်၊ ညနေနှစ်ခေါက်တော့ သွားရလေ့ရှိသည်။ နောက်ဆုံးတစ်ခေါက်ကတော့ ဈေးဝယ်ရန်ဟုတ်။

မနက်တစ်ခေါက် ဈေးကပြန်လာလျှင် ဟင်းချက်စရာပါပြီး ဈေးကအပြီးဝယ်ပြီး သူ့မိန်းမက ထမင်းဟင်းချက်သည့်အချိန်၌ ကလက်ပြားက ဆိုင်ထိုင်ရသည်။

သူတို့ပြောင်းလာသော လမ်းထိပ်သူတို့အိမ်နှင့် မျက်စောင်းထိုး သုံးအိမ်ကျော်ခြံကြီးကိုလွန်လျှင် ထန်းတောကြီးနှင့်ကုန်းကြီး ရှိ၏။ ထိပ်ဆုံးခြံကြီးမှာ တိုက်ဟောင်းကြီးတစ်လုံးရှိပြီး အာရ်ကေ နရယန်းဆိုသူ နေထိုင်လျက်ရှိ၏။ ကလက်ပြားတို့လို ခရစ်ယာန် ဘာသာဝင် မဟုတ်ဘဲ ရိုးရိုးတမီလ်ဘာသာကိုပဲ အယူရှိသူဖြစ်၍ သူ၏တိုက်မှာ ဗိဿနိုး၊ သျှိဝ၊ ကာလီမယ်တော်၊ စန္ဒီဒေဝီ၊ ဆွာရဆရီ မယ်တော် နတ်ဘုရားရုပ်တုများနှင့် ပြည့်နေသော ဘုရားဆောင်ကြီးရှိ၏။ အမေလား၊ အစ်မလား မပြောဘတ်။ အသက်ကြီးကြီး၊ ရုပ်ဆိုးဆိုး မိန်းမကြီးနှင့်အတူ နေသည်။ အာရ်ကေနာရယန်းကို ယုံကြည်အားကိုးသူတွေ တမီလ်

www.burmeseclassic.com



ဘာသာဝင်တွေအပြင် လူမျိုး ပေါင်း စုံလှသည်။ ရန်ကုန်ဘက် ကမ်းမှပင် ကားတွေနှင့် လာရောက် သူတွေရှိ၏။

ကလက်ပြား သူ့ဆိုင်ကလေးမှထိုင်၍ အာရ်ကေနာရယန်း ကို လေ့လာသောအခါ အာရ်ကေနာရယန်းသည် ပစ္စည်းပျောက်၊ လင်ပျောက်၊ သားပျောက် ဗေဒင်ဟောတတ်သလို ယတြာချေ၊ ဆေးကု၊ အင်းအိုင်လက်ဖွဲ့ အစီအရင်တို့ဖြင့် သူတို့ လောကတွင် နာမည်ရနေသော ကုလားဆရာတစ်ယောက်ဖြစ်ကြောင်း သိရ လေသည်။ သူ့တိုက်မှာ တယ်လီဖုန်းရှိသည်။

အသက်အားဖြင့် ကလက်ပြားထက် ဆယ်နှစ်ခန့် ကြီးပါ လိမ့်မည်။ ကလက်ပြားအသက်က ယခု နှစ်ဆယ့်ငါးနှစ်ဆိုတော့ သုံးဆယ့်ငါးနှစ်လောက်တော့ အာရ်ကေနာရယန်းအသက် ရှိပါ လိမ့်မည်။ ဒါပေမဲ့ သူ့ကို ဘိုးတော်ဟုခေါ်လျှင် သဘောကျသူ ဖြစ်၏။

ကွင်းစပ်မှာနေသူဖြစ်၍ လပြည့်လကွယ်ညများ၌ ကု လားပုံများတီး၍ ညဉ့်နက်သည်အထိ လွတ်လွတ်လပ်လပ် တေး သီချင်းလို၊ ဂါထာမန္တရားတွေကို ရွတ်ဆိုနေလေ့ရှိတတ်သည်။ ဘမိလ်လူမျိုး စရိုက်မပျောက်ဘဲ ရိုးရာထိန်းသိမ်းထားသူ ဖြစ်ပုံ ရသည်။

ဆံပင်ရှည်၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကိုလည်း ဆာဒူးကြီးတစ်ယောက်ကဲ့သို့ ထူထူထဲထဲ ထားသည်မှာ သေသေ



www.burmeseclassic.com

www.burmeseclassic.com



သပ်သပ်ရှိလှ၍ ပုံသွင်းထားသလား အောက်မေ့ရသည်။ အာရ်ကေနာရယန်းသည် မနက်ပိုင်း ကွမ်းတစ်ရာဖိုးတစ်ဗူး၊ ညနေပိုင်းတစ်ဗူး မှန်မှန်လာဝယ်တတ်သည်။

ဆံပင်ရှည်ကို ငယ်ထိပ်တွင် ကျစ်ကျစ်လျစ်လျစ် ထုံးပြီး မီးနင်းတတ်သည်။ လျှာပါမကျန် တစ်ကိုယ်လုံး အပ်စိုက်ပြီး မီးနင်းတတ်ကာ ဒေါင်းတောင်များဖြင့် ကြွကြွရွရွရှိလှသည်။ ဖောက်သည်ကြီး နာရယန်းကို ကလက်ပြားကော၊ ပါးလ်လက်ချွမ်းကော ခင်မင်နေခဲ့သည်မှာ မဆန်း။ နေ့တိုင်း ကွမ်းနှစ်ရာဖိုး ဝယ်သော ဖောက်သည်ဖြစ်၏။

တစ်ခါတစ်ရံ ဆရာကြီးနာရယန်းအိမ်ကို လာကြသော ပရိသတ်တွေက ကလက်ပြားတို့ ဆိုင်မှာပဲ ကွမ်းယာဝယ်စားတတ်ကြသည်။ ရန်ကုန်ဘက်မှ ကားနှင့်လာသူတွေဆိုလျှင် ကွမ်းယာငါးရာဖိုး၊ တစ်ထောင်ဖိုးပင် ဗူးများနှင့် ဝယ်တတ်ကြသည်။

အာရ်ကေနာရယန်းသည် မနက်အရုဏ်တက် လေးနာရီဆိုလျှင် တောင်ဝှေးတစ်ချောင်း အဖော်ပြု၍ ပဲခူးစက်ကန်နှင့် ဂေါက်ကွင်းကြီးရှိရာဘက်သို့ ထွက်ပြီး မှန်မှန်လမ်းလျှောက်တတ်သည်။ ပဲခူးစက်ကန်ကြီးများမှာ လူတွေ မကြာခဏ ရေနစ်သေတတ်ပြီး တစ္ဆေ၊ သရဲ ခြောက်တတ်သည်ဟု နာမည်ကြီးသဖြင့် ထိုသို့ လူပြတ်သည့် အချိန်မျိုး ဘယ်သူမှ မသွားရဲကြ။ နာရယန်းပဲ သွားရဲသည်။ ကန်ကြီးတွေမှာ ကျယ်လှပြီး ထိုကန်



www.burmeseclassic.com

www.burmeseclassic.com



ကြီးများကိုပတ်၍ ဂါထာမန္တရား၊ ရွတ်ဆိုကာ လျှောက်လှမ်းနေရာက နေထွက်လာ သောအခါ နေဘုရားအား မျက်လုံးတွေ စူးစိုက်ထားပြီး မျက်တောင် လုံးဝမခတ်ဘဲ ခြေအစုံရပ်ကာ တစ်နာရီမျှ အာရုံပြု ရှိခိုး၏။

ပြီးမှ ပြန်လာကာ မနက်စောစော ကလက်ပြားတို့ဆိုင်မှာ ကွမ်းတစ်ရာဖိုးတစ်ဗူး ဝင်ဝယ်ပြီး စကားစမြည်ပြော၍ သူတိုက်ဘက်သို့ ပြန်သွားလေ့ရှိတတ်သည်။ အထူးသဖြင့် ဆရာကြီး၏ မျက်လုံးနှစ်လုံးမှာ အင်မတန်စူးစူးရှရှ ရှိသည်ကို သတိပြုမိသည်။

ညနေမိုးချုပ်စအချိန်တွင်လည်း သူ့အိမ်မှာ ညေ့်ပရိသတ်ကုန်ပြီဆိုလျှင် ညစားဖို့ ကွမ်းတစ်ရာဖိုးတစ်ဗူးဝယ်ပြီး သူတို့ဆိုင်ရှေ့ခုံတန်းတွင် ထိုင်ကာ စကားစမြည်ပြောဆိုတတ်သည်။ ထိုအခါ ညရောက်လျှင် ဆရာကြီး၏ မျက်လုံးတွေက ပိုပြီးတောက်ပနေတတ်သည်။

"မင်းတို့နဲ့ ငါတို့နဲ့က တို့ဘိုးဘွားတွေ ဟိုအိန္ဒိယပြည်ကနေ ဒီကိုရောက်လာပြီး တို့ကို ပေါက်ဖွားရာက မမျှော်လင့်ဘဲ ပြန်ဆုံကြရတာ။ အဲဒါရေစက်ရှိလို့ပဲကွ။ ဆွေတော်မျိုးတော်တွေ ဖြစ်လို့ ပြန်ဆုံကြရတာပေါ့ ကရက်ပီးယားရဲ့ သိလား။ အဲဒီတော့ မင်းကောင်းစားတာ၊ မင်းရည်မှန်းချက် ပြည့်တာကိုပဲ ဆရာကြီး လိုချင်တယ်။ မင်းကို ဖျက်နေတာ အရက်ပဲ။ အဲဒီတော့ မင်း



www.burmeseclassic.com

www.burmeseclassic.com



အရက်မသောက်နဲ့ ကရက်ပီးယား"

ဆရာကြီးအာရ်ကေနာရာယန်းက ကရက်ပီးယားကိုတခြားသူတွေခေါ်သလို ကလက်ပြားဟုမခေါ်ဘဲ သူတို့ တမိလ် လေသံ ပီသစွာဖြင့် ကရက်ပီးယားဟုပဲခေါ်ဆိုသုံးစွဲသည်။ ဆရာကြီး၏ စူးရှတောက်ပြောင်သော အကြည့်ဒဏ်ကို သူမခံရဲဘဲ ခေါင်းငုံ့ထားလိုက်သည်။

ကလက်ပြား အံ့ဩရသည်မှာ သူအရက်သောက်တတ်သည်ကို ဆရာကြီးအာရ်ကေနာရာယန်း သိသည်မှာ လူတွေ ပြောသံ ကြားသောကြောင့်လည်းကောင်း၊ သူတစ်ခါတစ်ရံ မူးပြန်လာတာကို တွေ့၍လည်းကောင်း သိနိုင်ခြင်းက သိပ်ဆန်းလှသည်မဟုတ်ဘဲ သူ့ရည်မှန်းချက်ကို သိသလို ပြောဆိုနေခြင်းကိုမူ အဆန်းဟု ထင်သွားကာ သေွးတိုးစမ်းသလို ပြန်မေးသည်။

"ဆရာကြီးက ကျွန်တော့်စိတ်ထဲမှာရှိတဲ့ ရည်မှန်းချက်ကို သိနေတယ်ဆိုတော့ ဘာရည်မှန်းချက်ဆိုတာကိုကော ပြောနိုင်လို့လား"

"ဟာ. . . ပြောနိုင်ပြီကောကွာ။ မင်း ရန်ကုန်ဘက်ကမ်းကိုတက်ပြီး အလုပ်လုပ်ချင်နေတယ်မဟုတ်လား။ တကယ်အလုပ် လိုချင်ရင် မင်း ငါ့အိမ်ကိုလာဖို့ပဲ ရှိတယ်ကွယ့်"

ထိုသို့ အံပ်ကျမတ်ကျ ပြောလိုက်ပြီဆိုတော့ ကလက်ပြားအံ့အားသင့်သွား၍မက အနီးမှာရှိနေသော ပါးလ်ဆက်ချမီး၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်မိသလို ပါးလ်လက်ချမီးကလည်း သူ့ယောက်ျားမျက်နှာကို "ဘယ့်နှယ့်ရှိစ" ဟူသောသဘောနှင့် သူမ်း ကြည့်ကာ အကြည့်ချင်းဆုံသွားကြလေသည်။

သူတို့နှစ်ယောက်စလုံး ဆရာကြီးအာရ်ကေနာရယန်း ပြောတာမှန်ကြောင်း ပြန်၍ပြောမည်ဟု ကြံရွယ်စဉ်မှာ ဆရာကြီး အာရ်ကေနာရယန်းက သူ့အတွက်ပေးထားသော ကွမ်းဗူးကို ဆွဲယူ ပြီး သူ့အိမ်သို့ ပြန်ထွက်သွားခဲ့လေပြီ။

"ကြားတယ်မဟုတ်လား . . . . ယောက်ျား။ ရှင်အရက် သောက်တတ်တာ၊ မူးတတ်တာကို ရှင့်အမျိုးတွေသာမက ဆရာကြီး နာရယန်းကပါ သိနေတော့ ဆရာကြီးပြောသလို ဆင်ခြင်ဖို့ ကောင်းပြီ ယောက်ျား"

ပါးလ်လက်ချမီးကလည်း ခေသူမဟုတ်။ မြို့ပေါ် ရောက်ပြီး တစ်နှစ်ကျော်ကျော်ကလေးရှိသေးသည်။ မြို့ပေါ်က အသုံးအနှုန်း တွေဖြင့် သူလင် ကလက်ပြားကို ယောက်ျားတွေ ဘာတွေဖြင့် လူရှေ့ သူရှေ့ ရဲရဲကြီး သုံးစွဲနေခဲ့လေပြီ။

သူတို့နှစ်ယောက်စလုံး ဓာတ်တူ နာမ်တူ ဆေးဘက်ယူ ဆိုသကဲ့သို့ . . .

"မိန်းမရယ် . . . ယောက်ျားအရက်သောက်တာပဲ ဘာ ဆန်းလို့လဲ။ လူတွေက တစ်စိတ်ကို တစ်အိတ်လုပ်တာပါကွာ။ မြို့ပေါ်မှာ ဆွေမျိုးအားကိုးမရတော့ ဒီလိုပဲ အပေါင်းအသင်း



www.burmeseclassic.com

www.burmeseclassic.com



ရှာရတာပဲကွ"

"ခုန ဆရာကြီးနာရယန်းပြောသွားတာ ကြားတယ် မဟုတ်လား။ အလုပ်လိုချင်ရင် သူ့အိမ်ကို လာဖို့ပြောသွားတာ"

"သူ့အိမ်ကို သွားတာတော့ ဟုတ်ပါရဲ့။ သူ့အိမ်က စုန်းမကြီးလို အဘွားကြီးကို ငါက ဘာကြောင့်မှန်းမသိဘူး။ တွေ့ရမှာကြောက်နေတယ်"

"တစ်လမ်းလုံးကလည်း ဒီအဘွားကြီးကို စုန်းမကြီးဆိုပြီးကြောက်နေတာပါပဲ။ ဒါပေမဲ့ ကိုယ်က ကိုယ်လိုချင်တဲ့ အလုပ်အတွက် သွားတွေ့ရမှာပဲဟာ။ သွားလိုက်ပါ ယောက်ျားရဲ့"

အမှန်တော့ ကလက်ပြားသည် နဂိုကတည်းက အရက်နှင့် လောင်းကစားကိုမက်မောခဲ့သူဖြစ်နေ၍ ကွင်းထဲမှာ နေစဉ်ကအချိုးကို မဖျောက်နိုင်ဘဲ သန်လျင်မြို့ပေါ် ရောက်တော့ ခဏပဲ ငြိမ်သည်။

နောက်. . . ဈေးသို့ ဈေးဝယ်လာရင်း အရက်ဆိုင်ခဏ တဖြုတ် ဝင်ထိုင်ရာက သူလိုလူများနှင့် ပေါင်းမိသွားကာ ဈေးဆိုင်မှ ဈေးဝယ်တာကို ဗန်းပြပြီး စက်ဘီးနှင့် မကြာခဏထွက်တတ် သည်။

တစ်ခါထွက်လျှင် အရက်တစ်ပိုင်းလောက်ချပြီး ပြန်လာတတ်သည်။ ဒါက မနက်ပိုင်းအချိန်တွေမှာဖြစ်၏။

ညနေပိုင်း နောက်ဆုံးခေါက် ဈေးဝယ်ပြေးပြီးတော့မှ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိစ္စအတွက် သူမိန်းမကို အကြောင်းပြပြီး ပိုက်ဆံယူသွားကာ ညဥ့်နက်မှမူးပြီး ပြန်လာတတ်သည်။

"အလုပ်က ဘယ်ဆီနေမှန်းမသိဘူး။ လူက နေ့တိုင်းမူး နေတာပဲ"

"ဟော့. . . ပါ်လေ်။ ဒါဟာ ဒစ်ပလိုမေးစီကွ။ စကားများနဲ့ကွာ။ ဒါမြို့ပေါ်။ တောမှာလို မဟုတ်ဘူး။ ထမင်းနူး။ ယောက်ျားဆာလာပြီ"

သည်လို အခြေအနေတွေက ညတိုင်းလိုလိုပင်။ တစ်ခါတစ်ရံမူးသွားပြီး စက်ဘီးတစ်ခြား၊ လူတစ်ခြားဖြစ်ပြီး ပြန်ရောက် လာတတ်သည်။

သိပ်မမူးသေးသည့် သူ့အပေါင်းအသင်း အသောက်သမားတွေက စက်ဘီးကို အိမ်တိုင်ယာရောက် လိုက်ပို့ကြ၍တော်ပါသေးသည်။

မြို့ပေါ်ရောက်ပြီး အသောက်အစား မလျှော့သလို လောင်းကစားနှင့်ကျတော့လည်း လျှော့သွားသည်ဟူ၍ မရှိခဲ့ပြန်။

ရပ်ကွက်ထဲမှာ အသုဘတစ်ခုခုဖြစ်လျှင် အိမ်ရှင်နှင့် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ညည ကလက်ပြား ရောက်သွားပြီး ဖဲရိုက်တော့သည်။ ဖဲရှုံးသည့်အခါ အိမ်က ပိုက်ဆံပြန်ယူတတ်သည်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကွင်းထဲမှာတုန်းကလည်း ထိုသို့ လောင်းကစား ဖက်ခဲ့ခြင်းကြောင့် သူ့အတွက်ရခဲ့သော လယ်ကေနှစ်ဆယ်တွင် တစ်ကေပေါင်ရိုက်၊ နှစ်ကေပေါင်ရိုက်ဖြင့် တကယ်ပြန်ရောင်းသည့်အခါ ကေနှစ်ဆယ်ဖိုးပင် အပြည့်မရဘဲ အနှိမ်ခံခဲ့ရတာကိုတောင် ကလက်ပြားက အမှတ်မရှိခဲ့ချေ။

မြို့ပေါ်ရောက်တော့လည်း ဖဲရိုးပါများပြီး ဆိုင်အရင်းပျောက်၍ ဆိုင်ပိတ်ပစ်ရမည့်ကိန်း ဆိုက်သဖြင့် သူတို့အခြေအနေ ကိုသိနေသော အာရ်ကေနာရယန်းက ငွေထုတ်ထုတ်ချေးရသည်။ သို့နှင့် အာရ်ကေနာရယန်းမှာ သူတို့လင်မယားနှစ်ယောက်၏ အားကိုးရာဖြစ်လာခဲ့သည်။

* * *

ချေးမြီးကောက် ကျည်တောက်စွပ်ဆိုတာ ကလက်ပြားလို လူစားမျိုးပင်။

ကလက်ပြားနှင့် ပါးလ်လက်ချမီးတို့သည် စရောက်သည့်နေ့မှာ ဘုရားကျောင်းသို့ တနင်္ဂနွေနေ့တိုင်း မှန်မှန်ဝတ်ပြုသွားတတ်ကြပြီး နောက်ပိုင်းတွင် အသွားအလာကျဲလာကြ၏။

ကလက်ပြားသည် ယခင်ကတည်းက လက်ကြောတင်းသူ မဟုတ်သည့်အပြင် သူ့အဖေကဲ့သို့ အသောက်အစားကလည်း ရှိသဖြင့် သူ့အခြေအနေကို စောင့်ကြည့်နေသော ဦးလေးဖင်ကွဲက အလုပ်ပေးရမှာ စိတ်မချနိုင်ဘဲ ဖြစ်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှိခိုးကျောင်းသို့ မှန်မှန်မလာသည့်အပြင် သူ အာမခံပေးထားသော ငွေများကိုလည်း ဆပ်တစ်လှည့် မဆပ်တစ်လှည့် ဖြစ်နေသော ကလက်ပြားကို အဘယ်မှာလျှင် ယုံနိုင်တော့မည်နည်း။

သူဦးလေးဝမ်းကွဲက မျက်နှာသာမပေးတော့သောအခါ အခြားစီးပွားရေး ပြေလည်သူတွေကလည်း ကလက်ပြားကို ခပ်ရှောင်ရှောင်နေကြသည်။

သည်ကြားထဲ ကလက်ပြား၏ အရက်သောက်၊ ဖဲရိုက်၊ လောင်းကစားသတင်းတွေက ဖုံးမရဘဲ သူ့ဦးလေးဝမ်းကွဲဆီ ရောက် ရောက်သွားသည်။

ယင်းကြောင့် စီးပွားရေး အဆင်ပြေကာ အလုပ်အကိုင် အပေါက်အလမ်းတည့်နေသော သူနှင့် မျိုးတူတွေက ကလက်ပြားကို ရှောင်စပြုလာသည်။

သူ၏ မူလရည်မှန်းချက်ဖြစ်သော ရန်ကုန်မြို့ပေါ်မှာ အလုပ်တက်လုပ်ရေးအစီအစဉ်တွေလည်း အကောင်အထည် ပေါ် မလာနိုင်တော့။ သူ့အချိုးကြောင့် ရန်ကုန်မြို့ပေါ်ရှိ လုပ်ငန်းကြီးများသို့ ခေါ်မသွားရဲကြတော့။

"မိန်းမရယ် . . ။ ငါက သန်လျင်မြို့ပေါ်တက်ပြီး ဒီက အဆက်အသွယ်တွေနဲ့ ရန်ကုန်မြို့ပေါ်မှာ တက်ပြီး အလုပ်လုပ်ဖို့ အောင်လာခဲ့တာ။ ခုတော့ ငါ့ဦးလေးကအစ ခပ်အင်တင်တင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတော့ အလားဖြစ်နေပြီကွာ"

"တာ. . . ယောက်ျားကလည်း အားငယ်တတ်လိုက်တာ။ ကျွန်မတို့ ဖောက်သည်ဆရာကြီး နာရယန်းကို အားကိုးအားထား ပြုမှပေါ့။ သူကလည်း အကူအညီပေးချင်လွန်းလို့ မကြာမကြာ စကားကြောင်းနေတာ ကြည့်ပါလား"

"အင်း. . . ဟုတ်တာပေါ့။ ယောက်ျားပြောရမှာ အားနာတယ်ကွာ။ သူ့ဆီက ငွေတွေချေးချေးပြီး ပြန်မဆပ်နိုင်တာကို မျက်နှာပူလှပြီ။ ဒီကိစ္စ မိန်းမကိုပဲ အားကိုးရတော့မယ်။ မိန်းမ ဆဲပြောပေးစမ်းပါ။ သူ့အပြော ဟုတ်၊ မဟုတ် စမ်းရတာပေါ့"

* * *

"ဘာမှ စမ်းမနေနဲ့ ကရက်ပီးယားရဲ့။ မင်းအရက်မသောက်တော့ဘူးလို့ သစ္စာဆိုရင် ငါ့တပည့်လုပ်ငန်းရှင်တွေရဲ့ အလုပ်မှာ ငါ အခုပြောပေး အခုရမယ်"

အာရ်ကေနာရယန်းအကြိုက် ဘိုးတော်ဟုမြှောက်ပင့်ခေါ်လိုက်သဖြင့် အကြိုက်တွေ့သွားကာ. . .

"ဒါဆို. . . မင်းကတိတည်ပါစေ"

ဟု ပြောပြီး အိမ်ပြန်သွားသည်။

ဆရာကြီး အာရ်ကေနာရယန်း စွမ်းဆောင်မှုကား အံမတန်မြန်သည်။

ထိုနေ့က သူ့ဆီသို့ ယတြာချေရန် ကိုယ်ပိုင်ကားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသော သူတို့ လူမျိုးလုပ်ငန်းရှင်တစ်ယောက်ကို ပြောပေးသဖြင့် ထိုလုပ်ငန်းရှင်က သူ့ကိုခေါ်တွေ့ပြီးနောက်နေ့ သူ၏ပဲဂိုဒေါင်တွင် အလုပ်ဆင်းရန် လိပ်စာပေးသွားလေသည်။

လုပ်ငန်းရှင် ပြန်သွားတော့ ဆရာကြီး အာရ်ကေနာရကာန်း၏ တိုက်ခန်းမှာ ကျန်ခဲ့သော ကလက်ပြားမှာ နာရကာန်းမွေးထား ဟန်တူသော ကြောင်နက်ကြီးသုံးကောင်ကို သတိပြုမိသည်။

ဆရာကြီးအိမ်မှာ ဆရာကြီးအာရ်ကေနာရယန်းနှင့် အတူ ကလက်ပြားရှိနေစဉ် ကလက်ပြားစိတ်မှာ မသိုးမသန့်ကြီး ဖြစ်နေရသည်။ နာရယန်းနှင့်အတူနေသော ရုပ်ဆိုးအကျည်း တန် မိန်မအိုကြီးက ကလက်ပြားရောက်လာတာကို ကြည်ဖြူ ပုံမရ။

ဆရာကြီးအာရ်ကေနာရယန်း၏ ဥပဓိရုပ်က ခန့်ညား သော်လည်း ထိုအဘွားကြီး၏ မျက်နှာမှာ အကြည့်ရ အင်မတန် ဆိုးလေသည်။ သူကြားဖူးနားဝရှိထားသော စုန်းမကြီးများ ဖြစ် နေမလားဟုပင် ကလက်ပြားတွေးရင်း ကျောထဲ စိမ့်သွားခဲ့၏။ အရုပ်ဆိုးအကျည်းတန် အဘွားကြီး၏ မျက်လုံးနှစ်လုံးကတော့မူ ဆရာကြီး အာရ်ကေနာရယန်း မျက်လုံးတွေထက်ပင် ပို၍တောက် ပြောင်နေခြင်းက အံ့ဩစရာကောင်းနေတော့သည်။ လူက အိုစာ နေပေမည့် ထိုအဘွားကြီး၏ မျက်လုံးတွေက သိန်းစွန်ရဲတင် ကောင်လို စူးရဲတောက်ပြောင်လွန်းလှသည်။ အမှောင်ထဲမှာဆို



www.burmeseclassic.com

www.burmeseclassic.com



လျှင် ကြောင်တစ်ကောင်၏ မျက်လုံးတွေကဲ့သို့ အရောင်တွေ ထွက်နိုင်သည်။

အဘွားကြီး သူတို့နှစ်ယောက်ကို ကြည့်ပြီး ပြုံးသိပ်ထား နိုင်တော့ဟန်မတူ။ ဆရာကြီး အာရ်ကေနာရယန်းအား စီးစီး ပိုးပိုးအသံကြီးနှင့် လှမ်းမေးသည်။

တောအရပ်ကွင်းရွာတွေမှာတော့ ထိုသို့ အရုပ်ဆိုး အကျည်းတန် မိန်းမအိုကြီးများကို ကြောက်လန့်ပြီး 'ဂုန်းမအိုကြီး' (ကုန်းမအိုကြီး)ဟု ကွယ်ရာ၌ ခေါ်လေ့ရှိတတ်ကြသည်။

"ဒီကောင်လေးကို တို့အိမ်ထဲရောက်အောင် ဘာဖြစ်လို့ ခေါ်လာတာလဲ။ သူတို့လင်မယားဟာ ငါတို့နဲ့ ဆက်ဆံသင့်တဲ့ လင်မယား မဟုတ်ဘူးလို့ မင်းကိုငါ ပြောထားတယ်မဟုတ်လား"

"ခင်ဗျားအလုပ် ခင်ဗျားသွားလုပ်စမ်းပါ ကာလီမ။ ကျုပ် အလုပ်ထဲ ဝင်မပါနဲ့လို့ ဘယ်နှခါ ခင်ဗျားကို ပြောထားရမလဲဗျ။ ကြောင်တွေကို အစာကျွေးရမယ့် အချိန်ရောက်နေပြီ"

အာရ်ကေနာရယန်းကလည်း အဘွားကြီးကို လေသံ မာမာနှင့် ပြန်ပြောသည်။

ကြောင်နက်ကြီးသုံးကောင်က အဘွားကြီး ခြေထောက် နားတွင် ပွတ်ကာသီကာ လှည့်ပတ်ကာ အစာတောင်းသလို လုပ် နေကြသည်။ အဘွားကြီးလက်ထဲမှာ ခပ်ရှည်ရှည် ဇလုံတစ်လုံး ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မီး . . ညောင် . . ဝေါင်း ဝေါင်း"

"ငါ့သားတွေ ငြိမ်ငြိမ်နေကြစမ်း။ အလိုက်မသိတဲ့ဟာကို ပြောရသေးတယ်"

အဘွားကြီးသည် သူ့လက်တစ်ဘက်ဖြင့် ကိုင်ထားသည့် ဇလုံတခပ်ရွယ်ကို ကြောင်နက်ကြီးသုံးကောင်ရှေ့ချပေးလိုက်သည်။ အဘွားအိုကြီး၏ နာမည်မှာ ကာလီမဖြစ်နေ၍ ကလက်များ ပိုကြောက်သွားသည်။ သူ့အဖေကို ကာလီမယ်တော် ဒဏ်ခတ်၍ သတ်ပစ်ခဲ့သည်ဟူသောအစွဲက မပျောက်သေး။

"ဝေါင်း . . . အောင်း . . ဝေါင်း"

ကြောင်နက်ကြီးသုံးကောင်က တစ်ကောင်တစ်တုံးကျ လွှမ်း၍ ကိုက်ဆွဲပြီး သရဲလိုလို၊ နတ်လိုလို၊ ဘုရားလိုလို လက်ခြောက်ဘက်နှင့် လျှာကြီးထုတ်၍ မျက်လုံးကြီးပြူးထွက်နေသည့် ရုပ်တုများ နောက် ပြေးဝင်သွား၏။

* * *

"ဒီကောင်ကြီးတွေက အမဲသားဆိုရင် သိပ်ကြိုက်တယ်။ ဣန္ဒြေရရကို မနေနိုင်ဘူး။ နင်လည်း အဲဒီလိုပဲ"

"ကျုပ်မွေးထားတဲ့ ကောင်တွေပဲ။ ကျုပ်လို အမဲသား ကြိုက်တာ ဘာဆန်းလို့လဲဗျ"

အဘွားကြီး အာရုံကေနာရယန်းကို ဘာတွေဘယ်လို ဆက်ပြောပြီး ဆက်ဖြစ်နေသည်ကို စောင့်၍ကြည့်မနေတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကလက်ပြားအခွင့်ကောင်းယူပြီး နာရယန်းတို့ တိုက်အိုကြီးအတွင်းမှ ကဗျာကသီနှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ သို့တိုင် . . .

"နင်တို့ ကိုယ့်ကိုယ်ကို သိကြနော်။ မဟုတ်တာလုပ်ရင် ကာလီမယ်တော် ကြည့်မနေပါနဲ့။ အကုန်လုံး သေချင်းဆိုးနဲ့ သေပါစေ"

စုန်းမအိုကြီးလို အဘွားကြီးကာလီမ၏ ကျိန်စာတိုက်သံတွေ သူ့နောက်မှာ လွင့်ပျံလျက်။

* * *

ယမန်နေ့ ညနေ နေဝင်တရောအချိန်က ဘဝင်မကျစရာကောင်းသော မြင်ကွင်းနှင့် ဖြစ်ရပ်များသည် နောက်နေ့မနက်မှာ အားလုံးပြေပျောက်သွားရလေသည်။

ရန်ကုန်ဘက်ကမ်းကို သင်္ဘောစီးပြီး လင်းစဒေါင်းကပဲကိုဒေါင်သို့ သူဌေးပေးထားသည့် လိပ်စာအတိုင်း ရောက်သွားသောအခါ ကလက်ပြားအဖို့ စိတ်ချမ်းသာဖွယ်ရာ ဖြစ်နေ၏။

သူဌေးက သူ့တိုက်မှ ကားနှင့် ရောက်လာပြီး အလုပ်ခွင်မှာ သူ့ကိုနေရာချပေးသည်။

သူက ပင်ပင်ပန်းပန်းနှင့် ပေပေရေရေအခြားသူတွေလို အလုပ်လုပ်ရမည်ထင်ပြီး အဝတ်အစားအဟောင်းတွေထည့်လာသော်လည်း ကလက်ပြားလုပ်ရမည့် အလုပ်မှာ ထမ်းရပိုးရမည့် အလုပ်မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း စာတတ်သလား"

"မြန်မာစာနဲ့ ကလယ်စာနည်းနည်းစီတတ်ပါတယ်"

"အင်္ဂလိပ်လို ဂဏန်းတွေ ရေးတတ်လား"

"ရေးတတ်ပါတယ်"

"ဒါဆိုရင် ပြီးတာပဲ။ ဒီဘက်ဂိုဒေါင်က ပဲအိတ်တွေအထုတ် အသွင်းရှိတယ်။ သွင်းတာကို အင်္ဂလိပ်ဂဏန်းနဲ့ စာရင်းမှတ်။ ပြီး တော့ အဲဒီပဲအိတ်တွေ ဟိုဘက်ဂိုဒေါင်မှာ သန့်စင်ရွေးထုတ်ဖို့ ထုတ်သွားတာကို စာရင်းမှတ်ပြီးထုတ်ပေး။ ညနေကျရင် ရွေးပြီး သားပဲတွေ ပြန်သွင်းရင်စာရင်းနဲ့ ကိုက်ပြီးလက်ခံ။ မင်းရဲ့စာရင်း ကို မန်နေဂျာဆီကို တင်ပြပြီး သူတို့ကို မန်နေဂျာ ပိုက်ဆံရှင်းပေး လိမ့်မယ်။ မင်းကိုတော့ တစ်နေ့တစ်ဆယ်ကျပ် ပေးမယ်။ အပတ် ရှင်း စနေ၊ တနင်္ဂနွေပါဆင်းရင် ခုနှစ်ဆယ်ရမယ်။ လနဲ့ရှင်းဆိုရင် လည်း လခစားလို ရှင်းပေးမယ်"

"ကျွန်တော် နေ့စားပဲ ရှင်းချင်ပါတယ် သူဌေး"

"ဒါဆိုလည်း နေ့နဲ့ရှင်းဖို့ မန်နေဂျာကို ပြောထားမယ်။ အလုပ်သမ မိန်းမတွေနဲ့ အလုပ်သမားတွေ ပဲတွေ ခိုးမထုတ် အောင် သူတို့ကို မင်းစောင့်ကြည့်ရမယ်၊ တာဝန်လည်းယူရမယ်။ ဥပမာ- နေ့လယ်ထမင်းစားထွက်ရင် တစ်ချက်ကြည့်။ အလုပ် သိမ်းပြီးပြန်တဲ့ အချိန် သူတို့ ထမင်းချိုင့်တွေ၊ လွယ်အိတ်တွေကို စစ်ဆေး"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က အစိုးရအလုပ် နေ့စားတောင်မှ သုံးကျပ် တစ်ဆယ့်ငါးပြား ရသည့်ခေတ်ဆိုတော့ ကလက်ပြား တစ်နေ့ တစ်ဆယ်ကျပ်ဆိုသော လုပ်အားခမှာ မက်မောစရာဖြစ်၏။

ကလက်ပြား ထိုအလုပ်ကို သူ့ဆရာကြီး အာရ်ကေ နာရာကန်းကြောင့် ရရှိသည်ဖြစ်၍ နာရာယန်းကို အရမ်းကျေးဇူး တင်နေခဲ့သည်။

အလုပ်ဝင်ခါစမှာ ဆရာကြီးစကားကို နားထောင်သည့် အနေဖြင့် မနက်၊ နေ့လယ်ပိုင်း အရက်သောက်ချင်စိတ်ကို မျို သိပ်၍ထားရသည်။ ညနေအလုပ်သိမ်း၍ အိမ်ပြန်တော့မှ အလုပ်ခွင်နှင့် လည်းနီး။ သီတာသင်္ဘောဆိပ်နှင့်လည်း နီးသော ၅၅-လမ်း အရက် ဖြူဆိုင်မှာ ဝင်မော့တော့သည်။

၅၅-လမ်းအရက်ဆိုင်မှာ သံနှင့် စက်ကိရိယာ ပစ္စည်း ရောင်းသော ကြက်တန်းဧရိယာမှာရှိ၍ သူ့လို သန်လျင်မှ အလုပ် လာလုပ်ကြသော မျိုးတူများနှင့် အဖွဲ့ကျသွားပြန်၏။ ထိုအချိန် အရက်ဖြူ ဘီအီးဒီစီတစ်လုံး နှစ်ကျပ်ငါးဆယ်ပြားဖြစ်၍ သူ့လို တစ်နေ့တစ် ဆယ်စားက အလုံးလိုက် ထောင်သောက်နိုင်သဖြင့် မျက်နှာပွင့်နေ သည်။

အရက်ကို များများသောက်ပြီးအမြည်းကိုမူ ကုလား သုပ်(၂၅)ပြားဖိုးလောက်နှင့် ပြီးတတ်သော သူတို့ထုံးစံအတိုင်း အရက်များများသွားတတ်သည်။ ထို့ကြောင့်သန်လျင်ဘက်ကမ်းသို့



www.burmeseclassic.com

www.burmeseclassic.com



အပြန်မှာ ကလက်ပြားတို့လို သောက်လုံးကြီးသူတွေ နောက်ကျ တတ်သည်။

သဘော်နောက်ဆုံးခေါက် (၉း၄၅) နာရီခေါက်ကိုစီးပြီး သန်လျင်ကို ဆယ်တစ်နာရီလောက်မှ ရောက်သည်။ အိမ်ရောက်၍ ထမင်းစားပြီးနောက် အိပ်ချိန်မှာ (၁၂း၀၀) နာရီ ကျော်တော့သည်။ အရက်မူး မူးမူးလာသဖြင့် တစ်ခါတစ်လ ထမင်းပင်မစားမိတော့။ ထမင်းလွတ်သွားသည်က များတော့သည်။

တရှိန်ထိုး သိုးနေအောင် အိပ်ပြီး မနက်မိုးလင်မှ နိုးကာ ခုနစ်နာရီအလုပ်ချိန်အမီ အလုပ်ကို ပြေးရသဖြင့် သူ့ဆရာကြီး နာရယန်းနှင့် သူမတွေ့နိုင်တာများနေသည်။ ထိုသို့ မတွေ့နိုင်အောင်လည်း ကလက်ပြားက အကွက်ဆင်ထားခြင်းဖြစ်သည်။ သူ ပြန်ရောက်လာသည့် ဆယ့်တစ်နာရီ၊ ဆယ့်နှစ်နာရီမှာ ဆရာကြီး၏ အိမ်တံခါး၊ ခြံတံခါး၊ ပိတ်ထားချိန်ဖြစ်၏။

သူ မနက်အလုပ်ဆင်းဖို့ ထွက်သွားချိန်မှာ သူ့ဆရာကြီး ပဲခူးစုစက်တန်ကြီးတွေဘက် လမ်းလျှောက်၊ နေဘုရားရှိခိုးထွက် သွားချိန်ဖြစ်၏။

သူ့ဆိုင်အတွက် ဈေးဝယ်ဖို့ကိုမူဆရာကြီး နာရယန်းကပင် သူတို့လမ်းထဲမှ ဆိုက္ကားသမားလူယုံဘအေးနှင့် စီစဉ်ပေးထား၍ သူ့မိန်းမ ပါးလ်လက်ချမ်းဆိုင်ကို အထိုင်မပျက် ရောင်းနေနိုင်သည်။ ဘအေးက ကလက်ပြားနှင့် အရင်က မှုမင်းတူ



www.burmeseclassic.com

www.burmeseclassic.com



ဗူးဆိုဖြစ်၍ စိတ်ရှည်သည်။

အရက်သောက်ရင်း ငါးကျပ်ဖိုးသောက် လမ်းစရိတ်နှင့် အပြင်မှာ သုံးစွဲပြီး အိမ်ကို ငွေငါးကျပ်အသာတင် ပါလာကာ ပါးလ်လက်ချမ်းရောင်းရသော အမြတ်အချို့ကို စားသောက်စရိတ် ထဲထည့်နှင့် လင်မယားနှစ်ယောက်ပေါင်း စုနိုင်ဆောင်းနိုင်လာ သဖြင့်-စီးပွားရေးအဆင်ပြေမည် ကြံကာရှိသေး။ အိမ်ဖောက် ထွင်းပြီး အခိုးခံလိုက်ရသည်။

ပစ္စည်းတွေနှင့် စုမိဆောင်းမိသမျှ ငွေလေးပါသွားသဖြင့် ပါးလ်လက်ချမ်းနှမြေတသ မျက်ရည်ဖြိုင်ဖြိုင်ကျရသည်။ ကလက် ပြားကလည်း သူကောင်းကောင်းလုပ်ကိုင်နေမှ ထိုသို့ဖြစ်ရလေ ခြင်းဟု မခံမရပ်နိုင်ဖြစ်ကာ ဒေါသပုန်ထလေတော့သည်။

ထိုအခါ တောစရိုက်တွေဝင်လာပြီး ယောက်ျားက ဓားဆွဲ တုတ်ဆွဲ၊ မိန်းမက ,မဲအော်၊ နှမ မိုးမွန်အောင် တုတ်တော့သည်။ ပါးလ်လက်ချမ်းမှာ သူမ၏ ချောချောလှလှ ရုပ်ရေကလေးနှင့် မလိုက် ပစ္စည်းဥစ္စာကို ထိပါးတော့ ရိုင်းရိုင်းပြပြရှိသည်။ ပက်ပက် စက်စက် နိုင်သည်။

ကလက်ပြားကော ပါးလ်လက်ချမ်းကော ကွင်းကုလား တွေပီပီ ထိုဒေသတွေမှာ အင်မတန် အားထားကြရသည့် 'ဗီလ ခတ်' ကုလားဘုရားမှာ ကြက်တစ်ကောင်သတ်ပြီး မီးထွန်းမည် ဟု ကြိမ်း ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့အိမ်ကို ခိုးတဲ့သူခိုးတွေ သေချင်းဆိုးနဲ့သေအောင် ပီလခတ်ကို သွားမယ်"

"ပီလခတ်ကို သွားတာလည်း သွားပေါ့။ ဒီကိစ္စလောက်နဲ့ ဆရာကြီးလုပ်ပေးပါ့မယ်"

သူတို့အော်သံတွေကြောင့် အာရုံကေနာရယန်း ရောက်ရှိလာကာ ကလက်ပြားနှင့်ပါးလ်လက်ချမီးတို့ကို အားပေးအားမြှောက် ပြုသည်။

"မင်းအိမ်ကို ဖောက်ထွင်းသွားတဲ့သူခိုးဟာ ခုနှစ်ရက်အတွင်းမှာ ဒုက္ခရောက်ပြီး ပေါ်အောင် ဆရာကြီးလုပ်ပြမယ်"

"လုပ်ပါ ဆရာကြီးရယ်။ ပါးလ်တို့ပစ္စည်း မတရားလုပ်တဲ့ကောင်ကို မြန်မြန်ဒုက္ခရောက်အောင် လုပ်ပစ်စမ်းပါ ဆရာကြီးရယ်"

ဆရာကြီးနာရယန်းသည် ကလက်ပြားတို့အိမ်မှာ မွေးထားသော ကြက်တစ်ကောင်ဖမ်းယူစေပြီး ထိုကြက်ကို ခေါင်းဖြတ်ကာ ခြံထောင့်မှာ စိုက်ထားသော စပါးလင်ဖုတ်အား လည်ချောင်းသွေးဖြင့် ပန်းစေပြီး ပါးစပ်မှ ဂါထာမန္တန်တွေတတွတ်တွတ် ရွတ်ဆိုသည်။ ထိုအချိန်မှာ ဆရာကြီး၏ မျက်နှာမှာ အထူးကြောက်စရာကောင်းလှပြီး မျက်လုံးတွေမှာ ပို၍ စူးရှတောက်ပြောင်နေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးအာရ်ကေနာရယန်း၏ အစီအရင်ကပဲ စွမ်းလေသလား။ ဒါမှမဟုတ် ဆိုက္ကာသမားဘအေးကပင် ရောဂါအခံ ရှိလေသည်လား မပြောတတ်။

ထိုရက်ပိုင်းအတွင်းမှာ သွေးအန်၍ သေဆုံးသွားခဲ့လေသည်။

ဆိုက္ကားနင်းရင်း အရက်တိုက်သူတွေ့လျှင် မရှောင်တတ်သော၊ တီဘီရောဂါအခံရှိသော ဘအေးသေဆုံးရခြင်းမှာ ကုလားဆရာကြီး နာရယန်းကို ပို၍နာမည်ကြီးပြီး လူတွေကြောက်သည်ထက် ကြောက်သွားအောင် ဖြစ်သွားလေတော့သည်။

"ကုလားဆရာက သရဲ တစ္ဆေတွေ မွေးထားတဲ့ အောက်လမ်းဆရာကြီးပဲကွ။ ကောင်းတဲ့နေရာမှာ မစွမ်းပေမယ့် မကောင်းတဲ့ နေရာမှာတော့ တကယ်စွမ်းတာပဲ"

"သူ့အိမ်က ကာလီမကြီးက ပိုပြီးကြောက်ဖို့ကောင်းသေးတယ်။ သူ့ထက်ပိုစွမ်းတဲ့ ကုလားစုန်းမအိုကြီးလို့ ပြောကြတယ်"

ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကလက်ပြားတို့ ခြံထဲမှ စပါးလင်ကြက်သွေးလောင်းသည့်ကိစ္စ၊ ဆိုက္ကားသမားဘအေး သွေးအန်သေသည့်ကိစ္စတို့မှာ ဆက်စပ်နေသည်ဟု လူတိုင်းက အရေးထားပြောဆိုနေကြပြီး အဓိကကျသည့်အစ္စည်း ပြန်ရ မရတာကို မပြောကြတော့။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကာလကိုပြားတို့ လင်မယားမှာလည်း စုဆောင်းထားသမျှ အားလုံးကုန်သွားသဖြင့် ဆိုင်ကလေးပြန်ထွက်ရမှာ အနိုင်နိုင်ဖြစ်နေ၍ သူတို့၏ ကုလားဆရာကြီးနာရာယန်းထံမှပင် ဆိုင်ကလေး ပြန်တည်ထောင်ဖို့ ပိုက်ဆံချေးငှားကြရပြန်သည်။

"မင်းတို့ဆီမှာ ငါ့ငွေတွေ များနေပြီကွာ။ အလုပ်အဆင်ပြေရင် ပြန်ဆပ်လိမ့်မယ်လို့ မျှော်လင့်နေတာ။ အင်း . . . ဒါပေမဲ့ သူ့နိုးခိုးလို့ ကုန်သွားတဲ့ဟာမို့ မချေးလို့ မဖြစ်တာကြောင့် ထပ်ပြီး ချေးရဦးမှာပေါ့ကွာ"

အာရ်ကေနာရယန်း ထုတ်ချေးသော ငွေများနှင့်ဆိုင် အရင်းပြန်ထောင်၍ ဆိုင်ကလေးပြန်ထွက်ရပြန်သည်။

အာရ်ကေနာရယန်းထံမှ ငွေရင်းနှင့် ဆိုင်ပြန်ထွက်နိုင်တာတော့ ဟုတ်ပါပြီ။ ဆိုင်မှာ ပစ္စည်းကုန်လျှင် ဘယ်သူစိမ်းကိုမှ လှုယုံမွေးပြီး ဝယ်မခိုင်းရဲတော့။ အိမ်အဝင်အထွက်ရှိသည်နှင့် ဆစ္စာမရှိတဲ့သူနှင့် ကြုံပြီး ဆိုင်အဖောက်ခံခဲ့ရသည်။ ရှာဖွေထားသမျှ ပြုတ်ပြုတ်ပြုန်းခဲ့ရသည်။

"ယောက်ျားရယ် . . . ဒီအတွက် ဘာမှမပူပါနဲ့။ ဆိုင်လူပါးတဲ့အချိန် နေ့လယ်ဆယ့်နှစ်နာရီလောက်ဆိုရင် ဆိုင်ကိုပိတ်ထားခဲ့ပြီး ပါးလ်တစ်ခေါက်သွားဝယ်မှာပေါ့။ ညနေပိုင်းကျရင် ဈေးမ ပိတ်ခင်တစ်ခေါက် ထပ်သွားမယ်"

"အေး . . . အဲဒီညနေပိုင်းအချိန်က အလုပ်ပြန်၊ ရုံးပြန်



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ စည်ကားတဲ့အချိန်၊ မနက်စောစောနဲ့ ညနေချိန် ဒီနှစ်ချိန်ပဲ ဆိုင်ရောင်းချိန်ရှိတာ။ ရောင်းရချိန်မှာ ပိတ်သွားတော့ ဖောက်သည် ပျက်မှာပေါ့"

"ဆရာကြီးကလည်း အရင်းပြန်ထောင်ပေးရင် လုံလုံလောက်လောက်ဈေးဝယ်ဖို့ တစ်ခေါက်နဲ့ပြီးအောင် ငါးသောင်းလောက် ထုတ်ချေးတာမဟုတ်ဘူး။ ခုဟာက နှစ်သောင်းတည်းဆိုတော့ မနက်ဈေးကြီးဝယ်ပြီး ငွေကုန်နေပြီ။ ရောင်းရမှ မနက်စာ ညနေမှာ ရင်းဆိုတော့ ငါ့မိန်းမ ကသီလင်တ နိုင်နေပြီ"

"ယောက်ျား ဆွဲဆွဲသုံးတာနဲ့ မိန်းမလည်း ဟိုဟာလိုချေး ဒီဟာလိုချေးနဲ့ဆိုတော့ ဆရာကြီးပိုက်ဆံ သုံးသိန်းကျော်နေပြီ။ ဒါတောင် ဆရာကြီးက အတိုးလျှော့လျှော့ပေါ့ပေါ့နဲ့ တွက်ထားလို့"

"ယောက်ျားလည်း ရှေ့ရေးအတွက် စဉ်းစားနေတာ။ အစ်မစန်းသီနဲ့ ယောက်ဖတောင်မှ ထားမလုံကုန်းထိပ်မှာ ဈေးရောင်းပြီး စီးပွားဖြစ်သေးတာပဲ။ တို့ကဒီမြို့ပေါ်မှာ ဘာလို့ စီးပွားမဖြစ်ရမှာလဲ"

"ဘာလို့ စီးပွားမဖြစ်ရမှာလဲဆိုတော့ ယောက်ျားက အရက်သောက်၊ ဖဲရိုက်လုပ်နေတာကိုး။ ဒါကိုပြင်လိုက်ရင် နှစ်နှစ် သုံးနှစ်အတွင်း စီးပွားတက်လာပြီး ကြီးပွားလာမှာပါ"

"အေးကွ. . . တကယ်ဆိုတော့ ရန်ကုန်က ဒီအလုပ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



တို့အတွက် အပိုလိုဖြစ်နေတယ်။ တစ်နေ့တစ်ဆယ်ရတာတော့ ဟုတ်ပါပြီ။ မသောက်မစားဘဲနဲ့ လမ်းစရိတ်နှုတ်၊ လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုးနှုတ်ရင် ရှစ်ကျပ်လောက်တော့ အိမ်ကိုပြန်ပါနိုင်တယ်။ ဒါပေမဲ့ အဲဒီရှစ်ကျပ်လောက်ငွေကို ဒီမှာ ပြန်ရှာရင်လည်း ရတာပဲ။ ဥပမာကွာ. . . ခုလို နွေအချိန်ဆိုရင် ကြံရည်၊ အချိုရည် တင်ရောင်းမယ်။

"အမယ်လေး. . . ယောက်ျားရယ်။ ပင်ပန်းလွန်းပါတယ်။ ကြံရည်ရောင်းရင် ကြံရည်ကြိတ်စက်ဖိုး ငွေထပ်ရှာရဦးမယ်။ ပြီးတော့ အအေးဆိုင်အတွက် ဆိုင်ခုံရိုက်၊ ရေခဲတာရှည်ခံအောင် လုပ်ဖို့စီစဉ်၊ ပုလင်းတွေ၊ ဖန်ခွက်တွေဝယ်နဲ့ ကုန်စရာအများကြီးပဲ။ ဒီတစ်ခါဆရာကြီးဆီက ငွေထပ်ချေးလို့ မကောင်းတော့ဘူး။ အဲဒီလို ငွေချေးနေတာကို ကာလီမကြီးက သိနေပုံရတယ်။ ဆိုင်ရှေ့က တစ်ခါတစ်လေဖြတ်ရင် မျက်နှာကြီး ခုနှစ်ခေါက်ချိုး၊ ရှစ်ခေါက်ချိုးနဲ့ မကြားတကြား ပိုင်းလုံးမတွေ၊ ငါ့အိမ်က နွားကြီးဆီက ပိုက်ဆံတွေ မြူစားနေတာ၊ ဘာညာစောင်းမြောင်း ပြောသွားတတ်တယ်။ နဂိုကမှ စုန်းမကြီးလို ကြောက်စရာကောင်းတဲ့ သူ့အခွက်ကြီး အဲ့ဒီအချိန်မှာ မြင်ရတာ ချက်ချင်းတောင် သေသွားနိုင်တယ်"

"အေးလေ. . . သူတို့ဆီက ငွေယူထားခဲ့မိကြတာကိုး၊ သူတို့ပြုသမျှ ခံပေါ့ကွာ။ ယောက်ျားကိုက မိုက်တွင်းနက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အရင်ကတည်းက မသုံးဖြုန်းခဲ့ရင် ခုမြို့ပေါ်မှာ လက်ခထောင် နေနိုင်ပြီ။ တကယ်တော့ ရန်ကုန်ဘက်ကမ်း အလုပ်ဆိုတာတွေ ဟာ ဒီဘက်ကမ်းမှာ စီးပွားရေးအကွက်အကွင်းမရှိလို့ ဆက်လုပ် နေကြတာတွေပါ။ ကိုယ့်ဦးလေးသံဆိုင်သူဌေးကျတော့ သူ့ဆိုင် အရောင်းက ရန်ကုန်ဘက်မှာရှိတာကိုး။ တို့လိုလူတွေကျတော့ ရန်ကုန်ဘက်ကမ်းကို တကူးတက တက်စရာမလိုဘူး။ မီးဖိုလေး တစ်ဖိုနဲ့ ဘယာကြော်ဆီအိုးကလေးအတွက် အရင်းနည်းနည်း တည်ပြီး ကျောင်းတွေ၊ ရုံးတွေ၊ ဈေးတွေမှာ လိုက်ရောင်းရင် အခု ယောက်ျားလုပ်နေတဲ့ ပိုက်ဆံထက် အများကြီးတောင် ရနိုင်သေး တယ်"

"ဒါတွေကို ဟိုလူတွေလည်း သိမှာပေ့ါ။ ဘာဖြစ်လို့ မလုပ် ကြတာလဲ"

"သန်လျင်ဘက်မှာဆိုတော့ မီးဖိုးဆီကြော်အိုးနဲ့ ဟိုနေ ရာ ထိုင်ရောင်း။ ဒီနေရာထိုင်ရောင်းလုပ်ရင် ဘုရားကျောင်းတက် တဲ့ လူတွေ၊ ကိုယ့်အရပ်ကလူတွေ အထင်သေးပြီး နှိမ်ချဆက်ဆံ မှာကို တွေးကြောက်ပြီး ဒီကလူတွေနဲ့ဝေးရာ ရန်ကုန်ဘက်ကမ်း မှာ ဒီထက်စုတ်ပြတ်ပေးရတဲ့ အလုပ်ကို သွားလုပ်နေကြတာ။ သဘောပေါ်ကျတော့ သူလိုကိုယ်လို အဝတ်အစား၊ ခေါက်ရိုး မပျက်နဲ့ ဟဲလို ဘရားသား ဟောင်းဒူးယူဒူးတွေ ဘာတွေပြောကြ တော့တာ"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ယောက်ျားတောင်မှ ရွှေရေးအမျှော်ဒါမြင်ကောင်းတွေ ရန်ကုန်ဘက်ကမ်းကို အလုပ်ဆင်းမှ ရလာပြီကွဲ။ ဒါပေမဲ့ ရန်ကုန်ဘက်ကမ်းက အလုပ်ကိုတော့ မဆင်းဘဲမနေပါနဲ့ ယောက်ျားရယ်။ ဆရာကြီးက ပြောတယ်ရှင့်။ သူဌေးက ယောက်ျားကိုလစာဒီထက်တိုးပေးစရာရှိတယ်တဲ့။ တစ်နှစ်စေ့ရင်လည်း အထူးဆုကြေး ငွေပေးဦးမှာ။ ဒါကြောင့် ရန်ကုန်က အလုပ်ကိုင် မှန်မှန်ဆင်းပါ ယောက်ျားရယ်"

ကလက်ပြားက အရင်ကလက်ပြားမဟုတ်တော့ တွေးခေါ် မျှော်မြင်သုံးသပ်တတ်မှုတွေနဲ့ ကလက်ပြား ဖြစ်နေခဲ့လေပြီ။ ဒါပေမဲ့ သူ့မိန်းမ ပါးလ်လက်ချမီး ကိုယ်တိုင်က ရန်ကုန်ဘက်ကမ်းက အလုပ်ကို အထင်ကြီးနေခဲ့ပြီဆိုတော့ သူအလုပ်ကို မဆင်းချင်ဆင်းချင်နှင့် ဆင်းခဲ့ရသည်။

ထိုနေ့က ဘာဖြစ်သည်မသိ။ သူ့စိတ်တွေ အင်မတန်လေးလံနေခဲ့သည်။

* * *

စိတ်တွေ လေးလံနေသည့်အတိုင်းပင် မနက်ဘက် သိတာသဘော်ကြီးနှင့် အလုပ်ဆင်းရန် ရန်ကုန်ဘက်ကအကူး သူ့ဘကြီးမိုက်ကယ်ချင်းနယားနှင့် ပက်ပင်းတိုးသွားလေတော့သည်။ မိုက်ကယ်ချင်းနယားမှာ သူဌေးပီပီ ကိုယ်ပိုင်ကားနှင့် အလုပ်ဆင်းရှိသိတာသဘော်ပေါ်တွင် သူ၏ ကိုရိုလာကားကို တင်တက်သည်။

www.burmeseclassic.com



ရန်ကုန်မြို့ပေါ်ရောက်လျှင် သံထည်ပစ္စည်းရရှိနိုင်မည့် စက်ရုံ အလုပ်ရုံတွေကို နှေ့စဉ်သွားနေရ၍ ကားငှားစီးလျှင် စရိတ်မှသက်သာလှ၏။ ခုတော့ တန်ဆာခနှင့် တင်ယူလာနိုင်သည်။

သူ၏ ကားကလေးကို မှီရပ်နေရင်း ကလက်ပြားကို မြင်သွားသည်။

ကလက်ပြား ခြေလှမ်းတုန့်သွားစဉ် ဩဇာသံအပြည့်နှင့် လှမ်းခေါ်သည်။

"ဟေ့ကောင်. . . လာစမ်း"

ကလက်ပြား မလွှဲသာဘဲ မိုက်ကယ်ချင်းနယားရှေ့ ရောက်သွားသည်။

သူ့ဘကြီးဆီက ချေးထားသော ပိုက်ဆံ၊ အသင်းတော်က ယူထားသည့်ငွေကြေးကိစ္စ၊ ပြီးတော့ သူအရက်သောက်သည့် အကြောင်း ပြောလိမ့်မည်ဟု ထင်ပြီး ရင်ထိတ်နေသည်။

"မင်းအိမ် အဖောက်ခံရလို့ဆို။ ဆိုင်ကပစ္စည်းကော အိမ်ကပစ္စည်းတွေပါ တော်တော်များများ ပါသွားတယ်လို့ ကြားတယ်"

"ဟုတ်ကဲ့. . ."

"အဲဒါမျိုးကျတော့ ဘာလို့ ငါ့ဆီကို မလာတာလဲ"

"ဦးလေးကို ဒုက္ခမပေးချင်လို့ပါ"

လူတွေကြားမှာ ဘိုဆန်ဆန် စတိုင်ထွားနေသည့်ဖို့ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



ခေါ် လိုက်သဖြင့် မိုက်ကယ်ချင်းနယား နှာခေါင်းရှုံ့သွားသည်။ ဒါကို ကလက်ပြား သတိပြုမိသည်။

"ငွေတွေ ချေးထားပြီး ပြန်မဆပ်တာဟာ ဒုက္ခပေးတာပဲ မဟုတ်လား"

"နောက်တစ်မျိုး ထပ်ပြီး ဒုက္ခမပေးချင်လို့ပါ အန်ကယ်"

ကလက်ပြားအဖို့ လေပဲစိုက်ရသည်မို့ သိပ်အဆန်းမဟုတ်တော့။ ဦးလေးခေါ် ရာမှ အန်ကယ်ပြောင်း၍ ခေါ် ဝေါ် လိုက်သည်။

"မင်းက မင်းတို့လမ်းထိပ်က ကုလားဆရာကြီးရဲ့ တပည့်ဖြစ်နေပြီလို့ကြားတယ်။ သူက မင်းတို့လင်မယားကို ငွေတွေထုတ်ချေးပြီး အကူအညီပေးနေတယ်လို့ကြားတယ်။ ဒါကြောင့် ငါ့ဆီကို မလာတာ မဟုတ်လား"

"မဟုတ်ပါဘူး။ အန်ကယ့်ကိုကြောက်လို့ပါ။ ငွေအဆင်ပြေအောင်စုဆောင်းရင်း ကြွေးဆပ်စရာ စုမိဆောင်းမိရင် တစ်ခါတည်း လာကြမလို့ပါ"

"ဒီလောက် အရက်သောက်၊ ဖဲရိုက်နေတာ ဘယ်တော့မှ စုမိဆောင်းမိဖြစ်ပါ့မလဲကွ။ မင်းတို့ သားအဖနှစ်ယောက်စလုံးကို ဖျက်နေတာ အရက်ပဲ။ မင်းကသာ ငါ့ဆီကိုမလာပေမယ့် မင်းရဲ့ သတင်းတွေက ငါ့ဆီကိုရောက်ရောက်လာတယ်။ ကိုယ်ရထားတဲ့ မိန်းမက ငယ်ငယ်ချောချောလေး၊ ဂရုစိုက်ရမှန်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . ."

မဆီမဆိုင် သူ့မိန်းမအချောအလှ ငယ်ငယ်လေးဆိုသော စကား ပါလာသောကြောင့် ကလက်ပြား မျှော်လင့်ထားမှု မရှိသဖြင့် သူ့ဦးလေးကို အံ့ဩသလို မကြည့်ရဲသည့်ကြားက အရဲစွန့်၍ ကြည့်မိသည်အထိ ဖြစ်ရသည်။ ဒါတွေက ဘာဆိုင်လို့ ဘယ်ကနေ ရောက်လာရသလဲဟု အတွေးတစ်ချက်လည်း ဝင်သွား၏။

"အရက်ကိုသာ ဒီလိုသောက်နေမယ်၊ လောင်းကစားလည်း မလျှော့ဘူးဆိုရင် မင်းဟာ မြို့ပေါ်တက်လာပြီး ကိုယ့်ခွေးသတွင်း ကိုယ်တူးသလို ဖြစ်နေပြီ"

"အန်ကယ့်ကို ကျွန်တော်ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို မြို့ပေါ်မှာ ဆုံးမသွန်သင်မယ့်သူဆိုလို့ အန်ကယ်နဲ့ ကျွန်တော်တို့ဆရာကြီးပဲရှိတယ်။ ကျွန်တော်အရက်မသောက်၊ ဖဲမရိုက်ဘဲ နေဖို့ ဒီနေ့ပဲ ထာဝရဘုရားသခင်ထံမှာ သစ္စာပြုခဲ့ပါတယ် အန်ကယ်"

"မင်းစကားကိုတော့ မင်းအဖေစကားလိုပဲ ယုံရခက်တယ်။ ဒါထက် နေပါဦး။ မင်းကို မြို့ပေါ်မှာ သွန်သင်ဆုံးမယ့်လူက ငါရယ်၊ ဆရာကြီးရယ်ဆိုတော့ ဟိုကုလားဆရာကြီးကို ထည့်ပြောတာလား"

"ဟုတ်ပါတယ်။ အဲဒီဆရာကြီးဟာ ကျွန်တော်တို့ လင်

www.burmeseclassic.com



မယားအပေါ်မှာ ဆွေမတော်မျိုးမတော်ပေမဲ့ အင်မတန်ကောင်းပါတယ်။ စီးပွားရေးဘက်မှာလည်း ကူညီတယ်။ လူမှုရေးဘက်မှာလည်း အများကြီး အကူအညီပေးတယ်။ ကျွန်တော်တို့အိမ်ဖောက်ပြီးခိုးတဲ့ သူခိုးကို သွေးအန်သေအောင် သူ့ပညာနဲ့ စီရင်ပေးတယ်။ တကယ် အားကိုးရတဲ့ ဆရာကြီးပါ"

"ဒါ. . . မင်းကို အကူအညီပေးတာမဟုတ်ဘူး။ သူ့လိုပဲလူမှုန်းများအောင်လုပ်တာပဲ။ ရဲက ဖမ်းလို့မရသေးတဲ့အမှုမှာသူက ဘယ်လိုတရားခံ ဖော်နိုင်ပါ့မလဲ။ ငါကြားပြီးသားပါကွာ။ ဆိုက္ကားသမားဘအေးဟာ တီဘီရောဂါစွဲနေတဲ့ကောင်။ ဒါကြောင့် ဆိုက္ကားကို သူများလို ဟုတ္တိပတ္တိ အားစိုက်နင်းတာမျိုးမဟုတ်ဘဲ ဈေးပို့ ဈေးကြို ဈေးဝယ်ရှာပြီး သက်သက်သာသာ လုပ်စားနေတာ။ ဒီကြားထဲ မင်းလိုပဲ အရက်စွဲနေတော့ တိုက်မယ့်လူရှိရင် မထတမ်းသောက်လို့ သူ့ရောဂါထချိန်နဲ့တိုးပြီး သွေးအန်သေသွားရတာ"

"ဒါတော့. . . အန်ကယ်ရယ်။ ကျွန်တော်က ကိုယ်တွေ့မို့လို့ ယုံတာပါ။ ခုဆိုရင် သူ့အိမ်နားကော၊ ကျွန်တော့် အိမ်နားကိုပါ ညမိုးချုပ်ရင် ဘယ်လူစိမ်းမှ မကပ်နိုင်အောင်ကြောက်သွားကြပြီ"

"ဟော့ကောင် ကလက်ပြား၊ မင်းမြို့ပေါ်ကို တက်လာတဲ့ လူချည်းသက်သက် တက်လာတာမဟုတ်ဘူး။ ကွင်းထဲက ဟာတွေ



www.burmeseclassic.com

www.burmeseclassic.com



သဲရဲတွေကို ခေါ်လာတယ်နဲ့တူတယ်။ မင်းတို့ ဆရာကြီးဆိုတဲ့ ကောင်ဟာ အဲဒီတစ္ဆေသရဲတွေကို မွေးမြူခိုင်းစားနေတဲ့ အောက်လမ်းဆရာကြီးပဲ။ သူဟာ သူ့ကိုယုံကြည်တဲ့လူတွေကို ခြိမ်းခြောက်ဖြားဖြန်းပြီး စားသောက်နေတာကွ။ အဲ. . . သူ့ရဲ့မိန်းမ ကာလီမဆိုတဲ့ စုန်းမလိုလို အရုပ်ခပ်ဆိုးဆိုး မိန်းမကြီးက ရှိသေးတယ်"

"ဟာ. . . အန်ကယ်။ အဲ့ဒါ သူ့မိန်းမမှ ဟုတ်ရဲ့လား။ သူ့အစ်မလား။ အမေလားမသိဘူး။ အန်ကယ်စွတ်ပြီး ပြောမနေပါနဲ့။ မဟုတ်လို့ကတော့ သူသိသွားရင် အန်ကယ်ဒုက္ခရောက်နေပါဦးမယ်"

"ငါ မြို့ပေါ်ရောက်နေတာ ကြာပြီကွ။ သူတို့တောင်မှ ငါ့ထက် အများကြီးနောက်ကျပြီးမှ ညောင်သုံးပင်သချိုင်းနားက တက်လာကြတာ။ သူတို့ခုနေတဲ့ တိုက်အိုကြီးဟာ ကာလီမနဲ့ ဦးလေးတော်တဲ့ ကုလားအဘိုးကြီးရဲ့တိုက်ပဲ။ ကုလားအဘိုးကြီးကို ဆေးကုပေးရင်း အဲဒီတိုက်မှာပဲ နေကြရာက တိုက်ကို သူတို့ ရလိုက်တယ်။ ကုလားအဘိုးကြီး အမွေစားအမွေခံမရှိဘဲ သေဆုံးသွားလို့ သူတို့ရလိုက်တာပဲ။ အဘိုးကြီးပိုင်တဲ့ လယ်မြေတွေကိုတော့ အစိုးရက သိမ်းလိုက်တယ်။ ဒါတောင်မှ ကုန်းထိပ်က ခြံတစ်ကွက်ကို ရောင်းပစ်လို့ တယ်လီဖုန်းနဲ့ဘာနဲ့ ဟန်ကျပန်ကျ နေနိုင်တာ"

"အဲဒီလို ရလိုက်တာဟာ သူတို့ကံကောင်းတာပဲ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား အန်ကယ်။ ကံကောင်းအောင် အစီအရင်တွေ ကျွမ်းလို့ဖြစ်မှာပေါ့နော်"

"မှန်ကန်တဲ့နည်းနဲ့ မဟုတ်ဘဲ အချောင်ရလိုက်တာကို ကံကောင်းတယ်မထင်နဲ့ကွ။ ဒီလိုပဲ လူမိုက်၊ လူညံ့တွေဟာ တစ်ခါ တစ်လေ ကံကောင်းသွားတတ်တယ်။ အဲဒီ မင်းဆရာကြီး နာရယန်း ညောင်သုံးပင်မှာနေတုန်းက မိဘမဲ့ဘဝနဲ့ ဟိုအိမ်ကပ်နေ၊ ဒီအိမ်ကပ်နေရတဲ့ ကလေးကချေပဲကွ။ အဲဒါကို လင်သေမုဆိုးမ ဟိုမိန်းမကြီးက ခေါ်ပြီးမွေးစားရာက သူတို့ချင်းညားသွားကြတာပဲ။ အဲဒီ မိန်းမရဲ့ ပထမလင် ဆရာကြီးကမှ တကယ့်ကိုပညာတတ်တာကွ။ ကွင်းတွေထဲမှာ နာမည်ကြီး ဆရာကြီးပဲ။ သူ့ဆီကပညာကို သူ့မိန်းမကြီးက ဆက်ခံ၊ သူ့မိန်းမဆီက ပညာကိုမှ မင်းတို့ဆရာကြီး နာရယန်းကရလိုက်တာ။ ဒါကြောင့် မင်းတို့ဆရာကြီး နာရယန်းဟာ အဲဒီမိန်းမကြီးကို ဘယ်တော့မှ မလွန်ဆန်ရဲဘူး"

ကလက်ပြားအဖို့ သူဦးလေး မိုက်ကယ်ချင်းနယား၏ ပြောစကားတွေနှင့် သူ့ကိုယ်တွေ့များကို နှိုင်းယှဉ်တွေးတောစပြုလာခဲ့သည်။

သို့သော် သူ့ဆရာကြီး၏ မကောင်းကွက်များ တစ်စက်မှ တွေး၍မရ။ သူတို့လင်မယားအပေါ်မှာ အင်မတန်ကောင်းတာကိုပဲ မြင်သည်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးထံ ယုံယုံကြည်ကြည် လာကြသူတွေမှာ အထက်တန်းစားတွေပါ ပါဝင်သည်။ ဆရာကြီးမှာ အစွမ်းအစတွေ မရှိဘဲ နှင့်တော့ မနေ။

သူဦးလေးနှင့် ဆရာကြီးကြားမှာ ဘယ်လို အကြိတ်အခဲတွေများ ရှိနေသည်လဲဟု လှည့်၍ တွေးကြည့်မိပြန်သည်။ ချက်ချင်း ဆက်စပ်၍မရနိုင်ခဲ့။

"ဆရာကြီးက သူ့ပညာနဲ့သူ ကျွန်တော်တို့ဘက်မှာတင်မက ရန်ကုန်မြို့ပေါ်က လူတွေလာပြီး အားကိုးအားထား ပြုနေရတဲ့ သူပဲ။ သူကိုယ်တိုင်လည်း စွမ်းလို့နေမှာပေါ့ အန်ကယ်"

"လူတွေဟာ ဒီလိုပဲကွ။ ငါလည်းကွင်းတွေထဲမှာ သံတွေ လိုက်စု၊ တဲပုတ်နဲ့နေတုန်းက ဒီလောက်ဖောက်သည်မများဘူး။ ငါ တောင်းသလောက်ဈေးလည်းမရဘူး။ တယ်လီဖုန်းနဲ့ တိုက်နဲ့ ကားနဲ့လည်းဖြစ်ရော လာလိုက်ကြတဲ့ ဖောက်သည်တွေ။ ဘယ့်နှယ်ကွာ၊ ကွင်းထဲက သံတိုသံစလည်းသံပဲ။ မြို့ပေါ်ကတိုက်ထဲက သံဟာ လည်းသံပါပဲကွ။ ဘယ်သံမှ ရွှေအဖြစ် ပြောင်းသွားတာ မဟုတ်ပါဘူး"

သူတို့ တူအရီးနှစ်ယောက် စကားအချေအတင် ပြောနေစဉ် သဘော်မှာ ပဲခူးမြစ်မှ ပုဇွန်တောင်ချောင်းအတွင်း ဝင်လာကာ မကြာခင် သီတာဆိပ်၌ ဆိုက်ကပ်တော့မည်ဖြစ်၍ နားပူနေမိ ဖြစ်သော ကလက်ပြား ဝမ်းသာသွားသည်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဦးလေးဖြစ်သူ မိုက်ကယ်ချင်းနယားကလည်း သတိပြုမိဟန်တူ၏။

"မင်းတကယ် အရက်ဖြတ်ပြီး လောင်းကစားမလုပ်တော့ဘူးလို့ ပြောတာကို ငါတစ်ဝက်ယုံလိုက်မယ်။ မင်းကို ငါစောင့်ကြည့်ရမှာပေါ့ကွာ။ လောကကြီးထဲမှာ လူတွေကို မျက်စိမှိတ်ပြီး မယုံကြည်ဖို့ လိုတယ်ကွ။ မျက်စိကိုဖွင့်ထား။ ရေဆုံးရေဖျားကြည့်။ ယုံသင့်မှယုံ။ လူတွေကို လေ့လာတတ်ရင် မင်းချမ်းသာကြီးပွားဖို့ လမ်းကြောင်းပေါ် စရောက်လာတာပဲ။ မင်းကိုမင်း ပြင်ပြီဆိုရင် တနင်္ဂနွေနေ့တိုင်း မင်းမိန်းမနဲ့အတူ ဘုရားရှိခိုးကျောင်းကို ဝတ်ပြုဖို့ မှန်မှန်လာခဲ့ကြားလား"

"ဟုတ်. . . ဟုတ်ကဲ့အန်ကယ်။ အန်ကယ် ကျွန်တော့်ကို ခွင့်လွှတ်ပြီး ဆုံးမစကားပြောတာတွေကြားရတော့ ကျွန်တော်အရမ်းဝမ်းသာသွားပြီ။ ဒီနေ့ကစပြီး ကျွန်တော်မမိုက်တော့ပါဘူး အန်ကယ်။ ဘုရားရှိခိုးကျောင်းကို တနင်္ဂနွေနေ့တိုင်း ဝတ်ပြုဖို့ ကျွန်တော့်မိန်းမ ပါးလ်ကိုခေါ်ပြီး မှန်မှန်လာခဲ့ပါ့မယ်"

* * *

ထိုနေ့က အလုပ်သိမ်ဆင်းနေရသည်။ ကလက်ပြား၏ စိတ်တွေ ဂဏာမငြိမ်တော့။

မန်နေဂျာကို အကျိုးအကြောင်းပြောပြီး အိမ်ကိုပြန်



www.burmeseclassic.com

www.burmeseclassic.com



ရန် ကြံစည်မိသည်။

သို့သော် သူဌေးနှင့်သူ၊ ဆရာကြီးအာရ်ကေနာရယန်းတို့နှင့် တိုင်ပင်ပြီး အလုပ်ဝင်ထားသည့်ကိစ္စဖြစ်၍ သူဌေးနှင့်တွေ့ပြီး သူဌေးကျေနပ်အောင် ပြောဆိုပြီးမှပြန်ရန် တွေးမိပြန်သည်။ အဆင်ပြေလျှင် သူ့အနေနှင့် တစ်ခါတည်း ထိုအလုပ်မှ နုတ်ထွက်မည်ဟု ဆုံးဖြတ်ထားခဲ့သည်။

ဖြစ်ချင်တော့ ထိုနေ့မှာမှ သူဌေးက အလုပ်ခွင်သို့ ရောက်မလာ။ ပဲအရောင်းအဝယ်ကိစ္စဖြင့် ပြည်သို့ ခရီးလွန်နေသည်ဟု သိရသည်။

ကလက်ပြားအနေဖြင့် အိမ်မှာ ဆိုင်ဖွင့်သည့်ကိစ္စကို အလေးအနက်ထားမိ၍ သူ ရန်ကုန်ဘက်ကမ်းသို့ အလုပ်မဆင်းတော့ဘဲဆိုင်ကို ဂရုစိုက်ဖွင့်တော့မည်ဟုပြောခဲ့စဉ်က သူ့အဆုံးအဖြတ်တွေမှာ ယခုလို အခိုင်အမြဲကြီးမဟုတ်။

သူတို့သန်လျင်မြို့မှာ ရန်ကုန်ဘက်ကို မကူးဘဲ လုပ်ကိုင်စားသောက်လျှင်အလုပ်တွေ အများကြီးရှိသည်။ သို့သော် ဇွဲရှိရှိနှင့် မရှက်မကြောက် လုပ်ကိုင်တတ်ဖို့တော့ လိုသည်။

သူတို့မှာ သားသမီးမရှိ၊ လင်မယားနှစ်ယောက် ဒိုးတူပေါင်ဖက် တက်ညီလက်ညီလုပ်နိုင်သည်။ သူ့ဘက်က မှားတာတွေ ပြင်ဆင်ရုံနှင့် ဈေးဆိုင်ကလေးက အိမ်စီးပွားရေးကို ထိန်းထားနိုင်သည်။ အောက်တန်းကျသည့် ထင်ရပေမည့် ရေထင်ရောင်



www.burmeseclassic.com

www.burmeseclassic.com



ဦးမလား။ အိုးမကွာအိမ်မကွာ ထမ်းရောင်းနိုင်သည်။ ကိုယ်ကိုယ်တိုင်တောမှာ ကြီးပြင်းလာခဲ့ရသူမို့ အုန်းပင်တက်မလား။ ထန်းပင်တက်မလား။ သစ်ပင်ခုတ်စားမလား ရသည်။ သူ့လိုပညာမတတ်သူအဖို့ အလုပ်ကြမ်းလုပ်နိုင်လျှင် အလုပ်တွေအများကြီး။ ရပ်ကွက်အတွင်းမှာကို ရှိသည်။

ထိုသို့ အိုးမကွာ၊ အိမ်မကွာ လုပ်ကိုင်ရင်း ဆိုင်မှလိုအပ်သမျှ ကုန်တွေသွားဝယ်ပေးနိုင်သည် ငွေလေးနည်းနည်းစုမိလျှင် ဆိုက္ကားဝယ်ပြီး ကိုယ်ပိုင်နင်း၍ အိမ်ကိုစျေးဝယ်ပေးက ပိုပြီးအဆင်ပြေနိုင်သည်။

ဆိုက္ကားဝယ်ဖို့ ခြိုးခြံစားမည်။ အလုပ်ကိုကြိုးစားလုပ်၍ ငွေစုမည်။ ဦးလေးကိုလည်း အပူမကပ်တော့။ ငွေကြေးနှင့် ပတ်သက်၍ သူတို့ယူသုံးတာများသဖြင့် ညည်းညူစပြုနေပြီဖြစ်သော သူ့ဆရာကြီး နာရယန်းဆီမှာလည်း အောက်ကျနောက်ကျ မခံတော့။

သူ့အနေနှင့် သူများယောင်တိုင်း လိုက်ယောင်ပြီး ရန်ကုန်မှာ အလုပ်ဆင်းရမည်ကို အားကျကာ ရန်ကုန်ဘက်ထွက်လာခဲ့၍ ဆိုက္ကားသမားဘအေးက သူ့လစ်ဟာနေသည့်နေရာကို ဝင်ယူပြီး အိမ်ကို ဝင်မွှေသွားခြင်းဖြစ်၏။

သူ့ဦးလေးပြောသလို လူတိုင်းကို ယုံကြည်၍မရ။ လောကကြီးမှာ သစ္စာရှိသူတွေနည်းသည်။ အခွင့်အရေးချောင်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ချောင်သလို လုပ်တတ်ကြသည်။

ကလက်ပြားက တောသား။ ကွင်းကုလားပီပီ လယ်ထဲယာထဲ ကွင်းထဲမှာ ကြမ်းကြမ်းတမ်းတမ်းနေခဲ့ရ၍ အရက်သောက်၊ ဖဲရိုက်သည့် စရိုက်ဆိုးသာပါသည်။ သူများပစ္စည်းကို ဘယ်သောအခါမျှ မတရားလုပ်လေ့မရှိ။ အခြား မတော်တရော်များကိုလည်း လုပ်ကိုင်ဖို့ မပြောနှင့် စိတ်ပင်ကူးမိသည့်သူမဟုတ်။ သူ့အတွေးတွေထဲမှာ သူ့မိန်းမ ပါးလ်လက်ချမီး ဝင်လာခဲ့သည်။

ပြီးတော့ သူက မဆီမဆိုင်ဟုထင်ခဲ့သော သူ့ဦးလေး၏ ပြောစကားတွေထဲမှ သူ့ရင်ကို အထိခတ်ဆုံးစကားတွေကို ပြန်ကြားနေမိပြန်သည်။

"ဒီလောက် အရက်သောက်၊ ဖဲရိုက်နေတာ။ ဘယ်တော့မှ စုမိဆောင်းမိဖြစ်ပါ့မလဲကွ။ မင်းတို့သားအဖ နှစ်ယောက်စလုံးကို ဖျက်နေတာ အရက်ပဲ။ မင်းကသာ ငါ့ဆီကိုမလာပေမယ့် မင်းရဲ့ သတင်းတွေက ငါ့ဆီကို ရောက်ရောက်လာတယ်။ ကိုယ်ရထားတဲ့ မိန်းမက ငယ်ငယ်ချောချောလေး။ ဂရုစိုက်ရမှန်း မသိဘူး"

"ငါ. . . ရထားတဲ့ မိန်းမက ငယ်ငယ်ချောချောလေးဆိုတာ လူတိုင်းကပြောကြတာပဲ။ ငါ မူးရူးနေပြီး အိမ်ကိုညဉ့်နက်မှ ပြန်ပြန်ရောက်တဲ့အတွက် ကြားက ဆိုက္ကာသမားဘအေးဝင်ပြီး ကြာကူရီ မရိုက်တာ တော်သေးတာပေါ့။ ပစ္စည်းကိုခိုးပြီး လူကို



www.burmeseclassic.com

www.burmeseclassic.com



ယူမသွားတာ ငါကံကောင်းတာပဲ။ အို. . . ငါ ဘာတွေတွေးနေတာလဲ။ ငါ့မိန်းမ အချောအလှ ငယ်ငယ်ရွယ်ရွယ်ကလေးက ဘာအေးလို ကောင်စားကို စိတ်ကူးပါ့မလား။ အလကားနေရင်း ငါဟာ ငါ့မိန်းမ သိက္ခာကို စော်ကားနေမိပြန်ပြီ"

ထိုနေ့က အရက်တစ်စက်ကလေးမှ မသောက်ဖြစ်အောင် စိတ်ကို ချုပ်တည်းနေရ၍ အတွေးတွေကလည်း ကယောက်ကယက် ဖြစ်လျက်ရှိသည်။

ညနေ အလုပ်သိမ်းချိန် ငါးနာရီကျတော့ မန်နေဂျာထံမှ နေ့တွက်ငွေတစ်ဆယ်ထုတ်ပြီး လုပ်ငန်းခွင်မှ ထွက်လာခဲ့သည်။

ဒါတောင်မှ သူ့ခြေလှမ်းတွေက အရက်ဆိုင်ဘက်သို့ ဦး တည်မိသေးသည်။

"အို. . . မဖြစ်ပါဘူး။ ငါ့ဘဝဟာ ဒီအရက်ကြောင့် အဆင်မပြေဖြစ်နေရတာ။ ငါယောက်ျားပဲ။ ငါ့ဦးလေးကို ပြောထားတဲ့အတိုင်း ကတိတည်အောင် ထိန်းရမယ်။ ငါ့အတွက် ငါ့မိန်းမအတွက် ထိန်းသိမ်းရမှာ။ ဘာလို့ မထိန်းသိမ်းနိုင်ရမှာလဲ"

ကလက်ပြား စိတ်ကို မနည်းထိန်းပြီး သင်္ဘောဆိပ်ရှိရာသို့ ကြိုးစားလျှောက်လှမ်းလာခဲ့သည်။

သို့ဖြင့် ညခုနစ်နာရီခေါက် တိုင်းလုံးကျော်သင်္ဘောနှင့် သန်လျင်ဘက် ကူးလာဖြစ်တော့သည်။ ခါတိုင်းအရက်သောက် ခဲ့ကဆိုလျှင် ညကိုးနာရီလေးဆယ့်ငါးခေါက်မှ ရေးဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



သန်လျင်ရှိ အိမ်သို့ ပြန်ရောက်ချိန်မှာ ညဆယ့်နှစ်နာရီဝန်းကျင်။

* * *

တကယ်တော့ ညခုနှစ်နာရီခေါက်သည်လည်း မိုးချုပ်သည်ပင်။

သန်လျင်ဘက်ကမ်းသို့ ညရှစ်နာရီခွဲ သင်္ဘောကပ်သည်။

ကမ်းနားသင်္ဘောဆိပ်မှ မြို့ထဲသို့ ကားတစ်တန်စီးရပြန်သည်။

ကလက်ပြား ပဲခူးစုအနောက်ခြမ်းရှိ သူ့အိမ်ရှိရာလမ်းသို့ အဝင်မှာ ညသည်မှောင်မိုက်သွားပေပြီ။ တိတ်ဆိတ်ငြိမ်သက်ခြင်းက ကြီးစိုးထား၏။

သူတို့ရပ်ကွက်မှာ လက်လုပ်လက်စားများပြီး မနက်စောစော အလုပ်ခွင်ဝင်ကြရမည့်သူတွေချည်းဖြစ်၍ စောစီးစွာပင် အိပ်ရာဝင်ကြသည်။ ကလေးငတွေပင် လမ်းပေါ် ထွက်မကစားကြတော့။

ကလက်ပြား အိမ်ရှေ့သို့ ရောက်သောအခါ သူ၏အိမ်ဆိုင်ကလေးမှာ ပိတ်ထားနှင့်လေပြီ။

သူ့မိန်းမ ပါးလ်လက်ချမ်းတစ်ယောက် တစ်နေ့လုံးစျေးဆိုင်ထိုင်ရောင်းနေရ၍ ပင်ပန်းပြီး အိပ်မောကျနေရှာသည်။

သူပြန်မရောက်လာသေး၍ ခြံစည်းရိုးအိုခါးသော့ကို



www.burmeseclassic.com

www.burmeseclassic.com



သော့ ခတ်မထားသဖြင့် ခြံစည်းရိုးတံခါး အသာအယာ ဖွင့်လိုက်သည်။

အိမ်ထဲမှာ ထွန်းထားသော ညအိပ်မီး (၁၅) တိုင်အားမှ အလင်းရောင်မှိန်မှိန်စိုစိုကလေး ဝါးထရံကြားပေါက်ကလေးမှ စိမ့် ထွက်နေသည်။

ကလက်ပြား အိမ်တံခါးနီးသို့ လျှောက်လာပြီး အပြင်မှ တွန်းဖွင့်ကြည့်သည်။ တံခါးကို အထဲမှ မင်းတုံးထိုးထားကြောင်း သိရ၍ အသာတွန်းလှုပ်ကာ သူ့မိန်းမပါးလ်လက်ချမီးကို ခေါ်လိုက်သည်။

"ဒုံး. . . ဒုံး"

"ပါးလ်. . . ပါးလ်ရေ"

"ဟင်. . ."

"ဟာ. . ."

အိမ်ထဲမှ သူ့မိန်းမ ပါးလ်လက်ချမီးအသံနှင့် ယောကျ်ားတစ်ယောက်အသံကို မမျှော်လင့်ဘဲကြားလိုက်ရ၍ ကလက်ပြား အံ့အားသင့်သွား၏။

ထိုအချိန်မှာ အိမ်ဘေးပြင်တင်းပေါက် ပွင့်သွားပြီး အိမ်ပေါ်မှ တစ်စုံတစ်ယောက် ခုန်ချလိုက်သံကို ကြားလိုက်ရသည်။

"ဝုန်း. . ."

"ဒုန်း. . ."



www.burmeseclassic.com

www.burmeseclassic.com



အသံတွေနှင့်အတူ မည်းမည်းကောင်ကြီး ဖြတ်ထွက်သွားသည်ကို မြင်လိုက်၍ ကလက်ပြား တုန့်ဆိုင်းမနေဘဲ ထိုအကောင်ကြီးအား အမိဖမ်းရန် အပြေးခုန်အုပ်သည်။

"ဝုန်း. . ."

"အား. . ."

"မီးညောင်. . . ဝေါင်း. . . ဝေါင်း. . ."

"ခွီး . . . ချူး . . . ခွီး"

မည်းမည်းကောင်ကြီးကို မမိလိုက်ဘဲ ကြောင်ကြီးတွေနှင့် ခလုတ်တိုက်မိပြီး ကလက်ပြား လဲကျကာ အိမ်ကပြင်နှင့် ဦးခေါင်းကို အရှိန်ပြင်းစွာ ဆောင့်မိသွားလေသည်။

ကလက်ပြား မည်းမည်းကောင်ကြီးကို အာရုံမစိုက်နိုင်တော့ဘဲ သွေးအိုင်ထဲမှာ လဲကျသွားလေသည်။

* * *

ကလက်ပြား ဘာတွေဖြစ်နေသလဲဆိုတာကို ချက်ချင်းစဉ်းစား၍မရ။

ပထမဆုံး မှတ်မိတာက သူ့ဆီကို လက်ခြောက်ဘက်နှင့် ကာလီမယ်တော်ကြီးရောက်လာကာ လက်တစ်ဘက်ဖြင့် သူ့ခေါင်းမှ ဒဏ်ရာကို သပ်ချပေးနေသည်။

သူ ကာလီမယ်တော်ကြီး၏ မျက်နှာကို ရိုသေစွာမော့ကြည့်နေစဉ် ဆရာကြီးအာရ်ကေနာ့ရာယန်းနှင့်အတူ ရှိနေသော



www.burmeseclassic.com

www.burmeseclassic.com



စုန်းမအိုကြီးလို မျက်နှာနှင့် ပုံဆိုးပန်းဆိုး ကာလီမကြီးဖြစ်နေ၍ ထိတ်လန့်သွားရပြန်သည်။

ထိုကာလီမကြီးက ကျန်လက်တစ်ဘက်တွင် မှိန်းတံကို ကိုင်၍ ကျန်လက်တစ်ဘက်တွင် သားလှီးဓားကြီးကိုကိုင်ပြီး သူ့အနားသို့ ရောက်လာသော ဆရာကြီးနာရာယန်းကို ရက်ရက်စက်စက် ထိုးခုတ်သတ်ဖြတ်လိုက်ပြန်သည်။ ဆရာကြီးနာရာယန်း၏ နတ်ဘုရားရုပ်တုခန်းမှာ သွေးတွေ လွှမ်းသွားပြီ။

မြင်ကွင်းတွေက ချောက်ချားစရာတွေမို့ ကာလက်ပြား လန့်အော်သည်။

"အမယ်လေး... လုပ်... လုပ်ကြပါဦး။ သတ်ကုန်ပြီ သတ်ကုန်ပြီ"

ကာလက်ပြား အော်ဟစ်ရင်း ကုန်းထသည်။

သူ့ထ၍မရ သူ့လက်တစ်ဘက်တစ်ချက်ကို တစ္ဆေသရဲတွေက ဝိုင်းဝန်းဆွဲထားကြပြန်သည်။ ထိုတစ္ဆေသရဲတွေထဲမှာ မကြာခင်က သွေးအန်သေသွားသော ဆိုက္ကားသမားဘအေး လည်းပါသည်။

ဆရာကြီးနာရာယန်း အလောင်းကြီးပေါ်သို့ စုန်းမအိုကြီးက ဓာတ်ဆီတွေ ပုံလိုက်လောင်းသည်။ သူမ၏ တစ်ကိုယ်လုံးခြုံထားသော 'ဆာရီ' ပါမကျန် ရွှဲနစ်နေအောင် ဆွတ်ဖျန်းသည်။

ပြီးမှ ဆရာကြီးနာရာယန်း၏ လဲကျနေသော အလောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးပေါ်သို့ သူမ၏ ခန္ဓာကိုယ်ကို မှောက်ချလိုက်ပြီး လက်တစ်ဘက်မှာ ကိုင်ထားသည့် မီးခြစ်ကို ခြစ်ချလိုက်သည်။

"ဝုန်း . . . ဝုန်း"

"ဝေါ . . . ဝရော . . . ရော"

ရုပ်ချည်းပင် မီးလောင်ဖိုကြီးတစ်လုံး၊ ပေါက်ကွဲလောင်မြိုက်သလို ဝုန်းခနဲ ထတောက်ကာ အလျှံညီးညီး လောင်မြိုက်လေတော့သည်။ မီးညွန့်မီးစွယ်တွေက စုန်းမအိုကြီးနှင့် ဆရာကြီးနာရယန်းကိုသာမက ဆရာကြီးနာရယန်း၏ နတ်ဘုရားရုပ်တုတွေနှင့် နတ်ဘုရားခန်းကိုပါ တဒင်္ဂအတွင်း ပြာကျသွားသည်။

"ဖောင်း . . ."

"အုန်း . . ."

"ဝူး . . . အူး . . . ဟူး . . . ဟူး"

ပေါက်ကွဲသံကြီးတွေ တစ္ဆေသရဲ မကောင်းဆိုးရွားကောင်တွေ၏ အော်ဟစ်သံ၊ ပြေးလွှားသံ၊ ရုန်းကန်တွန်းထိုးသံတွေကြားမှာ ကြောင်နက်ကြီးတွေ၏ အော်ဟစ်မာန်ဖီသံတွေကိုပါ ကြားလိုက်ရ ပြန်သည်။

"မီး . . . ညောင်း . . . ဝေါင်း"

"ခွီး . . . ခူး . . . ခလူး"

သည်ကြားထဲ သူ့မိန်းမ အချောအလှမလေးကလွှဲနေပွဲထိုင်သွားမည့်ဟန် အဝတ်သစ်အစားသစ်ဖြင့် အစွမ်းကုန်ခြယ်သ



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ထားပြီး ကလက်ပြားကို မီးပုံကြီးထဲ အတင်းဆွဲခေါ် နေ ပြန်သည်။ မီးတွေက အရှိန်ကောင်းကောင်းနှင့် မခံမရပ်နိုင် အောင် ပူပြင်းလောင်မြိုက်တုန်း။

"သွား. . . သွား အဲဒီမီးတွေထဲကို ငါမလိုက်ဘူး"

ကလက်ပြား သူ့မိန်းမလက်ထဲမှ တအားဆောင့်ရုန်းပြီး အတင်ခုန်ထွက်ခဲ့သည်။

နောက်မှ တစ္ဆေသရဲ မကောင်းဆိုးရွားအော်သံတွေ၊ စက် ဆုပ်ထိတ်လန့်ချောက်ချားစရာ အနိဋ္ဌာရုံတွေ ကျန်ရစ်ခဲ့ပြီ။

* * *

"ဟော. . . သူ. . . သူသတိပြန်ရလာပြီ။ ကလက်ပြား ကလက်ပြား"

"သား. . . သား. . . ငါ့သား သတိထားမှပေါ့"

ကလက်ပြားနားထဲမှာ သူ့အမေ၏အသံနှင့် သူ့အစ်မ စန်းသီမေရီ၏အသံတွေကို ကြားလိုက်ရသဖြင့် နားမလည်နိုင်အောင် ဖြစ်သွားရသည်။

သူ့ခေါင်းတစ်ခုလုံး အုံ့ခဲ၍ နာကျင်နေပါသေးသည်။

ရုတ်တရက် ခေါင်းကို ကိုင်စမ်းကြည့်မိတော့ ပတ်တီး အထပ်ထပ် စည်းထားသည့်အဖြစ်ကို သတိထားလိုက်မိသည်။

ဆေးနံ့တွေနှင့် မွှန်ထူနေသော ဆေးရုံ၏ လူနာကုတင် တစ်လုံးပေါ်တွင် သူရောက်ရှိနေသည့်အဖြစ်ကို မယုံနိုင်စရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် နေသည်။

အကျည်းတန်စုန်းမကြီးနှင့် ဆရာကြီးနာရယန်းတို့၏ ထိတ်လန့်ချောက်ချားစရာ မြင်ကွင်းတွေက သူ့မျက်စိထဲကခုတိုင် ပျောက်ပြယ်၍ မသွားသေး။

"ကျွန်. . . ကျွန်တော်. . . ဘာဖြစ်တာလဲဟင်. . . အမေနဲ့အစ်မ"

"နင့်ဆရာကြီး နာရယန်းအိမ်ကို မီးလောင်လို့ လူတွေက ညကြီးသန်းခေါင် ဝိုင်းငြိမ်းကြရင်း နင့်ကိုပါ နင့်ခြံထဲမှာ ခေါင်းကဒက်ရာနဲ့ လဲကျနေလို့ လူတွေက ဆေးရုံကို ပို့လိုက်ကြတာလေ။ နင်ဆေးရုံမှာ သတိမရဘဲ မေ့မြောနေတာ သုံးရက်တောင် ရှိသွားပြီ။ မသေကောင်း မပျောက်ကောင်းပါလား ကလက်ပြားရယ်"

ကလက်ပြား အစ်မဖြစ်သူ စန်းသီမေရီ၏ စကားကြောင့် ပိုပြီး တုန်လှုပ်ချောက်ချားသွားရပြန်သည်။

သည်ကြားထဲ ကလက်ပြား၏မိခင်ကြီးက . . .

"နင်တို့ ဆရာကြီးအိမ် မီးလောင်လို့ နင်တို့ဆရာကြီးကော၊ ဟိုအဘွားကြီးပါ မီးလောင်သေသွားတာက ထားလိုက်ပါတော့။ နင့် မိန်းမက ဘာမဆိုင်၊ ညာမဆိုင် အဲဒီနေ့မှာ အဆိပ်သောက် သေရတာလဲ မသိဘူး"

ကလက်ပြား မိခင်ကြီးစကားကြောင့် ကလက်ပြားသည်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမအချောအလှလေး ပါးလ်လက်ချမ်းကို သတိရပြီး အသည်းတွေ တစ်စစီ ဆွဲဖွဲ့ခံလိုက်ရသည့်နှယ် ခံစားလိုက်ရရှာသည်။

သို့နှင့် တစ်ဆက်တည်း။

"နင်တို့ ကိုယ့်ကိုယ်ကို သိကြနော်။ မဟုတ်တာလုပ်ရင် ကာလီမယ်တော်ကြည့်မနေပါနဲ့။ အကုန်လုံးသေချင်းဆိုးနဲ့ သေပါစေ"

ဟု ပြောလိုက်သော ဆရာကြီး နာရယန်း၏ စုန်းမလိုလို အရုပ်ဆိုး အကျည်းတန်မကြီး၏ စကားတွေကို ကြားယောင်လိုက်မိပြန်လေသည်။

BURMESE CLASSIC

ကျော်မင်းနိုင်



www.burmeseclassic.com